" ဖှာပ်မန်ဒးလေပ်လိက်မန် တာ လျှိုင်ဂကူ ကိုပြေပ်ညိ သာ်ဝွံ ဝွံဆိုကေတ် တဲ့ " သော်ဇကုဂြ် ဓဝ်ပိတိတအ် ဒိပ် စိုပ်တိုန် အာနိစိုပ်ကွဟ်ရ။

မိချောင်မှို့တံ စိုပ်ကွာညိတဲ့ကေတ် လပ်ဒှာ်ဂတရ၊

" ကွိစက်သိရိမျာင် စိုပ်ရ။ "

ဝွံမိင်ကေတ်တဲ့ သွတ်ဝုတ်ဗွဲတအ် ကို ညးဖ္ဍော်တအ်ကို ဇက်တိုန်ကျုင်လ္ဒ ဘာအိုတ်ရ။

ကာလမိချောင်မှို့ ကျောဝ်သိုအာ မှိုဟ်တံဂှ်မွး " အို " ညုင်တိသုန္ဒြဂေတ် ပါထကး အာစါကရေက် ဂှ်သွးဒုင်စ သိုင်ရ။ မတ်ဇကုပေါင် ဟွံဂံင်ပတော့် ကွေင်ရုံင်အာ မွဲဝါပ္ဒန်မွး ဖျုန်ပြိုဟ်တော် ချိလျုတ်ခွတ်တိုန်ရ။

" ဇမွှာ "

မိဇမွှာ လေပ်ကိုုဟ်ကေတ်သွိုင်ဖ္ဍုင် တအ်ဂှ်တဲ့ သွးတိုန်ရ၊

" အံင်မြမောဝ်ဂှ် နှ်သ္ကိုပ်မန်ခေတ် တို့မွဲရ၊ စီဇန်လွှုဟ်ဂှ်လေပ် ညးရဖန်ဖက် စီဇန်လပ် ကွာဟွံတိတ်ကျုင် မိုဏံဂှ်နေ့် ကွာန်မန်မွဲတဲ့မွဲ စန်ဒက်ကျုင်တဲ့ လွှုဟ် အတိုင် မှို့ ဆိုဂှ်ရ၊ အံင်မြမောဝ် ကွေင် ၆ နူချင်အောန်ဂလာန်တဲ့ ပိုတံချိဒရောင် ကျုင် ပရေင်ဂကူရ၊ ပွဲတက္ကသိုမတ်မလို ဂှ် လွှုဟ်မဒှ် ကဆံင်ကထိကဂှ် ယိုက် ဝေင်တာလျှိုင် ပရေင်ပညာရ "

မိချောင်မှို့ ဟွံသွးတ်မွဲသာ် သိုတ် ဖြအာရ၊ သွိုင်ဖ္ဍုင်မွးဂှ် ပြုင်သွာဲလေပ် ကွေ့ရ၊ အခိင်ဟိုဂှ် နှ်ဂဖုတ်ဖ္ဍော်မွဲတဲ့ သ္ဂုတ်သွါတ်ကို သွိုင်ဖ္ဍုင်မှိုဟ်မာန်။

အံင်မြမောဝ် ဟိုသ္ကိုန်ဂလာန်ပံက် တ် အသေအဟာန် ရ၊ သွတ်မန်တအ် သေွာ်ညီသာသွတ်သွန် ညုင်ဝွံမင်မွဲထိင် ဒက်အာဲတွဲဂကူ၊ တာလျှိုင်ဂကူညုင်ဝွံ ပြေပ်ဂှ် ဒှော်ဗ္ဂောန်တဲ့ အုပ်ကေ့နိဂိုရ၊

အယောဗျိုပုင်တူတူ သွဖျုန်ကိုက် တအ် သွော်စနိုဟ်ကိုလေပ် မိချောင် မှို့ ဝွံတိရှ်သာ ဆစိုတ်စမဟိုစဝွံရ။

အံင်မြမောဝ် ဆိုညာတ်ကျုင် မိ ချောင်မှို့တဲ့ အမ်သပ်မိပ်မြဟ် သော့ာင်

သွင်အာ ဟွံအိုတ်ပ္တိတ်ကိုလေဝ် သွက် သေွ္ာံဖြပ်အာဇရေင် မိဍောင်မ္ဂိ ဂှ်ထံက် မုက်အိမြိသိက္ဍာကိ နဇကုစိဇန်ဒှ်င် ပ ရေင်ကမ္ဂောန်တအ်တဲ့ ဟွံဂွံအခေါင်ဏီ ရ၊

ပွဲဘာတိုင်တွ့ ( ဒယိုင်ကွ့ ) အ ယောတတ်ကြတ်အာကျင် ကွိန်ချင်တအ် ဂှ် မဒံအ်ငမြမောဝ် သောင်ထွးကိုသွတ် ဝတ်စုဲတဲ့ရ

ပွဲပါင်ကြင်ချင်ဂှ် သွတ်ဝတ်ဝါခ္ဂ တအ် ဆက်ပ္တံက်မိတ်ကို ကောန်သွတ် ဝတ်စုဲ ဂမ္ဂိုင်တဲရ၊

တိနန်ကွံသွဝ်ဝါခရှ် သွင်တိုန် ညင်ကောန်နီ မွဲတဲ့ တွံဆုဇုန်ဇ္ဂော်ဇ္ဂော် တအ် ဇိဍိုပ်ဍံဒှ်င်အိုတ်တဲ့ လဆောဝ်ဂွံ မိင်ကေတ် ရမျာင်၊ဂစေတအ်ရ၊

ဒှ်ါတိနန်မွးထေင်ကေတ်ဂှ် ဖျေအ် မွိုအ် ကေတ်ဒှ်ါဂကော် ညးကိုညးရ၊ အံင်မြမောဝ် သောင်ထွးကို ဝင်ချင်မန် ကြေံဝါခရှ တောဝ်မန် အဆက်ဆက်ဗို ပ္တင်ရင်ကျင်ချင် နှဲနန် နှဲဒပ်စိင် ဒပ် ချေဟ် ဒှ်ါရင်ကလုတ် ဒှ်ါသိုအမာတ်၊ သိုနန်ကောန်သိုင် ကောန်ဂွကျာ်ကေ ရာဇ်တဲ့တဲ့၊ မွဲက္ဂာန်ကိုမွဲက္ဂာန် ဆက်ဂ လာန်ဒက်မိတ် ညးသ္ကံရ၊ ညးဇ္ဂော်လ္ဂိုတဲ ဂေတ်စှ် သိုမ္ဂော်ရံင်တိချင်မန်ကြေံ မန္ဒတ် ဇ္ဂတ်ဂေ ကွံတရ်ဇ္ဂော်ဂှ်အိုတ်ရ၊

" မွိ "

ကော့ရမျာင်ဂှ် ဂွံမိင်ကေတ်ရ မျာင် ဇိုင်ဒေါအ်အာရ အယောချူဇွတ် သဍိ ပရှချင်ဝါခရှ်ဂှ် မှာ်ရံင်အာရ၊ ရ

မျာင်ကျာ ယိုယအ်အာဟာ ဂွံတိုန်သ တိရ၊

" ဇမ္ဂာလ်ထွးတဲ့ ဂွံတိကေတ်ပ ရောဒန် သိုဖ္ဂိုတ်တဲရ "

" ပရှ အံင်လေဝ်ဇမ္ဂာလ်တဲ့ ဂွံတိ ကေတ်ကိုရ "

" ဆဂးမွိ ဟွံတိဂှ်နှံမံင်ဏီ ကာလ မွိ ချူနှင်လိက် မွဲအခိင်တေံဂှ် အံင် ယဲ တဲ့ အယောဒးတိုန်မံင်ရင်ဂဍဲ ရဲတဲဟွံ

ဂင်လ်ထွး ကာလဖုး နူယဲဂွံလိက်ဂှ် ဂှဲ မွိ ဟွံဆို ထင်ပရိုင်ဟွံဂွံ "

" အခိင်လောန်ကျင်တေ ပဟို တော့ခိုဟ်အိုတ်ရ "

ဆဂး မွဲအခိင်တေ စိုတ်လိုဒးဒုင် ဇသိုင် စိုတ်လိုလင်ဇ္ဂောဝ်ကျင်ဂှ် မွိုတိ ရ၊ စိုတ်လိုသိုက်ဆာန် လ္ဂုမွိုဂှ် မွဲတဲ့ထွး သက်သီကို ကမ္ဂောန်ရဂးတဲ့ အံင်သွ လ္ဂိပ္တိတ် ဖြဟတ် ဂိတ်ဂစာန်လ္ဂိကျင် သတ္တိတအ်ရ၊ ဆနူမွိ ညင်ဍိုက်ပေင် ရ နက်မပေင်ကိုရဂှ် အံင် ဖျေဟ်ထော် သ္ဂုတ်သွာတ်တဲ့ ရေင်တျုင်ဒှ်ိအရာင် ကျင် ပရေင်ဂကုတအ်ရ၊

" အံင်မွဲ ( ဆက်တဲ့ )၂ ဂိုင်တ အာ သွက်ဂကုညိဂှ် မွိ ဂိုဟ်တဲ့ ရာဒှ်ါ မံင်ရ၊ တဲ့ပ္ဂန် ....... "

" မုန်ရောမွိ "

" မွိအထေင်သဝ် အထေင်ဇ္ဂတ် ဇအိုန်ဇရ ကျုဟ်မွဲ ဂိဂတာန်ကျင်လ္ဂု အံင်ဂှ် လှုဟ်ဟိုတေ့ ကေ့ကုက်ပြေပြိုင် အာအိုတ်ရ "

မကွဝါအယောင်အလာ မဂွတ်ဒှ်င် တအ်ဂှ် ကျောဝ်ဂေါဝ်သပ္ဂါယ်ရာင်ဆာဲ နှံမ္ဂိကွေံရဂှ် အံင်မြမောဝ် မွးထေင် ကေတ်ရ၊

" ကောဏအ် စိုတ်ဆာန်ဂကူ ညင် ဂွံဗျုတ်လုပ်အာ အပွဲဖျုန်ပြိုဟ်လှုဟ်ဂှ် ဟိုတ်နူမိ ဖြတာန်ဆာန်ဏအ် စန်ဒက် ဇ္ဂော်ဇ္ဂောန်ခိုဟ် ကျင်တဲ့ ......... "

ကာလဂှ် သွတ်ဝတ်လ္ဂိုတဲကျောဝ် သိုကျင်လပါ မိဍောင်မွိုတဲ တဲ့ဟိုပြိုင် တံဒှ်င်အိုတ်ရ၊

မိဍောင်မွိ စိန်ရစိုတ်ဂိတာန်ဒှ်င် လ္ဂု အံင်မြမောဝ်ကိုလေဝ် ကာလဂွံတိ ကေတ်ဒန် ဍံတအ်ကို၊ အသဝ်ဂုဏ် တွေင် အံင် တံဂှ်ကိုတဲ့ ပွဲဘဝတို ခေတ် တိုဏံ ကောန်သိုင်ဇိုပ်ထဝ်တဲ ညင်ဂွံတ် တက် ဇ္ဂော်မောဝ်မြင်မြဲ ဒယ်တုံမြာ ကတ်အာ အနာဂတ်ဂတတေံဂှ် ကူချပ် ဒးတဲ့ ဖျေထော်သ္ဂုတ်သွာတ်တွိရ၊ တဲ့ မွး ချူတွေင်ဏာလိက်သွက် ဒံက်တာ ဆာန် ထေက်မွဲတွးရ၊

ဒန်ကောန်သိုင်ဇိုပ်ထဝ်ဝတ်ဏံ မိဝ် လဟိုင် ပွဲတိရး က္ဂာန်မန်ဏအ်ကို ပွဲမာ် မွဲဇွက် တဲ့ကောန်ဂကူဂှ် သွက်ကရော် ထပ်တဲကို အံင်မြမောဝ်ကို ယဝ်ရ ဒံက် တာဆာန်ထေက် ဂွံတိကေတ်မွး၊ ။

---

မိလေဝ်မန်
ဝင်နုန်

---

# မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)
# ၁၉၉၂–၁၉၉၄ အလုပ်အမှုဆောင်အဖွဲ့ဝင်များ



ဥက္ကဋ္ဌ
**နိုင်မောင်တိုး**



ဒုဥက္ကဋ္ဌ(၁)
**နိုင်သိုက်ထော**



ဒုဥက္ကဋ္ဌ(၂)
**နိုင်လှကျော်**



တွဲဖက်အတွင်းရေးမှူး(၁)
**မင်းဗညားစန်း**



အတွင်းရေးမှူး
**မင်းစိုးအောင်**



တွဲဖက်အတွင်းရေးမှူး(၂)
**နိုင်စိုးကြည်**



ဘဏ္ဍာရေးမှူး
နိုင်သောင်းကျော်



တွဲဖက်ဘဏ္ဍာရေးမှူး မင်းတင်ထွန်းဦး



ပြန်ကြားရေးမှူး မင်းထိန်ဝင်း



'တွဲ ဖက်ပြန်ကြားရေးမှူး
မင်းမင်းဗိုလ်



စာရင်းစစ်
နိုင်မောင်မောင်



တွဲဖက်စာရင်းစစ်
မိပြုံးပြုံးအေး



အဖွဲ့ဝင်
နိုင်မင်းအောင်



အဖွဲ့ဝင်
နိုင်စံထိန်



အဖွဲ့ဝင်
မင်းဗညားဦး



မြို့မစာပေနှင့်ယဉ်ကျေးမှုအသင်းကော်မတီ ဆောင်ရွက်သော
လှုပ်ရှားမှုဓာတ်ပုံများ





## နှလုံးအိမ်ထဲက ရွှေဟင်္သာ

မင်းခက်မွန်

တောက်ပပူပြင်းတဲ့
နေခြည်အလင်းထဲ
ရွှေဟင်္သာဟာ ရဲဝံ့စွာပျံသန်းနေရဲ့။
အဲဒီကြွေတာတစ်ပတ်
ဖြတ်ရတဲ့ခရီး
မနီးလှပေဘူး။
ဒါပေမဲ့ ‥
ရွှေဟင်္သာဟာ ‥
ကောင်းကင်ဘုံကိုချုပ်ကိုင်ပြီး
မြေပြင်ကိုလွှမ်းခြုံနိုင်စွမ်းတယ်။
မြစ်ပေါင်းတစ်ထောင်
တောင်ပေါင်းတစ်သောင်းကိုလည်း
ရဲရဲကျော်နိုင်စွမ်းတယ်။
ရွှေဟင်္သာရဲ့တောင်ပံခတ်သံအောက်မှာ
တွေဝေသူဟာ နောက်ပြန်လှည့်ရန်မေ့တယ်။
လူနံ့ဟာ ဒဏ်ရာကိုမေ့တယ်။
ချစ်သူဟာ ကြင်ဘက်ကိုမေ့တယ်။
မုဆိုးဟာ လေးကိုညှို့ရန်မေ့တယ်။
ကြွယ်ပွင့်ကုဋေကုဋာဟာ ပိုမိုရှန်းလက်လာတယ်။
အမှောင်ထုဟာ တုန်လှုပ်စွာဆုတ်ခွာသွားပြီ။
ချုပ်ငြိမ်းခါနီးနေ့ရဲ့ဆည်းဆာအောက်
တောက်ပတဲ့ကောင်းကင်မှာ
ရွှေဟင်္သာမြင့်မားစွာပျံနေတယ်။

| F. MYAN. |

# မွေစေတီသို့တောင်းပန်ခြင်း

*မင်းခက်မွန်*

အလင်းနှစ်ပေါင်းများစွာ
မြေကမ္ဘာဆီမှကွာဝေး
ရှုပ်ထွေးတဲ့ပတ်လမ်းများကြား
လှည့်ပတ်သွားလာ၊ နေစကြဝဠာစုထက်
ယာဉ်ချင်းဆက်လှုပ်ရှား
လူသားတွေမင်းမှုနေကြတယ်..။

ဝင်းခနဲပြက်၊ လက်ခနဲလင်း
ပြင်းထန်တဲ့ပေါက်ကွဲအား
မီဂါတန်ထောင်ပေါင်းများစွာ
လူသားကိုရန်မူ၊ အဏုမြူလက်နက်တွေ
လူ့အသက်ကို ရယ်ပွဲဖွဲ့နေကြတယ်..။

ပေထောင်ပေါင်းများစွာ
သမုဒ္ဒရာရဲ့မျက်နှာပြင်အောက်
ကျောက်ခက်များကြား၊ နစ်မြုပ်သွားခဲ့တဲ့
ကျောက်မျက်ရတနာတွေ
ရှာဖွေဖော်ယူနေကြတယ်..။

မျိုးဆက်သမိုင်း
အယဉ်အရိုင်းခွဲခြားမှုအတွက်
ထုဆစ်ခဲ့တဲ့ခေါင်းလောင်း
ပုစွန်တောင်ချောင်းအောက်
နစ်မြုပ်ပျောက်ကွယ်ခြင်းအတွက်
သင့်မျိုးဆက်ငါတို့တစ်တွေ
တာဝန်မကျေနိုင်ခဲ့ပြီ၊ အရှင်မွေစေတီ..။

ဝေသီအလင်းစ
မေ့မရတဲ့သင့်အမွေအတွက်
အဖြေမရှာနိုင်တဲ့ငါတို့တစ်တွေဘဝ
အားမရဖြေမဆည်၊ ဟံသာဝတီရဲ့တစ်နေရာက
ရင်နာနေမှာလားလေ..။

အာကာသဆီဆင်းတက်
အဏုမြူလက်နက်ဆန်းနဲ့
သမုဒ္ဒရာကြမ်းခင်းကရတနာ
ရှာဖွေနေကြစဉ်မှာ ငါတို့တစ်တွေဟာ
ပေတစ်ရာကျော်အနက်က မျိုးဆက်ရတနာကို
မျက်ရည်ယိုနလုံးသားနဲ့ထားရစ်ခဲ့ရပြီသခင်..။





# မွန်ညီနောင်သို့ ကန်တော့ပန်း

ရာမည–မင်းလွင်ဦး

❋ ဝသန်ခါနှောင်း　　ကူးလည်ပြောင်း၍
ဆောင်းရာသီထဲ　　တပို့တွဲသည်
စဉ်မြဲရောက်လာနှင့်သတည်း။

❋ စုံတောထဲဝယ် ...
ပေါက်လဲဆူးပန်း　　ထုံသင်းလှျမ်း၍
ဝန်းကျင်အနံ့မွှေးပျံ့ပြီ။

❋ မြိုင်ကျေးငှက်လည်း ...
မြေသက်ခုန်ပျံ　　သိုက်မြုံယံမှ
တေးသံရင့်ကျူးကြလေပြီ။

❋ အော် ...
သည်ချိန်ရောက်တိုင်း　　ခေတ်သမိုင်းဝယ်
မွန်တိုင်းဌာနီ　　မွန်ရှေ့ပြည်ကို
တည်ထောင်ခဲ့ကြ　　သမလနှင့်
ဝိမလတို့လို　　ညွတ်ကြည်ညီဘွယ်
ပုဂ္ဂိုလ်အထူး　　ဂုဏ်ကျေးဇူးကို
ကြည်နူးအောက်မေ့မိတကား။

❋ "အမျိုးသားနေ့"ဟု　　ညွှန်းပြုခေါ်ကြ
တပို့လ၏　　ဆုတ်စတစ်ရက်
နေ့ရက်အမြတ်　　ကြုံဆုံလတ်နိုက်
တတ်သည့်ပညာ　　ဤလင်္ကာကို
ထွာတစ်ညီဖြင့်　　ပုဂ္ဂိုလ်အထူး
ထိုနှစ်ဦးအား　　ကျို့စိတ်ထားဖြင့်
ဝတ်တွားကန်တော့အပ်ပါသတည်း။

## ⊛ ပိုင်ဆိုင်ခွင့် ⊛

*ကွန်းမှန်*

အတိတ်ရဲ့သမိုင်းကြောင်း
ဒဏ်ရာပေါင်းနဲ့လူဖြစ်
မျိုးဆက်သစ်ရာစုနှစ်မှာ
သခင်ဟာပိုင်ဆိုင်ခွင့်ရှိပါတယ်လေ••။

ရာစုနှစ်ဝေးကွာ
တစ်နေရာမှာရှိခဲ့ဖူးတဲ့နတ်နန်း
ဒဏ္ဍာရီဆန်ပေမဲ့
သခင့်ရဲ့ရလိုမှုအတွက်
အသက်ဆက်ဝံ့ပါတယ်မေ••။

တောက်ပတဲ့ရွှေဟသာ
အနားမှာရှိနေတော့
သခင်ဟာ•• တပ်မက်မှုဆန္ဒဖြစ်
အပြစ်မဆိုဝံ့ပါဘူးမေ••။

ရွှေလင်ဗန်းမှာအချင်းဆေးသူနဲ့
ကေရာဇ်သွေးဟာ
မိတ်ဖက်ဆိုတာကို
မသိခဲ့ရိုးအမှန်မို့
ရာဇဒဏ်မှကင်းခွင့်ပေးပါသခင်••။

သို့ပါသော်လည်း
မေရှဲကြင်နာထံ
နောက်ဆုံးအယူခံဝင်ပါရစေ
(ကိုယ်လေ)••
အချစ်မှာပိုင်ဆိုင်ခွင့်မရှိပေမဲ့
လွတ်လပ်မှုရဲ့ပိုင်ရှင်တော့
ဖြစ်ခွင့်ပေးပါသခင်•••။





# အမေ့အိမ်

*မွန်ခန့်(ထုံးအိုင်)*

✱ မြင်လှည့်အမေ
ချစ်ခြင်းမှာအခါခါသေဖို့
ကဗျာအမွေ
အမေပေးခဲ့ • •။

✱ အမေ့ရဲ့အုတ်ဂူထက်မှာ
သားရဲ့နှလုံးသားတစ်ဝက်နဲ့
ပန်းခွေဆက်ပါရစေ • •။

✱ ခွင့်လွှတ်ပါ • • သူမရေ
မင်းကိုငါက
အကြင်နာတစ်ဝက်
ဥပေက္ခာတစ်ဝက်နဲ့ချစ်ရတော့မှာ
ဒါတာ • • ရင်နာစရာပ • •။

✱ အမှန်တရားအတွက်
သစ္စာတရားအတွက်
မင်းကိုနှုတ်ဆက်ရမှာ • •။

✱ ဆည်းဆာချိန်မှာ
တိမ်တို့အရောင်ပြောင်းသလို
ခေါင်းညိတ်ခေါင်းခါ
လိမ်ညာတတ်သူတို့အတွက်
မင်းကိုနှုတ်ဆက်ရမှာ
နားလည်ပါကွယ် • •။

✱ အမေချစ်တဲ့
အမေ့အိမ်
တစ်ချိန်ချိန်မှာ
မြင့်သစ်လာမည့်ဒီရေ
ပြည့်ဝလာစေရမယ် • •။
သေရွာကမျက်တောင်ခတ်
ရပ်ကြည့်လှည့်အမေ • •။

✱ ခွင့်ပြုပါအမေ
အမေ့ကိုချစ်သလိုမျိုး
သူမကိုလည်း ချစ်ချင်ရဲ့
ဒီလိုနဲ့ • •
အချစ်မိုင်ထောင်ချီခရီးမှာ
ကဗျာမီးအိမ်နဲ့
အရှိန်မပျက်ခရီးဆက်နေပါပြီ • •။

## မွန်အမျိုးသားနေ့အစီအစဉ်

*တက္ကသိုလ်မင်းကျော်ယဉ်*



❀ အချိန်ရဟတ်၊ တန့်မရပ်ဘဲ
လှည့်ပတ်လှုပ်ရှား၊ အသံကြားသည်။
တို့များနေ့သို့ရောက်ခဲ့ပြီ။
❀ ပြောကြဟောကြ၊ စုစည်းကြနှင့်
ပျော်ကြရွှင်ကြ၊ တီးမှုတ်ကြနှင့်
ဆိုကြ၊ ကကြ၊ ချမ်းမြေ့ကြသည်။
လမင်းတစ်ရာသာချေပြီ။
❀ ခဏထိန်ညီး၊ ကောက်ရိုးမီးသို့
ခုပြီးခုပျောက်၊ မလေ့ဖျောက်မှု
မဟုတ်ရာညများ၊ လမ်းသလား၍
တို့များမြေကိုနင်းလိမ့်မည်။
❀ တငွေ့ငွေ့နှင့်၊ တမြေ့မြေ့ဖွဲ
ဖွဲ့မီးခဲသို့၊ အသည်းအသက်မှာ
မြဲလျက်ညီညာ၊ စုစည်းပါမှ
ရာမညတိုင်း၊ သမိုင်းမော်ကွန်း
အရှည်ထွန်းမည်
အောင်စည်ရွှမ်းဆော်ကြပါစို့။



## နောင်တ

မင်းအောင်မင်း
(ကော့ကျိုက်)

ခေတ်ဟောင်းခလေ့ မှန်ကိုတွေ့က
မမွေ့စိတ်တွင် ငါလျှင်ဖြစ်၏။
ဘာသာစကား မှန်လိုကြားတော့
နားခါးငါ့မှာ ဖြစ်ရရှာ၏။
မှန်လိုပြင်ဆင် မှန့်အသွင်ကို
ငါလျှင်မြင်တော့ အသွင်မဲ့ရှဲ့
ငါကဲ့ရဲ့၏။
ဩော် . . .
ငါ့ဇီဇမြစ် ရှာဖွေစစ်တော့
မိခင်မှန်မြတ် ဖြစ်လတ်မှန်ရိုး
အဖမျိုးမှ မွေးရိုးအမှန်ဖြစ်ခဲ့၏။
မိခင်မှန်စစ် မျိုးစစ်ဖခင်
ငါ့ပင်မွေးငြား ငါကားမျိုးစစ်
ပယ်ဖျက်ပစ်သူ ဖြစ်ခဲ့တကား။

# မယိမ်းမယိုင်ကျောက်စာတိုင်

ရာမည–မင်းဝင်းမင်း
(ပုလဲမြေ)

* သမိုင်းတချိုး၊ မွန်လူမျိုးသည်
နွမ်းညှိုးမှောင်ကျ၊ သုခမနှင့်
စာပေယဉ်မှု၊ အစုစုသည်
ပျောက်လုနီးပါး ‥ ဖြစ်ခဲ့သည်။

* စိတ်ဓာတ်နွမ်းညှိုး၊ မွန်လူမျိုးသည်
ဖြစ်ဆိုးဘဝ၊ အတိတ်မှက်
ဖန်ဖန်သမျှ ‥ ခံရသည်။

* သို့သော်…
ပင်လယ်ဒီလှိုင်း၊ ပုတ်ခတ်တိုင်းလည်း
ကျောက်ရိုင်းတစ်တွေ ‥ ကြွေပါလေ။

* ထို့ကြောင့်…
မွန်မျိုးမွန်နွယ်၊ မွန်လူငယ်တို့
ပြုဘွယ်မွန်မှု၊ အစုစုကို
တစ်ခုမကျန်၊ စိတ်ရည်သန်လျက်
တစ်ဖန်မတိမ်း၊ ရင်ဝယ်သိမ်း၍
မယိမ်းမယိုင်၊ ကျောက်စာတိုင်သို့
မြဲနိုင်ငါတို့ ‥ ထိန်းရမည်။



# ဗုဒ္ဓသာသနာတော်နှင့် မွန်လူမျိုး

သာသနာအစသထုံကဟူသော ဆိုရိုးစကားအရ တို့ဗုဒ္ဓသာသနာတော်မြတ်သည် ထွန်းလင်းတောက်ပပြန့်နှံ့ခဲ့သည်မှာ မူလဘူတ ရာမညဒေသ ဖြစ်သော သုဝဏ္ဏဘူမိခေါ် သထုံပြည်ကြီးမှ စခဲ့သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

စင်စစ်သော်ကား ဂေါတမရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံသော သုံးပုံထွန်းထားဘုရား အဖြစ်သို့ ရောက်ရှိကာ (၄၉)ရက်ပြည့်မြောက်တော်မူသော မြတ်သမယအခါ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ ရာမညဒေသမှ မွန်လူမျိုး ကုန်သည်ညီနောင်နှစ်ဦးဖြစ်သော (မူလအမည်ရင်း- မွန်အခေါ်"တပ္ပုတဗဝ်"၊တဖုဿ၊ဘလ္လိက -ဘုရားရှင်ပေးသောအမည်)တို့သည် ကုန်ကူးသန်းသွားရင်း မဇ္ဈိမဒေသသို့ရောက်ရှိပြီး ဦးဆုံးမြတ်စွာဘုရားအား ဖူးမြော်ခွင့်ရ၍ ပျားရည်ဖြင့် ပြုလုပ်ထားသော မရွေးပေါင်မုန့်ဆွမ်း(၄၉)ဆုပ်ကို ကပ်လှူပြီး သရဏဂုံ(၂)ပါးတည်းသော သီလတော်မြတ်ကို ခံယူလျက် ဆံတော်ဓာတ်တော်ရှစ်ဆူကို ချီးမြှင့်တော်မူသဖြင့် မွန်ဘုရင်မင်းမြတ် ဥက္ကလာပမင်းကြီးနှင့်တကွ သိင်္ဃုတ္တရတောင်ထိပ်တော်တွင် ယခုရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ကြလေသည်။

ဤသည်မှာပထမသာသနာရောက်ရှိခြင်းမည်၏။သို့ရာတွင်ပရိယတ္တိသာသနာကား မရောက်ရှိသေး။

မဟာသက္ကရာဇ်(၁၀၉)ခုနှစ်၊မြတ်စွာဘုရား ခြောက်ဝါ ရတော်မူသော အခါသမယတွင် ယခုပဲခူးမြို့အနီးရှိ မွန်တို့အခေါ် (ချင်သံတ) ဇောင်းတူမြို့မှ မွန်အမျိုးသားဖြစ်သော စူဠကာလ – မဟာကာလအမည်ရှိညီနောင်နှစ်ဦးသည် မဇ္ဈိမဒေသသို့ ကုန်ကူးသန်းသွားရန် အလို့ငှာ မြတ်စွာဘုရားအားဖူးတွေ့ရပြီး ဆံတော်ဓာတ်တော်များ ပူဇော်ခွင့် ရရှိသဖြင့် နောင်သောအခါသမယ၌သုဒဿနတောင်ထိပ်တော်တွင် ယခုမွန်တို့အခေါ် (ကျာ်မုဟ်တ) ရွှေမော်ဓောစေတီတော်ကြီးကို ဟံသာဝတီမွန်ဘုရင်သမလနှင့် ဝိမလတို့မှ ပထမဆုံး ဘုရားဒါယကာအဖြစ်တည်ထားကိုးကွယ်ခဲ့ကြလေသည်။

ဤသည်မှာ ဒုတိယ သာသနာရောက်ရှိခြင်းမည်၏။သို့ရာတွင်ပရိယတ္တိသာသနာကား မရောက်ရှိသေး။

မဟာသက္ကရာဇ်(၁၁၁)ခုနှစ်၊ မြတ်စွာဘုရား ရှစ်ဝါရတော်မူသောအခါသမယ၌ ဂဝမ္ပတိမထေရ်မြတ်၏ ပင့်လျှောက်ချက်ကို အကြောင်းပြု၍ ဒေသစာရီကြွချီတော်မူရင်း ရဟန္တာများခြံရံလျက်မြတ်စွာဘုရားရှင်သည် သုဝဏ္ဏ ဘူမိသထုံသို့ ကြွမြန်းတော်မူခဲ့ပေသည်။

ထိုကာလ၌ မွန်ဘုရင်တစ်ပါး ဖြစ်သော သီရိဓမ္မသောက(ပထမ)သည် သထုံတွင် မင်းလုပ်အုပ်ချုပ်သော ကာလဖြစ်သည်။ သထုံမွန်မင်းဆက် (၅၅)ဆက်တို့၌ အထူးခြားဆုံး မင်းတစ်ပါးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားကိုယ်တော်တိုင်အားဖူးတွေ့ရခြင်း၊ မြတ်စွာဘုရား၏ ဟောကြားသောတရားတော်မြတ်ကိုကိုယ်တိုင်နာကြားရခြင်း၊ မြတ်စွာဘုရား၏ ဆံတော်ဓာတ်တော်ကိုလည်း ဂဝမ္ပတိမထေရ်မှတစ်ဆင့် ရရှိ၊ ပူဇော်ရသော မင်းဖြစ်ပေသည်။

ဤကား တတိယသာသနာရောက်ရှိခြင်း မည်ပေသည်။ သို့သော်လည်း ပရိယတ္တိသာသနာ မရောက်ရှိသေး။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ် (၂၃၆) ခုနှစ်၊ သောဏထေရ်နှင့် ဥတ္တရထေရ် ရဟန္တာအရှင်မြတ် နှစ်ပါးနှင့် တပည့်သုံးပါးပေါင်း ရဟန္တာအရှင်မြတ်ငါးပါးတို့သည်သာသနာပြုရန် သုဝဏ္ဏဘူမိသထုံသို့ ကြွရောက်ခဲ့ကြပေသည်၊

ထိုအချိန်၌ သုဝဏ္ဏဘူမိ သထုံတွင် မင်းလုပ် အုပ်ချုပ်သော မွန်ဘုရင်မှာ မြတ်စွာဘုရားအား ဖူးတွေ့ရသောမင်းနှင့် အမည်တူ ဖြစ် သော သီရိဓမ္မသောက (ဒုတိယ)မင်းဖြစ်သည်။

သာသနာ သက္ကရာဇ် (၄၉၉)ခုနှစ်၊ သထုံမွန်ဘုရင် (၅၅)မင်းဆက်ဖြစ်သော သာဓုရာဇာ အမည်ရှိ မွန်ဘုရင်တစ်ပါး မင်းလုပ်အုပ်ချုပ်သောအခါ၌ ဖြစ်သည်။

တစ်နေ့သောအခါ ဘုရင်ကြီးသည် ပရိယတ္တိသာသနာ တည်တံ့ပြန့်ပွား သွားစေရန် ရဟန္တာအရှင်မြတ်ကြီးများအား တိုင်ပင်လျှောက်ထားပြီး သီဟိုဠ်နိုင်ငံတွင် သီဟိုဠ်ဘာသာ၌ရှိသော ပိဋကတ်တော်များကို မာဂဓဘာသာ မွန်ဝေါဟာရအဖြစ် ပြန်ဆိုရေးသားတော်မူရန်အတွက် ရဟန္တာ အရှင်မြတ်ကြီးများမှ ရှင်ဗုဒ္ဓဃောသမထေရ်အား တာဝန်ပေးစေလွှတ်ပြီး၊ သာသနာသက္ကရာဇ် (၅၀၀)ပြည့်နှစ်ဘွင် ပိဋကတ်သုံးပုံစလုံး မာဂဓဘာသာ မွန်ဝေါဟာရအဖြစ် ပြန်ဆို ရေးသားပြီး သုဝဏ္ဏဘူမိသထုံသို့ယူဆောင်ခဲ့ပေသည်။

ထိုအချိန်မှစ၍ သုဝဏ္ဏဘူမိသထုံတွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသောသာသနာသုံးရပ်ထွန်းလင်းတောက်ပပြန့်နှံ့ခဲ့သည်မှာ ယနေ့ထက်တိုင် တည်ရှိခဲ့ပေသည်။

ထို့ကြောင့် ယင်းသာသနာ့ဗျာဒိတ်တော်သမိုင်းကိုရှုမြင်ခြင်းအားဖြင့် တို့ဗုဒ္ဓဘာသာမွန်လူမျိုးများမှာ မြတ်စွာဘုရား၏အဆုံးအမတော် လက်ဦးဆုံး ခံယူခဲ့ရခြင်း၊ မြတ်စွာဘုရား၏ အကျင့်အကြံ လမ်းစဉ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကိုမျက်မှောက်ပြုနိုင်ခဲ့သော လူမျိုးဖြစ်ခဲ့ရခြင်း၊ ဘိုးဘွားဘီဘင်မှစ၍ ယဉ်ကျေးသိမ်မွေ့သော အမျိုးဘာသာသာသနာကို ထိန်းသိမ်း စောင့်ရှောက် ထောက်ပံ့ခဲ့ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ မွန်လူမျိုး အနေဖြင့် သာသနာ့ဒါယကာအဖြစ်ထာဝရထုံးတမ်းစဉ်လာမြတ်ကို အစဉ်အောက်မေ့ နှလုံးသွင်းပြီး မိမိတို့ကိုယ်၊စိတ်၌ အလောဘ-အဒေါသ-အမောဟတရားတို့ကိုကိုယ်စီကိုယ်ငှပွားများအားထုတ်နိုင်ကြပါစေ•• မွန်အမျိုးကောင်းသား၊ မွန်အမျိုးကောင်းသမီး အပေါင်းတို့။ ။

သုဝဏ္ဏဘုံနာယ်ရာဇာ



# မွန်စာပေရသ ခံစားတိုင်း

နိုင်မောင်တိုး

ကျွန်တော်သည် ငယ်စဉ်က မွန်စာကို ကျကျနန မသင်ကြားခဲ့ရပါ။ မူလတန်းအရွယ်၊ နှစ်တန်း၊သုံးတန်းအရွယ်က မွန်ရွှေဟသာ ဖတ်စာအုပ်ဖြင့် ကျွန်တော်တို့ကျောင်းမှ မွန်စာသင်ဆရာ ဦးရင်မှ သင်ကြားပေးပါသည်။ ဆရာဦးရင်သည် ကျွန်တော်၏ မွန်စာ သင်ကြားပေးသော လက်ဦးဆရာပင် ဖြစ်ပါသည်။ ရာမညတိုင်းလုံးဆိုင်ရာမွန်အဖွဲ့ချုပ်နှင့် မွန်ရေးရာဌာနတို့မှ ပူးပေါင်းပြီး ထုတ်ဝေသော ဖတ်စာအုပ်ဖြစ်၍ အလွန်အကျိုးများသော ဖတ်စာအုပ် ဖြစ်ပါသည်။ ထို့ပြင် မူလတန်း၊ အလယ်တန်းများတွင် မွန်စာတရားဝင် သင်ကြားခွင့်ရရှိရေးမှာလည်း ရာမည



# မွန်နှင့် ရင်းသားချစ်ကြည်ရေး

တိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်သောင်းနှင့် မွန်ရေးရာအဖွဲ့တို့မှ ပုဂ္ဂိုလ်များ၏ကြိုးပမ်းမှုကြောင့်လည်း တရားဝင်မွန်စာ သင်ကြားရသဖြင့် ထိုပုဂ္ဂိုလ်များနှင့် ထိုအဖွဲ့အစည်းကြီးကို အလွန်ပင်ကျေးဇူးတင်ရမည် ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရကလည်း မွန်ဒေသ၊မွန်ရွာ အစိုးရကျောင်းများတွင်မူလတန်း၊အလယ်တန်းထိ မွန်စာသင်ကြားခွင့် ပြုသည်ကို မွန်လူထုက ကျေးဇူးတင်လျက်ရှိပါသည်။

သို့သော် ပြောစရာတစ်ခုတော့ကျန်ရစ်ခဲ့သည်။ (မွန်စာတစ်ဘာသာသည် မြန်မာစာ၊ ပထဝီ၊ သမိုင်း၊ သင်္ချာကဲ့သို့ အဓိကဘာသာတစ်ခုတော့ မဟုတ်ပါ။ သာမန်ဘာသာတစ်ခုမျှသာဖြစ်ပါသည်။ မွန်စာ



ဘာသာအောင်၍ တခြားဘာသာတစ်ခုခု စာမေးပွဲကျလျှင် အတန်းတင်စာမေးပွဲကျပါသည်။ မွန်စာဘာသာကျ၍ တခြားဘာသာအားလုံးအောင်လျှင် အတန်းတင်စာမေးပွဲအောင်ပါသည်။ ထို့ကြောင့်လည်း ကျောင်းသားများ မွန်စာကို ကျကျနန မသင်ကြားကြပါ။ စာမေးပွဲ အောင်ရန်အတွက်တခြားဘာသာကိုသာဖိသင်ကြပါသည်။ ထိုအထဲတွင် ကျွန်တော်လည်းပါဝင်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော် မွန်စာကို ကျကျနနမတတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤမျှလောက်သော အခွင့်အရေးကိုပင် ယခုခေတ် ကျွန်တော်၏သားသမီးများသည် မခံစားရသဖြင့် မွန်စာကို မတတ်ကြတော့ပါ။ အကြောင်းမှာမွန်ရွာ၊ မွန်ဒေသ မူလတန်း၊အလယ်တန်းကျောင်းများတွင် မွန်စာ တရားဝင် မသင်ကြားခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်တက္ကသိုလ်ဝင်တန်း ဆယ်တန်းကို မော်လမြိုင်မြို့၊ရာမညတိုင်းလုံးဆိုင်ရာမွန်အဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသော ရာမည မွန်အမျိုးသား အထက်တန်းကျောင်းတွင် သင်ကြားဖြေဆိုပါသည်။ ထိုကျောင်းတွင်လည်း မွန်စာကို အချိန်ပိုင်းဖြင့် သင်ကြားပေးပါသည်။ ကျွန်တော်၏ဒုတိယမွန်ဆရာမှာ ဆရာဦးသောင်းဖေဖြစ်ပါသည်။ ထိုကျောင်းတွင် နေစဉ်မှာလည်းတက္ကသိုလ်ဝင်တန်းစာသည် အရေးကြီး၍ မွန်စာကို ဟုတ်တိပတ်တိ မသင်ကြားဖြစ်ခဲ့ပါ။ တက္ကသိုလ်ဝင်တန်းတော့ နှစ်ချင်းပေါက်အောင်ပါသည်။ ကိုယ့်မွန်စာတော့ ထွန်းထွန်းပေါက်ပေါက်မတတ်မြောက်ခဲ့ပါ။

ကျွန်တော်ရန်ကုန်တက္ကသိုလ်ရောက်၍ တက္ကသိုလ် မွန်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီတွင် လှုပ်ရှားပါဝင်ရင်း တက္ကသိုလ်တွင် ဖွင့်လှစ်ထားသော မွန်စာပေသင်တန်းသို့ ကျွန်တော်တက်ရောက်ခဲ့ပါသည်။ ကျွန်တော်၏မွန်စာသင်ကြားပေးသော ကထိကဆရာများမှာ ရှေးဟောင်းမွန်စာကို သင်ကြားပေးသောဆရာနိုင်ထွန်းရွှေ (လ/ထ ကထိက မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) နှင့် ခေတ်မွန်စာပေကို သင်ကြားပေးသော ဆရာ ဒေါက်တာမင်းတင်မွန် (ဌာနမှူး၊ ဓာတုဗေဒဌာန) တို့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ကျေးဇူးအထူးများ၍ အလွန်လည်းကျေးဇူးတင်မိပါသည်။

တက္ကသိုလ်၏ အဓိပ္ပါယ်မှာ တက္ကသီလပင်ဖြစ်ပါသည်။ တက္ကမှာ ကြံစည်ခြင်းနှင့် သီလမှာကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဆိုသည်မှာ မိမိဘာသာကြံစည်အားထုတ်ကြိုးကုတ်ရသော ပညာသင်ကြားရေးဌာနကြီးပင်ဖြစ်ပါသည်။ ဆရာသည်နည်းပေးလမ်းပြမျှသာဖြစ်ပြီး မိမိဘာသာ ရှာကြံအားထုတ်ရသော ပညာသင်ကြားရေးစနစ်ပင်ဖြစ်ပါသည်။ တက္ကသိုလ်သည်တခြားပညာရှာရသောနေရာနှင့် မတူတော့ပါ။ မိမိဘာသာ လေ့လာဆည်းပူး ပညာယူရသောနေရာပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့် ညီရန် ဓာတ်ခွဲခန်းကြီးများ၊ စာကြည့်တိုက်ကြီးများနှင့် ဌာနတွင်းစာကြည့်တိုက်ငယ်များ၊ အားကစားရုံများ၊ဝါသနာအလိုက်ဘာသာရပ်အသင်း၊ အနုပညာအသင်း၊အားကစားအသင်း၊ ဘာသာရေးအသင်းများ ထားရှိပေးခြင်းဖြစ်ပါသည်။

တက္ကသိုလ်တွင် စာသင်ချိန် တစ်ချိန်နှင့် တစ်ချိန်ကြား အားလပ်ချိန်များရှိပါသည်။ထိုအားလပ်ချိန်များတွင်ကျွန်တော်သည် တက္ကသိုလ် ဗဟိုစာကြည့်တိုက်သို့ရောက်ရှိတတ်ပါသည်။ တက္ကသိုလ် ဗဟိုစာကြည့်တိုက်အပေါ်ထပ်တွင် ရည်ညွှန်းစာအုပ်များ၊ ရှားပါးစာအုပ်များ ထားရှိရာနေရာ ဖြစ်ပါသည်။ ယင်းနေရာ စာဖတ်ခန်းတွင် ကျွန်တော်ရောက်တတ်ပါသည်။ ကျွန်တော် ခေတ္တငှားဖတ် လေ့လာသော စာအုပ်များမှာ မွန်စာအုပ်များ၊ မွန်အကြောင်း ရေးသားထားသော မြန်မာစာ၊ အင်္ဂလိပ်စာစာအုပ်များကို ကျွန်တော်ဖတ်ရှုလေ့လာပါသည်။ထိုတက္ကသိုလ်ကျောင်းသားဘဝကတည်းက မွန်စာ၊ မွန်လူမျိုး၊ မွန်ဓလေ့၊ မွန်အကြောင်းအရာတို့ကို ရေးသားတတ်သော ဆရာကြီး:Dr.Blagden, R. Halliday, Dr. Haswell, G.H Luce, Mr. Shordo တို့၏သုတေသနဆောင်းပါးများ၊ ဆရာကြီးဦးလှဖေဝင်း၊ ဦးသာမြတ်၊ ဦးမြ၊ ဦးဖိုးလတ်၊ နိုင်ပန်းလှ တို့၏ မွန်သုတေသန ဆောင်းပါးများ ကျွန်တော်ဖတ်တတ်လာပါသည်။ယင်းတို့၏ရေးသားထားသော ဆောင်းပါးများမှာ မြန်မာနိုင်ငံ သုတေသန အသင်းထုတ် Journal of Burma Research Society (JBRS) ဂျာနယ်များကို ကျွန်တော် ဖတ်တတ်လေ့လာတတ်လာပါသည်။ ကျွန်တော်ကျောင်းသားဘဝကပင် တက္ကသိုလ်ဗဟိုစာကြည့်တိုက်မှစာကြည့်တိုက်မှူးကြီး ဦးသော်ကောင်းနှင့်ခင်မင်ရင်းနှီးခဲ့ပါသည်။ တစ်ခါတရံ စာကြည့်တိုက်မှ မွန်စာအုပ်များရလျှင် ကျွန်တော့်အား အကူအညီတောင်း၍ ဖတ်ပေးပြီး ကက်တလောက်ပြုစုပေးရတတ်ပါသည်။ ကျွန်တော်ဖတ်ရသော မွန်စာများအနက် ရသ အခံစားရဆုံးသော မွန်စာအုပ်မှာ မြန်မာနိုင်ငံ သုတေသန အသင်းထုတ် "ဂကော်စရဲဂဒိ်ပတ်မန်"(မွန်အနုစာပေပေါင်းချုပ်)နှင့် "ပြကိုဟ်ကဗျပကိဏ္ဏက" (ပကိဏ္ဏက ကဗျာကျမ်း) စာအုပ်တို့ပင်

ဖြစ်သည်။ ယင်းစာပေရသ ခံစားချက်ကို ကျွန်တော်ထုတ်ဖော်မပြောပြနိုင်ပါ။ ဖတ်ကြည့်၊ခံစားကြည့်မှ သိမည်ဖြစ်ပါသည်။

အနုပညာတစ်ခုသည် ရသမြောက် မမြောက် မည်သည့်ပေတံ၊မည်သည့်စံနှုန်းနှင့် တိုင်းတာရမည်နည်း၊ Visual Art ခေါ် မြင်နေရသည့် ပန်းချီ၊ပန်းပု၊ရုပ်ရှင်၊ ဓာတ်အနုပညာပစ္စည်းများ မည်သည့် စံနှုန်းဖြင့် ရသမြောက်သည်ကို တိုင်းတာရမည်နည်း။ မျက်မြင်ကိုယ်တွေ့ကိုင်တွယ်မရသည့်စာပေဖြစ်သည့် ကဗျာ၊ ဝတ္ထု၊ စာညွန့်၊ စာတမ်းနှင့် တေးသီချင်းများသည် မည်သည့်စံချိန်ဖြင့် ရသမြောက်သည်ကို တိုင်းတာကြမည်နည်း။အနုပညာပစ္စည်းတစ်ရပ် ရသမြောက်၊ မမြောက်ဆိုသည်ကို စံအမျိုးမျိုးနှင့် တိုင်းတာကြပါသည်။ တချို့က ပုံတူကူးချ၍တူလျှင် ရသမြောက်သည်ဟုဆိုကြပါသည်။တချို့ကလည်း လုပ်သားပြည်သူတွေအတွက် အကျိုးသက်ရောက်မှုရှိလျှင် ရသမြောက်သည်။ ဤအယူအဆမှာ အနုပညာသည် အနုပညာအတွက် မဟုတ်၊ လုပ်သားပြည်သူတို့အတွက်ဖြစ်သည်ဆိုသော ဆိုရှယ်လစ် သရုပ်မှန်ဝါဒများ ဖြစ်ပါသည်။ တချို့က အနုပညာ ပစ္စည်းတစ်ရပ်ကို ဖန်တီးရာ၌ မိမိခံစားရသလို ဖတ်ရှုလေ့လာကြည့်ရှုနားဆင်သူများလည်း မိမိနှင့်ထပ်တူခံစားရလျှင် ထိုအနုပညာပစ္စည်းသည် ရသမြောက်သည်ဟုဆိုကြပါသည်။ ကျွန်တော်သည် အထက်ပါ ဖော်ပြခဲ့သော "ဂကော်စရဲလိခ်ပတ်မန်"နှင့် "ပြကိုဟ်ကဗျပကိတ္တက" စာအုပ်များကို ဖတ်ရှုရသောအခါ တစိမ့်စိမ့် ခံစားရပါသည်။ ရွေးချယ်ထားသောစကားလုံး၊ သုံးနှုန်းထားသောဝါကျ၊ ဖော်ပြထားသော အကြောင်းအရာတို့မှ ကျွန်တော်၏ဟဒယနှလုံးကို ဆွဲ ကြိုး သွား စေ ပါ သည်။ ကျွန်တော်သည် ထိုထိုကဗျာ၊ ထိုထိုစာများကိုဖတ်၍ ခံစားရသဖြင့် အထက်ပါ တင်ပြခဲ့သော ရသစံနှုန်းနှင့်ဆိုလျှင် ထိုစာများသည် မည်မျှ ရသမြောက်သည်ကို စာရှုသူများလေ့လာဖတ်ရှုစေချင်ပါသည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ပညာရည်နို့ သောက်စို့ပြီး ပြင်ပလောက အလုပ်ဌာနတစ်ခုသို့ရောက်ခဲ့ပါသည်။မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကို ၁၉၅၂-ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ထိုကော်မတီမှကြီးမှူးကျင်းပသော မွန်စာပေသင်တန်းတို့သို့ ကျွန်တော် တက်ရောက်ခဲ့ပါသည်။ ယခု တက်ရောက်သော စာပေသင်တန်းမှာ ရှေးဟောင်းသုတေသနဌာန၊ ကမ္ဘည်းကျောက်စာဌာနမှူး ဆရာနိုင်ပန်းလှသင်ကြားပို့ချသောမွန်ကျောက်စာသင်တန်းပင် ဖြစ်ပါသည်။ ဆရာနိုင်ပန်းလှသည် ကျွန်တော်၏ မွန်စာသင်ပေးသော စတုတ္ထမြောက်ဆရာပင် ဖြစ်ပါသည်။ မွန်ကျောက်စာ အရေးအသား၊ ပုံသဏ္ဍာန်၊ မွန်ကျောက်စာဖတ်နည်း၊ မွန်ကျောက်စာ ရှေးခေတ်ဝေါဟာရအဓိပ္ပာယ် စသည်ဖြင့် ပရဖထုံမွန်ကျောက်စာ၊တြာပ်မွန်ကျောက်စာ၊ကော့ဌွန်းဂူမွန်ကျောက်စာ မြစေတီမွန်ကျောက်စာစသည်တို့ကိုရောမ အက္ခရာဖလှယ်နည်းပါမကျန် သင်ပြပေးခဲ့ပါသည်။ ကျန်သောကျောက်စာများကို အကြမ်းသဘော ရှင်းပြသင်ကြားပေးခဲ့ပါသည်။ ဆရာ၏ကျေးဇူးမှာတစ်သက်တာမမေ့နိုင်ပါ။ လေ့လာခဲ့သမျှ ကျောက်စာများတွင် ပုဂံခေတ် ကျန်စစ်သားမင်း၏ အထွတ်ပွတ္တိ ကျောက်စာမှာ စာပေရသအမြောက်ဆုံးဟုဆိုရမည် ဖြစ်ပါသည်။



ပုဂံခေတ်တွင် ကျန်စစ်သားမင်းကြီးသည် မြန်မာ့သမိုင်း၌ အလွန်ထင်ရှားကျော်ကြားသောမင်းတစ်ပါး ဖြစ်ပါသည်။ ကျန်စစ်သားမင်းသည် အမည်ငါးပါးဖြင့် သက္ကရာဇ် ၄၂၆-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်သောမင်းတစ်ပါးဖြစ်သည်။ သတ်ဖြတ်ရာတွင် မပါ၍ ကျန်နေသောကြောင့်



ကျန်စစ်သား၊ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသောကြောင့် ကြန်စစ်သား၊ အရိမ္မအရပ်တွင် ဘွားမြင်သောကြောင့် အရိမ္မစစ်သား၊ ရေတိုက်ရာတွင် စက်ထွက်၍ ကရားလန်သောကြောင့် ကရားလန်စစ်သား၊ ဇာထီးလှိုင် ရွာသူကြီးအရှင် ဖြစ်သောကြောင့် ထီးလှိုင်ရှင်ဟု အမည်ငါးမည် တွင်ခဲ့ပါသည်။ မြန်မာ့သမိုင်းတွင် ကျန်စစ်သားမင်းထင်ရှားရခြင်းမှာ သူ့မတူအောင်တော်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရာ၌ဆောင်ရွက်ခဲ့သည်မှာ တခြားသောမင်းများထက်သာ၍ ထင်ရှားရခြင်းဖြစ်ပါသည်။ အနော်ရထာမင်းကြီး နတ်ရွာစံပြီးနောက် သားတော်စောလူးမင်း နန်းတက်သည်။ စောလူးမင်း၏ အရည်အချင်းညံ့ဖျင်းမှုကြောင့် ဒလနယ် (ယခုတွံတေးနယ်)မှ မွန်လူမျိုး ငရမန်ကန်း ပုန်ကန်ခဲ့သည်။ ငရမန်ကန်းသည် အထက်အညာသို့ တစ်စတစ်စ ချီတက်ခဲ့ရာ ပုဂံနယ်၊ ယုံလွတ်ကျွန်းအထိ ရောက်ခဲ့ပါသည်။ ဤသို့ ပုဂံနန်းတော်၏မတည်ငြိမ်မှု၊ မွန်လူမျိုးတို့၏မကျေနပ်မှုကြောင့် ပုန်ကန်မှုတို့ကို ကျန်စစ်သားမင်းသည် ထိန်းသိမ်းနိုင်ခဲ့ပြီး ပုဂံနန်းတော်ကို သိမ်းပိုက်ခဲ့ပါသည်။

အနော်ရထာမင်းကြီးသည် မွန်လူမျိုးတို့ထံမှ ပိဋကတ်သုံးပုံ၊ ဘုရင်နှင့်တကွ မိဖုရား၊ မှူးမတ်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လူပညာရှိ၊ ရဟန်းပညာရှိ၊ အတတ်ပညာရှင်၊ အသိပညာရှင်များရလိုက်သော်လည်း မွန်လူမျိုးတို့၏စိတ်ဓာတ်ကို မပိုင်၊ အစိုးမရနိုင်သေးကြောင်း ကျန်စစ်သားမင်းသည် ကောင်းကောင်းကြီး သိတော်မူခဲ့သည်။ *(မွန်ဘုရင် မနူဟာမင်းသည် မိမိကိုယ်ကို အလွန်အထင်ကြီးခဲ့ခြင်း၊ မာနတံခွန် မိုးထိမွန်ခဲ့ခြင်း၊ မိမိ၏အခြေအနေအဖြစ်မှန်အင်အားကို မသုံးသပ်ခြင်းသည် မဟာအမှားကြီးတစ်ရပ် ဖြစ်ခဲ့ရပါသည်။)* မွန်လူမျိုးတို့၏ပျက်စီးရာပျက်စီးကြောင်းတွင် ဤအဖျက်တရား သုံးပါးဖြစ်သည့် မိမိကိုယ်ကို အထင်ကြီးခြင်း၊ မာနထောင်လွှားခြင်း၊ အခြေအနေမှန်ကို မသုံးသပ်ခြင်းကြောင့် မွန်သမိုင်းအဆက်ဆက်တွင် ပျက်ခဲ့ပေါင်း များခဲ့ရပါသည်။ အနော်ရထာမင်းကြီး၏ သံခင်း၊တမန်ခင်း အရပိဋကတ် တောင်းခံလာသည်ကို မနူဟာမင်းကြီးသည် ရာဇပရိယာယ်ကြွယ်ကြွယ်ဖြင့် လိုက်လျောဆောင်ရွက်ခဲ့မည်ဆိုလျှင် သာသနာပြု မင်း ကောင်း မင်း မြတ်လည်း အမည်ပေါက်မည်။ မနူဟာမင်းသည် အနော်ရထာမင်း၏အားကိုးလောက်သောနောင်တော်ဘုရင်တစ်ပါးလည်း ဖြစ်လာနိုင်ပါသည်။ ယခုတော့ ဤသို့မဟုတ်ပါ။ သုံ့ကျွန်ဘဝဖြင့် ပုဂံနေပြည်တော်မြင်းကပါအရပ်၌သုံ့ပန်းဘဝဖြင့်သက်ဆုံးတိုင် နေရရှာလေတော့သည်။

အနော်ရထာမင်းကြီးသည် မနူဟာမင်းအား ညှဉ်းပန်းနှိပ်စက်မှု မပြုပါ။ ဘုရင်တစ်ပါး အဆောင်အယောင်နှင့်ပင် နန်းဘုရားနေရာ၌ နန်းတော်သဖွယ် စံစားစေခဲ့ပါသည်။ သို့သော် မနူဟာမင်းကြီးမှာ မိမိ၏ အတွင်းအစ္ဈတ္တမနောကြောင့် ပုဂံတွင်မပျော်ပိုက်ခဲ့ပါ။ မိမိသုံ့ပန်းဘဝ၊ အကျဉ်းစံဘဝနှင့် သုံ့ကျွန်ဘဝအဖြစ် နေ နေရသည်ကို မပျော်မွေ့ခြင်းဖြစ်ပါသည်။ မနူဟာမင်းကြီးသည် မိမိ၏ မနောမယပတ္တမြားလက်စွပ်ကို မြင်းကပါသူဌေးကြီးတစ်ဦးအား ရောင်းချပြီး လှည်းခြောက်စီးတိုက်ငွေဖြင့် အနော်ရထာမင်းကြီးထံ ခွင့်ပန်ပြီး မနူဟာဘုရားကို တည်ထားကိုးကွယ်ခဲ့ပါသည်။မနူဟာဘုရားမှာဂူဘုရားတစ်ဆူဖြစ်ပြီး အတွင်းတွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ တည် ထား ခဲ့ သည် မှာ အဆောက်အဦနှင့်အပြည့်ပင်ဖြစ်ပါသည်။ ဘုရားကို ရှိခိုး၊ ပူဇော်နေရသော သူအဖို့ ကြပ်တည်း မွတ်သိပ်သော စိတ်အာရုံကို ခံစားရပါသည်။ ဗုဒ္ဓရုပ်ပုံ၏ အသွင်သဏ္ဌာန်မှာလည်း ဂူဘုရားတွင်ကြပ်သိပ်စွာကိန်းအောင်းနေတော်မူရသည်ကို သတိပြုမိ၊ ခံစားမိရပါသည်။ မနူဟာမင်းကြီးသည် မိမိ၏သုံ့ကျွန်ဘဝခံစားရသည့်စိတ်အစဉ်ကို မနူဟာဘုရားတွင် ထင်ဟပ်စေခြင်းပင် ဖြစ်ပါသည်။ *(မနူဟာမင်းကြီးသည် ဂူဘုရားတွင် နောင်ဖြစ်လေရာဘဝဆက်တိုင်း၌ သုံ့ကျွန်ဘဝ မဖြစ်ရစေလိုပါ၏ဘုရားဟု ကမ္ပည်းထိုးဆုတောင်းရုံမှလွဲ၍ မည်သို့ တတ်နိုင်ပါမည်နည်း။)*

အနော်ရထာမင်းလက်ထက်တွင် ပုဂံနေပြည်တော်သို့ သုံ့ပန်းအဖြစ်ရောက်နေကြသော ဘုရင်မနူဟာနှင့်တကွ မိဖုရား၊ မှူးမတ်၊လူပညာရှိ၊ရဟန်းပညာရှိ၊အတတ်ပညာရှင်၊အသိပညာရှင်တို့၏သုံ့ကျွန်ဘဝနှင့် မနေလိုကြတော့သော စိတ်ဆန္ဒကိုလည်းကောင်း၊ အနော်ရထာမင်းနတ်ရွာစံပြီး သားတော်စောလူးမင်း နန်းတက်သောအခါ ဒလနယ်သား ငရမန်ကန်း ပုန်ကန်ခဲ့သည်မှာတစ်နယ်တစ်ဒေသ၊တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ပုန်ကန်သည်မှာ မအောင်မြင်သော်လည်း စည်းလုံးညီညွတ်စွာဖြင့် ပုသိမ်၊ ဟံသာဝတီ၊ မုတ္တမ(သထုံ) ရာမညတိုင်း မွန်ပိုင်းသုံးရပ်မှ စုစည်းပြီး တိုက်ခိုက်ခဲ့လျှင် ပုဂံထီးနန်း ယိမ်းပ[illegible]နိုင်သည်ကို လည်းကောင်း ကျန်စ[illegible]းမင်းရိပ်စားသိတော်မူသည်။

ထို့ကြောင့် ကျန်စစ်[illegible]င်းသည် နန်းတက်သောအခါ မွန်ရဟ[illegible]းပညာရှိ၊ လူပညာရှိများအား နေရာပေး [illegible]ခြောက်စား

ခဲ့ပါသည်။ မိမိ၏ကောင်းမှုတော်ဂူဘုရား ဖြစ်သည့် အာနန္ဒာဂူဘုရား တစ်ခုလုံးမှာ မွန်ပိသုကာလက်ရာများဖြင့် ပြည့်လျှမ်းခဲ့ပါသည်။ ငါးရာငါးဆယ်စဉ့်ခွက်စာကိုလည်း မွန်ဘာသာဖြင့် ကမ္ပည်းထိုးခဲ့ပါသည်။ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေစည်းခုံဘုရား မပြီးသေးသည်ကို ပြီးစီးအောင်တည်ဆောက်ပြီး ရွှေစည်းခုံဘုရားကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးထားခဲ့ပါသည်။ ထို့နည်းတူပုဂံရွှေနန်းတော်တည်ဆောက်ရေး၌ မွန်ပညာရှိများ၏အကူအညီနှင့် တည်ဆောက်ခဲ့ကြောင်းကို ရွှေ နန်း တည်ကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးခဲ့ပါသည်။ ထို့ကြောင့်လည်း နန်းတော်ဆိုင်ရာအမည်ဝေါဟာရ၊နန်းတွင်းဆိုင်ရာဝေါဟာရတချို့သည် မွန်အမည် နာမ၊ မွန်ဝေါဟာရများသက်ရောက်မှုရှိကြောင်း ယခုတိုင်တွေ့ရပါသည်။ ထို့ပြင်ပျူဒေသပြည်မြို့၌လည်း မွန်ကျောက်စာဖြင့် ရေးထိုးသကဲ့သို့ မွန်ဒေသ၊သထုံမြို့ဝန်းကျင်၌လည်း မွန်ကျောက်စာဖြင့် ရေးထိုးခဲ့ပါသည်။ ကျန်စစ်သားမင်းကြီးသည် မိမိ၏ ကောင်းမှုမှန်သမျှ မြန်မာနိုင်ငံ အနှံ့အပြားတွင်မွန်ကျောက်စာများဖြင့်ပင်ရေးထိုးခဲ့ပါသည်။ ပုဂံခေတ်၊ မွန်ကျောက်စာအရေအတွက် တော် တော် များ များမှာကျန်စစ်သားမင်းကြီး၏ကောင်းမှုတော်များ ဖြစ်ပါသည်။ ကျန်စစ်သားမင်းကြီး ရေးထိုးခဲ့သော ပုဂံခေတ် မွန်ကျောက်စာများမှာ အရေးအသား အလွန်ကောင်းမွန်ပါသည်။ မိမိ၏အတ္ထုပ္ပတ္တိ ရေးထိုးထားသော မွန်ကျောက်စာမှာ စာပေရသရှိ၍ အလွန်ထင်ရှားသော ကျောက်စာ ဖြစ်ပါသည်။

ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိ မွန်ကျောက်စာကို လေ့လာကြည့်သောအခါ ထိုခေတ်ထိုအခါ ပုဂံနေပြည်တော်၏တည်ငြိမ်မှုရရှိစေရေးအတွက် ပျူ၊မွန်၊ မြန်မာလူမျိုးများ၏ သွေးစည်းညီညွတ်မှုသည် အရေးကြီးကြောင်း ကျန်စစ်သားမင်းကြီးသည်ကောင်းကောင်းကြီးသိတော်မူခဲ့သည်။ ထို့ကြောင့်လည်း ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိ ကျောက်စာတွင်





အရေးကြီးသော ဇာတ်ကောင် သုံးဦးကို ထည့်သွင်းပေးခဲ့ပါသည်။ ပျူလူမျိုးတို့၏ သရေခေတ္တရာ(ဘိသိတ်)မည်သော မြို့ကို တည်ထောင်ရာတွင် ပါဝင်သော ဗိဿုရသေ့၊ မွန်သွေးမကင်းသည့်မွန်လူမျိုးတို့ ယုံကြည်ကိုးကွယ်သော ဂဝံပတိ မထေရ်မြတ်၊ အရိမဒ္ဒနပြည်(ပုဂံပြည်)၌ မင်းပြုမည့် အရှင် ဂြိတြိဘုဝနာဒိတျဓမ္မ ရာဇာ ကျန်စစ်သား မြန်မာမင်းတို့အား ဇာတ်ကောင်ဖွဲ့၍ရေးထိုးထားပါသည်။ ကျန်စစ်သားမင်းသည် ပျူ၊ မွန်၊ မြန်မာတို့၏ တိုင်းရင်းသား သွေးစည်း ညီညွတ်ရေးရှိမှု စိတ်အစဉ်ကို ပေါ်လွင်စေပါသည်။ မွန်ပညာရှိများက မွန်ကျောက်စာ၌ရေးထိုးခဲ့သည်မှာ ကျန်စစ်သားမင်း၏ စိတ်အလိုကို စာပေရသရှိရှိဖြင့် ရေးထိုးနိုင်ခဲ့သည်မှာလည်း အံ့ဘွယ်ပင်ဖြစ်ပါသည်။

ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိ မွန်ကျောက်စာကို စခဲ့သည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါတစ်ပါး၌ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူသောအခါဝယ်ဗုဒ္ဓဘုရားရှင်သာသနာတော် ထွန်းကားမည့်အကြောင်း၊ ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန် ပြုပြီးနောက်၊ အနှစ်တစ်ထောင်ခြောက်ရာသုံးဆယ်လွန်မြောက်သောအခါ အရိမဒ္ဒနပူရပြည် (ပုဂံပြည်)၌ အရှင်ဂြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းဖြစ်ပေါ်မည့်အကြောင်းကို မြင်တော်မူသောကြောင့် ဘုရားသည် ပြုံးတော်မူသည်။ အရှင်အာနန္ဒာသည် ဤသို့အရှင်ဘုရား ပြုံးတော်မူသည်ကား အဘယ်အကြောင်းကြောင့်ပါနည်းဟု မေးလျှောက်တော်မူသည်။ ထိုအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာအား ဤမှ လွန်မြောက်နောင်ကာလရောက်သောအခါတန်ခိုးကြီးသော၊ အာနုဘော်ကြီးသော အဘိဉာဏ်ငါးပါးရသော ဗိဿုရသေ့သည် ငါ၏သား ဂဝံပတိ၊ သိကြားမင်းဗိဿကမ္မ၊ ဝိသကြုံနတ်သားကထကမ္ဗီ၊ အမှုလုပ်နဂါးမင်းတို့နှင့်တကွ သရေခေတ္တရာ(ဘိသိတ်)မည်သောမြို့ကို တည်ထောင်လတ္တံ့။

ထို့နောက် ဗိဿုရသေ့သည် ထိုဘဝမှ စုတေ၍ ဗြဟ္မာ့ပြည်သို့ လားလတ္တံ့၊ ထို

ဖြဟ္မာပြည်မှစတေပြီးလျှင် အရိမန္တနပြည် (ပုဂံပြည်)၌ လာ၍ဖြစ်လတ္တံ့။ အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာ (ကျန်စစ်သားမင်း)ဟူသောအမည်ကို ခံယူရလတ္တံ့။ ငါ၏ သာသနာတော်ကို ချီးမြှင့် ထောက်ပံ့လတ္တံ့၊ ဤသို့လျှင် ဗုဒ္ဓဘုရားသခင်သည် ပြုံးတော်မူခြင်း အကြောင်းကို အရှင်အာနန္ဒာအား မိန့်တော်မူခဲ့ခြင်းအကြောင်းနှင့် ကျောက်စာကိုစခဲ့ပေသည်။ ဤတွင်ပင် ဗုဒ္ဓဘာသာဝင်ဖြစ်သော ပျူ၊မွန်၊မြန်မာတို့၏စိတ်နှလုံးကို သိမ်းကျုံးနိုင်ရန် ဗုဒ္ဓမြတ်စွာနှင့် စခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာကပင် မိမိကျန်စစ်သားမင်းအား ပုဂံထီးနန်းကို အေးချမ်းသာယာစွာ သာသနာပြုပြီး ထွန်းကားအောင် ဆောင်ရွက်ရန် ဗျာဒိတ်ပေးဟန်ဖြင့် ဗုဒ္ဓဘာသာဝင် ပျူ၊ မွန်၊ မြန်မာတို့၏စိတ်နှလုံးကို သိမ်းကျုံးနိုင်ခဲ့လေပြီ၊ တင်ပြပုံမှာ ထိမိလှပါသည်။

မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာအား ဤသို့မြွက်ကြားစဉ် ဘေးပတ်ဝန်းကျင်နား၌ အရှင်ဂဝံပတိမထေရ်ရှိနေ၍ မိမိကိုယ်တိုင် သရေခေတ္တရာ (ဘိသိတ်)မြို့ကို တည်ထောင်ရန် ပါဝင်နေပြီး မြတ်စွာဘုရားအား ထပ်မံလျှောက်ထားလေသည်။ မြတ်စွာဘုရားက ထိုအကြောင်းအရာကို အရှင်ဂဝံပတိအား သိကြားမင်းကို ပြောပြစေရန် မှာကြားခဲ့ပါသည်။ အရှင်ဂဝံပတိလည်း မြတ်စွာဘုရားမြွက်ကြားချက်ကိုသိကြားမင်းအား ပြောပြခဲ့ပါသည်။ နောင်အခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ ကာလကြာမြင့်သောအခါ အရှင် ဂဝံပတိမထေရ်သည် တာဝတိံသာနတ်နန်းသို့ကြွမြန်းပြီး အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်း (ကျန်စစ်သားမင်း)ဖြစ်ခြင်းအကြေ[...]းသိကြားမင်းအား အကျယ်တဝင့် မိန့်ကြားတော်မူခဲ့သည့်အကြောင်းကို မွန်ကျောက်စာတွင် အရေးအသား ထိထိမိမိ သုံးသွားသည်မှာ စာဝေ ရသ ရှိရှိနှင့် မွန်ပညာရှိများသည် ကျန်စစ်သားမင်းအား ဤကျောက်စာဖြင့် ပံ့ပိုးပေးခဲ့ပါသည်။

ကျောက်စာတွင် အရှင်ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇာမင်း (ကျန်စစ်သားမင်း)



အကြောင်းကို သိကြားမင်းအားပြောကြားနေသော အရှင်ဂဝံပတိမထေရ်မြတ်သည် ရိုးရိုးမထေရ် မဟုတ်ပါ။ မွန်လူမျိုးတို့၏သမိုင်းတွင် အရေးပါသော ရဟန္တာမထေရ်မြတ်ကြီးပင်ဖြစ်ပါသည်။ အရှင်ဂဝံပတိမထေရ်မြတ်၏ကျေးဇူးကြောင့် မြတ်စွာဘုရား သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်ပြီး မွန်လူမျိုးတို့အား တရားရေအေးအမြွက်တိုက်ကျွေးပေးခဲ့ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသမိုင်း၊မွန်သမိုင်းတွင် အရှင်ဂဝံပတိသည် အရေးပါသောကဏ္ဍမှပါဝင်ခဲ့ပါသည်။ မွန်လူမျိုးတို့က အရှင်ဂဝံပတိအား မြတ်စွာဘုရားသခင်အား ဖူးတွေ့ခွင့်ရရန် ဆောင်ကြဉ်းပေးသော ကျေးဇူးရှင်ရဟန္တာတစ်ပါး အဖြစ်ဆည်းကပ်ကိုးကွယ်ကြပါသည်။

အရှင်ဂဝံပတိမထေရ်၏ အကြောင်းအကျဉ်းကား ဂေါတမမြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်းငါးဆယ်အလို၌ ကရဏ္ဍကတိုင်း သုဘိန္နနာဂရမြို့၌ ကဏ္ဍကာရမင်း မင်းပြုတော်မူသည်။ ထိုမင်းတွင် သားတော်တစ်ပါး ဖွားမြင်ပြီး ကြန်အင်လက္ခဏာ ပြည့်စုံပြီး မျက်လုံးနှစ်လုံး၏ကြားအလယ်တွင် မဲ့ရှင်တစ်လုံးရှိခဲ့သည်။ ထိုမဲ့ရှင်မှာ မျက်စိနှင့် အလွန်တူသည်။ ကဏ္ဍကာရမင်း မရှိသောအခါ ထိုမဲ့ရှင်မင်းသားကမင်းပြုသည်။ မဲ့ရှင်မှာမျက်စိနှင့် တူသောကြောင့် မျက်စိသုံးလုံးဘုရင်ဟုကျော်ကြားလာပါသည်။ အခါတစ်ပါး၌ ထိုမဲ့ရှင်မျက်စိသည် ပြုတ်ကျကွယ်ပျောက်သွားသည်။ ထိုမဲ့ရှင်မျက်စိကွယ်သောနေရာကို မွန်ဘာသာအားဖြင့် "မတ်ခလို"ဟု ခေါ်တွင်ရာမှ မော်လမြိုင်ဖြစ်လာခြင်းဖြစ်သည်။ မျက်စိသုံးလုံးဘုရင်မရှိပြီးနောက် သားတော် တိဿကုမ္မာမင်းသားက သုဘိန္နနာဂရမြို့ကို ဆက်အုပ်ချုပ်ခဲ့သည်။ ယင်းတွင် သားတော်နှစ်ပါး ထွန်းကားရာ သားတော်ကြီးမှာ သီဟကုမ္မာမင်းသားနှင့် သားတော်ငယ်မှာ အကိုရကုမ္မာမင်းသားတို့ ထွန်းကားသည်။ သားတော်ကြီးသီဟကုမ္မာ ၂၃-နှစ်အရွယ်၊ သားတော်ငယ် အကိုရကုမ္မာ ၂၁-နှစ်အရွယ်တွင် လောကီ၌မပျော်မွေ့၍ ရသေ့ဘဝဖြင့် ဂဋ္ဌဂိရိတောအရပ်၌ တရားဘာဝနာသမထကမ္မဋ္ဌာန်းစီးဖြန်းကာ ရျာန်သမာပတ် ရရှိတော်မူကြပါသည်။

ဤသို့ ရသေ့ညီနောင်နှစ်ပါး ရျာန်သမာပတ်ရကြပြီးစီစဉ်ကြသည်မှာ နောင်တော်ကြီး သီဟကုမ္မာရသေ့က ဂဋ္ဌဂိရိ ဇင်းကျိုက်တောင်ထိပ်၌ နေပြီး၊ ညီတော် အကိုရကုမ္မာမှာ ဗန္ဒဂိရိဇွဲကပင်(ဖြဲကွင်)တောင်ထိပ်၌ သီးခြားနေပြီး တရားဆက်အားထုတ်ရန်စီစဉ်ကြပါသည်။အကြောင်းထူးရှိက အချက်ပေး၊အသိပေးရန် စီစဉ်ထားပါသည်။ အခါတစ်ပါး၌ နဂါးပြည်မှ နဂါးမတစ်ကောင်သည် လူယောင်ဖန်ဆင်းပြီး ဂဋ္ဌဂိရိ ဇင်းကျိုက်တောင်ခြေဝန်းကျင်၌ ပျော်မွေ့နေလေသည်။ ဝိဇ္ဇာဓိုရ်တစ်ပါးကလည်း ရျာန်ပျံလှည့်လည်ရင်း လူယောင်ဖန်ဆင်းသော နဂါးမ၏ရုပ်ရည်သွင်ပြင်ပေါ် မွေ့လျော်ပြီး ရည်ငံသွားကြသည်။ နဂါးမတွင် ကိုယ်ဝန်အရင့်အမာရှိလာပြီး ဥနှစ်လုံးကို ဥချသွားလေသည်။ နဂါးမမှန်းသိသော ဝိဇ္ဇာဓိုရ်သည်လည်း ရှောင်ဖယ်ပြီး ဟိမဝန္တာသို့ ပြန်ကြွသွားလေသည်။ နဂါးမသည် အရှက်ရသည့် မိမိဘဝကြောင့် ဥနှစ်လုံးကို ချန်လှပ်ပြီး နဂါးပြည်သို့ ဆင်းသွားလေသည်။

သီဟရသေ့ကြ[...]ှ် မိမိရျာန်သမာပတ်ဝင်စားပြီး၊ ဗ[...] န်းကျ[...] နေရပ်တောင်ခြေတွင် လှည့်လည်[...]း[...]းဆန်း

သောဥနှစ်လုံးကို တွေ့ခဲ့ရလေသည်။ ထိုဥနှစ်လုံးကို မိမိကျောင်းသခ်မ်းသို့ယူသွားပြီး၊ ညီတော်အကုံရရသေ့အား အချက်ပြခေါ်ပြီး အကျိုးအကြောင်း ပြောပြကာ ဥတစ်လုံးကို ပေးလိုက်ပါသည်။ ထိုဥနှစ်လုံးကို အသီးသီးပြုစုကြပြီး ပေါက်ဖွားလာသောအခါ သားယောကျ်ားလေး အသီးသီးရကြသည်။ သီဟရသေ့အစ်ကိုကြီးရှိ သားယောကျ်ားကို သူရိယကုမ္မာ အမည်ပေးပြီး၊ အကုံရ ရသေ့ညီငယ်ရှိ သားယောကျ်ားကို စန္ဒာကုမ္မာအဖြစ်အမည်ပေး ပြုစုကျွေးမွေးကြပါသည်။

အကုံရ ရသေ့ညီငယ်ရှိ စန္ဒာကုမ္မာ မင်းသားလေး အသက်(၈)နှစ် အရွယ်သို့ရောက်သောအခါ ကျောက်ရောဂါ အကြီးအကျယ်ဖြစ်ပြီး၊ ကွယ်လွန်သွားပြီး (ချင်မိတ္ထို) ပြည် ဂေါဝိန္ဒသူဌေးကတော်တွင် မွေးဖွားခဲ့လေသည်။ အ ရွယ် ရောက်၍ ဂေါတမမြတ်စွာဘုရား၏ တရားတော်ကို နာကြားရပြီးနောက်၊ အဘိဉာဏ် ငါးပါး၊ သမ္မာပတ်ရှစ်ပါး၊ ပဋိသမ္ဘိဒါ လေးပါးရရှိပြီး သောတာပန်တည်ကာ ရဟန္တာဖြစ်ပြီး၊ ရှင်ဂဝံပတိမထေရ်အဖြစ် မြတ်စွာဘုရား ထံပါး၌ တရားဓမ္မဖြင့် မွေ့လျော်ခဲ့ပါသည်။

တိဿဘုရင်ကြီး နတ်ရွာစံပြီးနောက် သုဘိန္နာဂရမြို့ကို အုပ်ချုပ်မင်းလုပ်မည့်သူများ မရှိသဖြင့် မှူးမတ်သေနာပတိများ တိုင်ပင်ကြပြီး၊ သားတော်ညီနောင်ရသေ့နှစ်ပါးထံတွင်မင်းပြုကြရန် ချဉ်းကပ်ကြသည်။ သားတော်ရသေ့ညီနောင်တို့သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လိုသောဆန္ဒမရှိကြသဖြင့် အသက်(၁၈)နှစ် အရွယ်လည်း ရောက်ပြီဖြစ်သော သူရိယကုမ္မာ မင်းသားအား တိုင်းပြည် အုပ်ချုပ်ရန်တိုင်ပင်ကြသည်။ ထိုအခြင်းအရာကိုဝိဿာနိုရ်ကြီးနှင့် သိကြားမင်းတို့သိရှိပြီးဆင်းလာကာ တိုင်ပင်ညှိနှိုင်းပြီး၊ သိကြားမင်းနှင့်ဝိဿာနိုရ်တို့က အလယ်တွင် ရွှေအတိပြီးသောမြို့မြေနှင့် အလယ်တွင် ရွှေအတိပြီးသော မြစ်တစ်စင်းကို ဖန်ဆင်းပြီး သီဟသုဓမ္မရာဇာ အမည်ဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်စေသည်။ ယင်းပြည်ကို ရွှေနိုင်ငံအဖြစ် ထိုမှစ၍ သုဝဏ္ဏဘူမိဟုခေါ်တွင်ခဲ့ပါသည်။

အခါတစ်ပါး၌ အရှင်ဂဝံပတိမထေရ်သည်မြတ်စွာဘုရားအား ရိုသေစွာရှိခိုးပြီး သိလိုသောအချက်ကို မေးလျှောက်တော်မူလေသည်။ ယခုဘဝ မိမိမိခင် ဂေါဝိန္ဒသူဌေးမကြီး သေဆုံးပြီးဖြစ်သည်။ ယင်းအား သံသရာဘေးမှ လွတ်ကင်းအောင် တရားရေအေးတိုက်ကျွေးလိုသည် ဖြစ်၍၊ ဘယ်ဘဝ၊ ဘယ်ဌာနများ ရောက်သည်ကို သိလိုကြောင်း မေးလျှောက်ခဲ့သည်။ မြတ်စွာဘုရားက အရှင်ဂဝံပတိ၏ မိခင်ဂေါဝိန္ဒသူဌေးမကြီးဘဝမှစုတေပြီး၊ သထုံမြို့တောင်ဘက်အရပ် ကုဋ္ဌပဗ္ဗတအရပ်၌ တံင်ပေါ်ရှာ အကြီးအကဲ၏ သမီးအဖြစ် လူ့ဘဝသို့ ပြန်ရောက်နေသည်။ ယင်းအကြီးအကဲနေသောအရပ်မှာ အိမ် ၁၅-လုံးရှိ၍ အရှေ့ဘက်မှ ရေတွက်သော် ခုနစ်အိမ်လွန်မြောက်သော အလယ်အိမ်ပင် ဖြစ်သည်။ ထိုအကြီးအကဲ၏ သားသမီးခုနစ်ယောက်ရှိရာ အကြီးဆုံးမှရေတွက်သော် သုံးယောက်လွန်သော သမီး၊ အောက်ဆုံးမှရေတွက်သော် သုံးယောက်လွန်သော အလယ်ဗဟိုသမီးသည် သင်၏မိခင်ဖြစ်ခဲ့ဖူးသည်ဟု မြွက်ကြားတော်မူခဲ့သည်။

အရှင်ဂဝံပတိသည် မြတ်စွာဘုရားအား ခွင့်ပန်ပြီး၊ သထုံပြည်သို့ ကြွတော်မူခဲ့သည်။ သထုံပြည်ဘုရင် သီဟသုဓမ္မရာဇာနှင့် တွေ့ဆုံရာ အကျိုးအကြောင်းပြောခဲ့သည်။ သီဟသုဓမ္မရာဇာဘုရင်က မင်းချင်းတို့အား အမျိုးသမီးငယ်ကို ခေါ်စေသည်။အရှင်ဂဝံပတိ၏ပြောကြားချက် မှန်မမှန်ကိုအမိဋ္ဌာန်ပြုစေရာ၊ အမျိုးသမီး



ငယ်၏နို့မှုန့်ရည်များပန်းထွက်ပြီး အရှင်ဂဝံပတိ၏ နှုတ်ခမ်းနှင့် ထိမိလေသည်။ သီဟသုဓမ္မရာဇာမင်းသည် အရှင်ဂဝံပတိ၏ပြောကြားချက်မှန်ကန်သည့်အပြင် မိမိ၏ညီဖြစ်ခဲ့သည်ကိုသိခဲ့၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရှင်ဂဝံပတိအား ပူဇော်သမှု ပြုခဲ့သည်။ သီဟသုဓမ္မရာဇာမင်းကြီးက ရှင်ဂဝံပတိ မထေရ်အား ဂေါတမ မြတ်စွာဘုရားအား သုဝဏ္ဏဘူမိ သထုံပြည်သို့ဖူးမျှော်ခံရန်ပင့်လျှောက်ပေးရန် အသနားခံလေသည်။ အရှင်ဂဝံပတိ မထေရ်လည်း မြတ်စွာဘုရားထံ ရောက်ပြီး၊မြတ်စွာဘုရားအား အကျိုးအကြောင်း ပြောပြရာ မြတ်စွာဘုရားက နောက်ပါ ရဟန္တာနှစ်သောင်းနှင့် သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွချီခဲ့တော်မူသည်။ မြတ်စွာဘုရား၏ တရားရေအေးအမြိုက် တိုက်ကျွေးမှုကြောင့် ရာမည တိုင်းသားများ အကျွတ်တရားရရှိတော်မူခဲ့ပါသည်။ ရှင်ဂဝံပတိ မထေရ်နှင့် ပတ်သက်သော အကြောင်း အကျဉ်းမျှ တင်ပြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရှင်ဂဝံပတိမထေရ်သည် မွန်သမိုင်းတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာ ရာမညတိုင်းသို့ ရောက်ရှိလာပုံ၊ မြတ်စွာဘုရား တရားရေအေးတိုက်ကျွေးပုံသည် ဗုဒ္ဓဘာသာ သမိုင်းအရ လည်းကောင်း အလွန်အရေးပါ ထင်ရှားသော သူတော်မြတ်တစ်ပါး ဖြစ်ပါသည်။ ကျွန်စစ်သားမင်းကြီးသည် ဤအချက်ကို သိတော်မူသည့်အလျောက် မိမိ၏ အထ္ထုပ္ပတ္တိကျောက်စာတွင် မိမိအကြောင်းကို ရှင်ဂဝံပတိမထေရ်က သိကြားမင်းအား ပြောပြသည့်အလား ရေးထိုးစေခဲ့ပါသည်။ မွန်လူမျိုးတို့ ယုံကြည်ကိုးကွယ်သော ရှင်ဂဝံပတိမထေရ်ကိုသုံးသွားသည်မှာပညာသားပါ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွက် ထိမိလှပါသည်။ ကျွန်စစ်သားမင်းကြီးနှင့် မွန်ပညာရှိများ ဇာတ်ကောင်ရွေးချယ်မှုနှင့်ကန်ရုံသာမကမွန်ကျောက်စာ၏အရေးအသား၊အသုံးအနှုန်းများမှာ ရသမြောက်ပုံကို စာမြည်းအဖြစ် အောက်ပါအတိုင်း တင်ပြသွားပါမည်။

" အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်း(ကျွန်စစ်သားမင်း)သည်ကောင်းသော သီလဓမ္မတို့ကို ကျင့်သုံး ဆောက်တည်လတ္တံ့၊ နံ့စော်သောအနံ့ရှိသော အလုံးစုံသော ဒုသီလကို အမွေးအကြိုင်ဖြစ်စေသော ကောင်းသော သီလဓမ္မဖြင့် အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် ဖျက်ဆီးစေလတ္တံ့၊ အလုံးစုံသောကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် မစင်ကြယ်သည်ကို စင်ကြယ်သော သီလတည်းဟူသောရေဖြင့် အရှင်ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇာမင်းသည် ဆေးကြောစေလတ္တံ့။

.....˙ တစ်ပါးသော (ချစ်သူနှင့်) ကွဲကွာ၍မျက်ရည်စိုသောသူတို့ကို အကျိုးစီးပွားဆောင်ခြင်းဖြင့် မေတ္တာစိတ်တည်းဟူသောလက်ဖြင့် အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် သုတ်ပစ်လတ္တံ့။ စိတ်နှလုံးမသာယာသူ၏အညစ်အကြေးတည်းဟူသော နှပ်ကို အကျိုးစီးပွားဆောင်ခြင်းဖြင့် သနားခြင်းတည်းဟူသော ရေဖြင့် ဆေးကြောလတ္တံ့ ”

“နတ်မင်း အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည်လကျ်ာလက်ဖြင့်ထမင်းမုန့်ကို လူအပေါင်းတို့အား ပေးလတ္တံ့၊ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုး၊ပစ္စည်းတို့ကို လူအပေါင်းတို့အား ပေးလတ္တံ့၊ ခပ်သိမ်းကုန်သော လူအပေါင်းတို့ကိုလည်း အမိ၏ရင်ဝယ်သားကဲ့သို့ အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် အကျိုးစီးပွားဖြင့် စောင့်ရှောက်လတ္တံ့။ ကြမ်းကြုတ်ခက်ထန်သော လူအပေါင်းတို့ကို အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် ယဉ်ကျေးအောင်ပြုလတ္တံ့၊ မိမိတို့၏ ကိုယ်နှုတ်နှလုံးဖြင့် မညီမညွတ်၊မတိုက်ဆိုင်သူတို့ကို အရှင်မင်းကြီးသည် ညီညွတ်တိုက်ဆိုင်အောင်ပြုလုပ်လတ္တံ့။ ဆိုးသွမ်းသော အမှုလုပ်ကျွန်ယောကျ်ားများသည် သခင်မှန်းမသိသည်ကို မင်းကြီးသည် သခင်တို့အား ပြောဆိုတိုင်ကြားပေးလတ္တံ့ ”

“သခင်၏ တိုင်းပြည်၌လည်း မိုးအကြိမ် တရာ့နှစ်ဆယ်ရွာရကား အလုံးစုံသော ဤမြေကြီးသြဇာတို့သည် ထွက်ပေါ်လာကြလတ္တံ့၊ ကျီကြ တိုက်တာတို့၌လည်း ဥစ္စာပစ္စည်းတို့ဖြင့်ပြည့်ကုန်လတ္တံ့၊ သခင်၏ တိုင်းနိုင်ငံ၌ မိစ္ဆာအယူရှိသူအပေါင်းတို့သည်လည်း သမ္မာအယူ ဖြစ်ကြကုန်လတ္တံ့၊ ရဟန်းအပေါင်းတို့သည်လည်း ကောင်းသောအကျင့်သီလ ပြည့်စုံကြကုန်လတ္တံ့၊ ဗေဒင်ကို သိမြင်ကြကုန်သောပုဏ္ဏားအပေါင်းတို့သည်လည်းအလုံးစုံသော ပုဏ္ဏားတရားနှင့် ပြည့်စုံကြကုန်လတ္တံ့၊ အမျိုးလေးပါးတို့သည်လည်း မိမိ၏ကျင့်ဝတ်တရားတို့ကို အသီးသီးဖြည့်ကျင့်ဆောက်တည်ကြကုန်လတ္တံ့၊ အလုံးစုံသောအရပ်ဌာနတို့၌လည်း မှန်ကန်သော ဟောပြောခြင်း သဘောသည် ထင်ရှားလတ္တံ့။

ဤသို့ဖြင့်ကျွန်စစ်သားမင်းကြီးသည် မိမိ၏အကြောင်းအထ္ထုပ္ပတ္တိကို မွန်လူမျိုးတို့ ကိုးကွယ် ယုံကြည် အားထားသော ရှင်ဂဝံပတိမထေရ်ပြောပြနေသည့်အလား မိမိ၏မွန်စာအရေးအသား၊ မွန်ပညာရှင်တို့ကိုအားထားကာ မွန်၊ မြန်မာ၊ ပျူ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို တည်ဆောက်သွားလေသည်။

---

နိုင်မောင်တိုး

---



# မွန်လူမျိုးတို့ တည်ထောင်သည့် ပါဒမြို့ဟောင်း

မောင်မျိုးကြည်



ရန်ကုန်တိုင်း၊ ဟံသာဝတီ ခရိုင်၊ ကျောက်တန်းမြို့ရေလည်ဘုရားသို့ သွားရောက် ဖူး မြော် သူ တိုင်း သံလျင်မြို့မှ ကျောက်တန်းမြို့သို့ ကားလမ်းဖြင့် သွားရောက်ရသဖြင့် လမ်းခရီး ကျောက်တန်းမြို့သို့ မရောက်မီ "ပါဒကြီးရွာ"ကို ဖြတ်ကျော်သွားရပေသည်။

ထို"ပါဒကြီးရွာ"သည်ကား ရှေးလွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာ (၂၆၀၀)ကျော်ခန့်က မွန်လူမျိုးတို့ တည်ထောင် စိုးစံခဲ့သော မြို့တော်ဟောင်းတစ်မြို့ဖြစ်ခဲ့ဖူးလေသည်။ ယခုအခါ ထို "ပါဒကြီးရွာ"တွင် ရှေးဟောင်းနန်းတော်ရာနေရာများ၊ တည်ဆောက် ကိုးကွယ်ခဲ့သောကျောက်စေတီများ၊ အုတ်စေတီများ၊ စဌ်ဘုရားများ၊ ဂဝံကျောက် ရုပ်ပွားတော်များ၊မြို့ရိုး(ဟောင်း)နေရာများ၊ကျုံးနေရာများ၊ အုတ်နှင့်ကျောက်ပြားဟောင်းများ၊ ပြိုပျက်နေသော စေတီပုထိုးများ တွေ့ရှိနိုင်သေးပါသည်။ ထို့အပြင် ဆင်ကျုံး၊ ဆင်များ ရေကစားရန် (ဆင်ကန်တော်) တစ်ခု၊ ဗြဲတိုက်၊ နန်းရင်ပြင်စသည့်နေရာများယခုတိုင်လေ့လာတွေ့ရှိနိုင်ပါသည်။

မဟာသက္ကရာဇ် (၉၄)ခုနှစ် (ဘုရားမပွင့်မီနှစ်ပေါင်း–၅၀ခန့်)တွင်စစ်တောင်းမြစ်ဝအနီးဝယ် "သုဝဏ္ဏဘူမိ" ခေါ်သည့် သထုံပြည်ကို စတင် တည်ထောင်သော ဓောဖင်းညဲမင်း (တိဿ ဓမ္မ သီဟရာဇာမင်း)သည် သထုံ နေပြည်တော်ကို မင်းနေပြည်တော် ပြုလုပ်တည်ထောင် စိုးစံ၍ နန်းစံ(၄)နှစ်မြောက်သော သက္ကရာဇ် (၉၈)ခုနှစ်တွင် သားတော်သုံးပါးဖြစ်ကြသော တိဿဘောဂသေန၊ တိဿ နာဂသေန၊ တိဿနရသီဟနှင့် သမီးတော်နန်းစောတို့ကို သီးခြားနန်းတော် တည်ထောင်ရန် နောက်ပါဗိုလ်ခြေသုံးသောင်း (၃၀,၀၀၀)နှင့် မင်းနေပြည်တော်မှခွဲခွါ၍ စေလွှတ်လိုက်လေသည်။

ညီနောင်သုံးပါးနှင့် သမီးတော်တို့လည်း "ကဝိစိန္တာအမတ်ကြီး"ကို ခေါ်ဆောင်လျက် ဖခမည်းတော် အမိန့်တော်မြတ်အတိုင်း တိုင်းပြည်သစ်ရှာဖွေ တည်ရန် ပဲခူးရိုးမအစွန်းရှိ တောကြီးကို ဖြတ်ကျော်လာလျက် ကွင်းပြင်နေရာ အရပ်တွေ့တိုင်း အလုပ်အကျွေး ပါရှိသော လှူငါးရာစီကို ခွဲဝေ၍ ရွာငယ်ပေါင်း(၃၆) ရွာတည်ထောင်ထားခဲ့ကြလေသည်။

နောက်ဆုံး ယခု အရပ်ဒေသ "ပါဒကြီး"ခေါ်သော ရွာနေရာ(ရှေးယခင်ကာလက တောနက်ကြီး)သို့ ရောက်ရှိကြသောအခါကုန်းမြေအမြင့်လည်းဖြစ်လျက် ပင်လယ်ကမ်းခြေနှင့်လည်း နီးကပ်သဖြင့် မြို့ နန်း တည် ရန် သင့်မြတ်သည်ဟု အဓိဋ္ဌာန် အကြံပြုလျက် မြို့နန်းတော်အ သစ် တည် ထောင် ရန် ဤနေရာတွင် အခြေစိုက်ခဲ့ကြလေသည်။

ထိုစဉ်အခါက ငှင်းတောတွင်းကြီး၌ ရသေ့ကြီး (၇၁)ဦးနှင့် ရသေ့ငယ်ပေါင်း (၁၀၀၀)တို့ တရားအားထုတ် နေထိုင်လျက် ရှိကြ၏။ မင်းသားညီနောင်တို့လည်း ရသေ့ကြီးတို့နှင့် ရသေ့ငယ်တို့သည် ဂူများအတွင်း သမထတရား အားထုတ်နေထိုင်သည်ကိုတွေ့မြင်ကြရသဖြင့် ဤအရပ်တွင် မြို့နန်းအသစ်တည်ထောင်ရန်နှင့် မိမိတို့မျိုးရိုးဇာတိတို့ကို ပန်ကြားလျှောက်ထားပြီး၊ မြို့နန်းတည်ရန် ခွင့်ပြုပါရန်တင်လျှောက်ရာ ငှင်းရသေ့ကြီးများကလည်း ခွင့်ပြုသဖြင့်၊ ထိုအရပ်ကို နောက်ပါ လူအပေါင်းတို့ဖြင့် ခုတ်ထွင်ရှင်းလင်း၍ မြို့နန်းသစ် တည်ထောင်လေသည်။

သို့ဖြစ်၍ မြို့အကျယ်အဝန်းမှာအရှေ့ဘက်အရပ်သို့ တစ်ယူဇနာယခင်ဒုံသတိုင်မြို့ (ယခု သုံးခွမြို့)၊ အ နောက် သို့ တစ်ယူဇနာ၊ယခင်ဓိပ်ဖြဲမြို့(ယခု သီလဝါမြို့)အထိ လည်းကောင်း၊ မြောက်ဘက်သို့ တစ်ယူဇနာ ယခင် အတရံမြို့(ယခု သံလျင်မြို့)၊ တောင်ဘက်သို့ တစ်ယူဇနာ ယခင် ဂွမ်းမြို့(ယခုကျောက်တန်း)အထိ လည်းကောင်း လေးယူဇနာ သတ်မှတ်လျက် ရေကျုံး၊ ညွှံကျုံး၊ အခြောက်ကျုံး၊ ကျုံးကြီး (၃)တန်ပြုလုပ်၍ မြို့တော်ကို ဝဝ်ကျောက် မြို့ရိုးအမြင့် (၁၈)တောင်၊ တံခါးမကြီး(၉၀)၊တံခါးငယ်(၁၆၀)၊ပစ္စင်(၉)ခု၊ ရင်တား(၅၃)ခု၊ မုခ်(၂၀)၊ ပြအိုး(၁၅)ခု၊ သူရဲနို(၃၀)ခုတို့နှင့် မြို့အင်္ဂါ အဖြာဖြာစီမံပြုလုပ်လျက် နှမတော် စောနန်းကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်၍ ညီတော်နှစ်ပါးအား အိမ်ရှေ့ထီးနန်းပေးကာ "တိဿဘောဂသေန" မင်းသည်စီမံစိုးစံလျက် "မဟာသက္ကရာဇ် (၉၈၃) သီတင်းကျွတ် လဆန်း(၈)ရက်၊ စနေနေ့မွန်းတည့်(၁၂)နာရီ"တွင်(ဘောဂသေနတိဿသီဟဒီပဓမ္မရာဇာ) ဟူသော ဘွဲ့တံဆိပ်တော်ဖြင့်"ပါဒနေပြည်တော်" ဟု နာမည်သစ် သမုတ်တော်မူ၍ မင်းပြုလေသည်။



"ပါဒ"ဟူသောစကားသည် ပါဠိပျက်စကားသာ ဖြစ်လေသည်။ "ရှေးဦးအစ ပထမ မူလအခြေ"ဟု အဓိပ္ပါယ် သက်ရောက်၍ ထိုနေရာ၌မွန်လူမျိုးတို့ ပထမဦးဆုံး မြို့နန်းသစ် တည်ထောင်စိုးစံသဖြင့် မြို့တော်အမည်ကိုပါဠိပျက်စကားခေါ်ဝေါ်ခြင်းပင်ဖြစ်လေသည်။ သို့ဖြစ်ပါ၍"ရှေးဦးမြို့တော်"(သို့မဟုတ်) "ပထမဆုံး နေပြည်တော်"ဟူ၍ အမည်ခေါ်ဝေါ်သမုတ်ခြင်းပင် ဖြစ်သည်။

ထို "ပါဒနေပြည်တော်" တွင် မင်းဆက်ပေါင်း(၃၄)ဆက် စိုးစံ၍၊ နှစ်ပေါင်း နှစ်ရာခန့် နန်းသက်ရှည်ကြာခဲ့ပါသည်။ ပါဒနေပြည်တော်တွင် စိုးစံခဲ့သော မင်းပေါင်းဘုရင်များမှာ–

(၁)တိဿဘောဂသေနမင်း
(မြို့နန်းအသစ်တည်မင်း)၊

(၂)တိဿနရသေနမင်း(ညီတော်)၊

(၃)မြကေနောင်မင်း၊

(၄)ဟံသာသေနမင်း၊

(၅)ရာဇစောနောင်မင်း၊

(၆)နန်းစောရှင်မင်း၊

(၇)ဇေယသေနမင်း၊

(၈)နာဂသီဟမင်း၊

(၉)ရာဇာဒကမင်း၊

(၁၀)နရကျော်မင်း၊

(၁၁)ဒွတ္တနာဂမင်း၊

(၁၂)အနုဝီယမင်း၊

(၁၃) ဒေါမဟံမင်း၊

(၁၄) ကန္တဝဇ္ဇမင်း၊

(၁၅)စောရဟန်မင်း၊

(၁၆)ဇေဏျဒကမင်း၊

(၁၇)ဇေယျကျော်ထင်မင်း၊

(၁၈)အောင်ဓေယျမင်း၊

(၁၉)မင်းစောနောင်မင်း၊

(၂၀) ကော့ဒွတ်မင်း၊

(၂၁)ရာဇဒေဝမင်း၊

(၂၂)ရာဇကောဇမင်း၊

(၂၃)ဇနသူရမင်း၊

(၂၄)ကန္ဒမင်း၊

(၂၅)နရာသဘမင်း၊

(၂၆)မောပုလ္လမင်း၊

(၂၇)ခသုဇလမင်း၊

(၂၈)စောဖျားကျော်မင်း၊

(၂၉)ဟာနကမင်း၊

(၃၀)စောဘုန်းကြွယ်မင်း၊

(၃၁)မောစောနောင်မင်း၊

(၃၂)စောစလာမင်း၊

(၃၃)မွန်မင်းနှင့်

(၃၄)နရိန္ဒမင်းတို့ဖြစ်ကြပါသည်။

ဖော်ပြပါ မင်းပေါင်း (၃၄)ဆက် အနက်မင်းဆက်ပေါင်း(၁၀)ဆက်ခန့်သာ လူမျိုး၊ဘာသာ၊ တိုင်းနိုင်ငံ စည်ပင်ဝပြော တိုးတက်မှုကို ဆောင်ရွက်တော်မူကြ၍၊ ကျန်မင်းပေါင်းများစွာတို့မှာ ညီအစ်ကို ချင်း၊ သားအဖချင်း၊ တူအရီးချင်းစသည် ဖြင့် တိုက်ခိုက်သတ်ဖြတ် နန်းလုခြင်းများ ပြုလုပ်လျက်ရှိပြီး၊ အချို့မင်းများ နန်း သက်(၇)ရက် (သို့မဟုတ်) တစ်လမျှပင် နန်းစံရခြင်း မရှိကြရပေ။ အချို့မင်းများ နန်းသက်ရှည်ကြာလေသည်။

မွန်လူမျိုး၊ ကရင်လူမျိုး၊ ရှမ်းလူမျိုး၊ မွန်ခမာလူမျိုးစသည်ဖြင့် နိုင်ငံတော်တွင်း လူမျိုး၊ဘာသာခွဲခြားမှု စိတ်ဝမ်းကွဲသဖြင့် "ပါဒနိုင်ငံတော်ကြီး"ကား ထီးနန်းသက် (၂၀၀)ခန့်အတွင်း မင်းဆက် ပျက်သုဉ်း ခြင်းအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

ဤသည်ကား ယခု "ပါဒကြီးရွာ" ခေါ်သည့် ရှေးက "ပါဒနိုင်ငံ မြို့ ဟောင်း"၏သမိုင်းဖြစ်ရပ်မှန်များပင်ဖြစ် ပါသည်။ ယခုအခါ ဟံသာဝတီခရိုင် "ကျောက်တန်းရေလည်ဘုရား"ခေါ်သည့် "ကျိုက် မော့် ဝန်း ရေလည်ဘုရား"သည် လည်းကောင်း ပါဒမင်းဆက် (၇)ဆက် မြောက် ဓေယသေနမင်းကြီး တည်ထား ခဲ့သည့် ဘုရားစေတီပင်ဖြစ်၏။ ထို့ပြင် ယခုသံလျင်မြို့ရှိ "ရှင်ပင် ကျိုက်ခေါက် စေတီတော်ကြီး"သည်လည်း ပါဒမင်း ဆက် (၆)ဆက်မြောက် နန်းစောရှင်မင်း တည်ထားခဲ့သည့် စေတီတော်ကြီးပင်ဖြစ် ခဲ့လေသည်။

ထိုစဉ်အခါက"ပါဒနိုင်ငံတော်ကြီး" သည်မြန်မာနိုင်ငံအောက်ပိုင်းအထိတန်ခိုး ကြီးထွားလျက် ရှိနေပေသည်။ ပုဂံမင်း နေပြည်တော်တွင် ဘုရားပုထိုး သိန်းကျော် တည်ရှိနေသကဲ့သို့ ယခုပါဒကြီးရွာ (ပါဒ မြို့ဟောင်း)တွင်လည်း ရှေးမင်းများတည် ထား ကိုးကွယ်ကြသည့် ပြိုပျက်နေသော စေတီပုထိုးပေါင်း ရာကျော်မျှ တွေ့ရှိရပါ သည်။ ပါဒနိုင်ငံတော်သည် မွန်လူမျိုးတို့ ၏ ရှေးဦးတည်ခဲ့သောနိုင်ငံဖြစ်၍ လွန်ခဲ့ သော နှစ်ပေါင်း(၂၆၀၀)ကျော်က ပေါ် ပေါက်ခဲ့သည့် မြို့တော်ဟောင်း ဖြစ်ခဲ့ပေ သည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့၏ အရှေ့ တောင်ဘက်(၁၅)မိုင်အကွာ သံလျင်မြို့မှ (၇)မိုင်ရှိ ကျောက်တန်းမြို့သို့သွားသော ကားလမ်းဘေးအနီးတွင် ရှေးကပါဒနိုင်ငံ တော် တည်ရှိ၍ (ယခု ပါဒကြီးရွာ)ကို တွေ့မြင်နိုင်လေသည်။ မြန်မာနိုင်ငံ ရှေး ဟောင်း သုတေသနဌာနမှ ထိုပါဒနိုင်ငံ မြို့ဟောင်း (ယခု ပါဒကြီးရွာ)ကို မြို့ ဟောင်း တူးဖော်ရှာဖွေခြင်း မပြုလုပ်ရ သေးချေ။

ထို့ကြောင့် ၄င်းအရပ်ဒေသ "ပါဒ ကြီးရွာ" (ပါဒမြို့တော်ဟောင်း)ကို ရှေး ဟောင်း သုတေသနဌာနမှ တူးဖော်ရှာ ဖွေလေ့လာခြင်းများ ပြုလုပ်သင့်ကြောင်း ရေးသားတင်ပြရပေသတည်း။

မောင်ကြည်မျိုး

( ၁ )

ပဲခူး (ဟံသာဝတီ နေပြည်တော်၌) အေဒီ ၁၀၄၃-၅၇ ခုနှစ်၌ တိဿရာဇာ အမည်ရှိသော မင်းတစ်ပါးသည် နန်းစံ သောအချိန် ဖြစ်၏။ ထိုတိဿမင်းကြီး သည်ကား ဘုရားကိုမရှိနိုး၊ မကိုးကွယ်၊ မဆည်းကပ်၊ တရားကိုလည်း မကိုးကွယ်၊ မဆည်းကပ်၊ မနာယူ၊ သံဃာကိုလည်း မကိုးကွယ်၊ မဆည်းကပ်၊ မရှိနိုး။ မိစ္ဆာ ဒိဋ္ဌိအယူကို ကျင့်သုံးခံယူလျက် နေ၏။ ဗြဟ္မဏဝါဒ ပုဏ္ဏားတို့ကိုသာ ကိုးကွယ် ဆည်းကပ်၏။ တိုင်းသူပြည်သားတို့ကို လည်း ဗြဟ္မဏဝါဒကိုသာ ယူစေပြီး ထေရဝါဒ ဗုဒ္ဓသာသနာကို ဖွံ့ဖြိုးစေ လျက် မင်းပြုအုပ်ချုပ်လေ၏။

တိုင်းသူပြည်သားများ၏ အိမ်တိုင်း အိမ်တိုင်း၌ တည်ထားကိုးကွယ် ပူဇော် လျက်ရှိသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော် အရှင်မြတ်များကို မစင် အညစ်အကြေး တို့ဖွံ့ရာ မသန့်မပြန့်သော ရေမြောင်း ချောင်း ရွံ့ဗွက်တို့၌ အကြွင်းအကျန်မရှိ စွန့်ပစ်ကြရမည်။ ဘုရားစေတီပုထိုးများ ရှေ့၌သွားရောက်ကာ ဝတ်ပြု၊ ဝတ်တ ခြင်း၊ ရှိနိုးခြင်း မပြုရ။



# ယုဇန

မော်ကွန်း

# သာသနာပြုသူရဲ့ကောင်း မွန်အာဇာနည်မယ် တာလဝေါ်

အမိန့်ကို ကျူး လွန်ဖီဆန်ခြင်းပြုသူအားမင်းပြစ်မင်းဒဏ် ကျခံစေရမည်ဟူသော အမိန့်တော်ကြီး ထုတ်ကာ ထေရဝါဒ ဗုဒ္ဓဘာသာအယူကို ထိ ထိ ရောက် ရောက် တား မြစ် ထား လေသည်။



ပြည်သူပြည်သားတို့လည်းမင်းအမိန့်ကိုမဖီဆန်ဝံ့ကြပဲရှိ၏။သို့သော်ဗုဒ္ဓရုပ်ပွားတော်များကိုတော့ သန့်ပြန့်သော မြစ်ချောင်းတို့၌သာ စွန့်ကြကုန်၏။ တချို့လည်း မစွန့်လိုကြ၍ လုံခြုံသောနေရာတို့၌ သိုဝှက်သိမ်းဆည်း ပူဇော်ထားကြကုန်၏။

ထို့ကြောင့် ဟံသာဝတီနေပြည်တော်ကြီး၌ ထေရဝါဒ ဗုဒ္ဓသာသနာကြီးသည် တိမ်မြုပ်ပျောက်ကွယ်မှန်းမသိ တိမ်မြုပ်ခဲ့ပြီး ဗြဟ္မဏဝါဒသည် နေပြည်တော်၌ ဖုံးလွှမ်း ဝါးမြိုလေ၏။ ဗြဟ္မဏပုဏ္ဏားတို့လည်းအခွင့်အရေးကိုလက်လွှတ်မပေး၊ ခြေချင်းလိမ်ကာ ခေါင်းမော့လည်ဆန့်နေလေတော့၏။

(၂)

မှန်သောအကျင့်၊ မှန်သောအယူ၊ မှန်သောတရား၊မှန်သောဝါဒကို မည်သို့သောသောအကြောင်းနှင့်မျှ ဖုံးကွယ် တားဆီးဖျက်ဆီး၍ မရပါ။ အရာရာ၌ မှန်သောတရားကသာ အနိုင်ယူစမြဲ ဖြစ်ပါသည်။ အလင်းရောင်ကို အမိုက်တိုက်ကဖုံးလွှမ်းလို့ရကောင်းသော အရာမဟုတ်၊ အမိုက်တိုက်ကိုသာ အလင်းရောင်က ဖြိုခွင်းဖုံးလွှမ်းရမြဲဓမ္မတာမဟုတ်လော။ဟံသာဝတီနေပြည်တော်၌ မိစ္ဆာဒိဋ္ဌိအမိုက်မှောင်ကြီးကြီးစိုးလေပြီ။ ထိုအမိုက်မှောင်ကို ဖြိုခွင်းရန် ဟံသာဝတီ နေပြည်တော်ကြီးမှာပင် မှန်ကန်သောအယူဝါဒ (ဗုဒ္ဓဘာသာ) ကို အစွဲအမြဲအသက်နဲ့လဲ၍ ကိုးကွယ်ဆည်းကပ်သော ဘဒြာဒေဝီ(ခေါ်)သူကြွယ်သမီးတစ်ဦးရှိ၏။ သူသည် ဆယ်နှစ်သမီးအရွယ်မှစ၍ သူ၏ မိဘဘိုးဘွားများနှင့်တကွ တရားတော်ကို နာယူလေ့ရှိသူဖြစ်၏။ ကိုယ်ကျင့်သီလတရားကို စွဲမြဲစွာလိုက်နာကျင့်သုံး၏။ ရတနာသုံးပါးကို အလွန်အလေးအနက်ထား ကိုးကွယ်လေ၏။

“အလို••ကျိုက်••ထော်••စန်း••
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။”

ဘဒြာဒေဝီသည် သရဏဂုံသုံးပါးကို နေ့စဉ်မပြတ် သတိရှိရှိ ထိထိနိုက်နိုက်ရွတ်ဆိုလေ့ရှိ၏။

တီသဘုရင်သည် နေပြည်တော်ရှိဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို တိုင်းသူပြည်သားတို့အား စွန့်ပစ်စေသောအချိန် မွန်တို့၏ အချက်အချာ ဟံသာဝတီ(ပဲခူး) နေပြည်တော် မိစ္ဆာဒိဋ္ဌိနိုင်ငံ၌ ဗြဟ္မဏဝါဒနှင့် မဟာယာနစသည်များကို တွန်းလှန်တိုက်ဖျက်၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကို အသက်နှင့်လဲ၍ သာသနာပြုရဲသူ မွန်အမျိုးသမီး အာဇာနည်မယ်လေး ဘဒြာဒေဝီ (ခေါ်) တလထော်သည်ကားလူလားမြောက် အရွယ်ရောက်လျက် ရှိချေပြီ။

တလထော်
တလ = အရှင်သခင်၊
ထော် = တရား၊
တလထော် = တရားသခင်မ

(၃)

တစ်နေ့သောအခါ တလထော်သည် အစေအပါးအဖော်များနှင့်အတူ ရေချိုးရန် မြစ်ဆိပ်သို့သွားလေသည်။ အဖော်များနှင့် ရေချိုးနေစဉ်တွင်

“အလို••ကျိုက်••ထော်••စန်း••
ဘုရား•• တရား•• သံဃာ”
“ဘာဖြစ်လို့လဲ သခင်မလေး”

ရုတ်တရက် အော်လိုက်သော တလထော်၏ အသံကြောင့် အဖော်များသည် စိုးရိမ်တကြီး တလထော်အနား ဝိုင်းဝန်းကာ မေးမြန်းကြ၏။

“ဘာမှန်းတော့ မသိဘူး၊ တစ်ခုခုကို လက်နဲ့ တိုက်မိသွားလို့ပါ”ဟု မေးလာသောစကားကို ဖြေကြားလိုက်၏။

တလထော်သည်သူတိုက်မိသောအရာဝတ္ထုကိုစူးစမ်းလို၏။ သိချင်၏။ ရေချိုးဆိပ်၌ ကျောက်ခဲ၊သစ်တုံး၊သစ်ငုတ် ဆူးညှောင့်စသော အန္တရာယ်များ ရှိနေလျှင် အခြားသူများကို ထိနိုက်နိုင်၏။ အများကို ထိနိုက်စေနိုင်သော အန္တရာယ်များကို ဖယ်ရှားရန်မှာမွန်မြတ်သောစိတ်ထားရှိသူတိုင်း၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် တာဝန်သိတတ်၊ စိတ်ထားမြတ်သူပီပီ သူတိုက်မိသောအရာကိုလိုက်လံစမ်းလေ၏။ ရှာဖွေ တွေ့ရှိသောအခါ ရေထဲမှ ဆွဲယူလိုက်ရာ သူ ထင်သလို အန္တရာယ်မျိုးမဟုတ်။သစ်တုံး၊ကျောက်ခဲလည်းမဟုတ်၊ ရွှေရောင်တဝင်းဝင်းအဆင်းနှင့် ကြည်ညိုဖွယ်သပ္ပါယ်လှသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တစ်ဆူ ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိဖူးမြင်လိုက်ရ၏။

“အလို•• ဒီရုပ်ပွားတော်အရှင်မြတ်ကို ဘယ်လိုလူကများ စွန့်ပစ်ထားပါလိမ့်နော်၊ ဖြစ်မှဖြစ်ရလေ”ဟုညည်းတွားပြောလိုက်ရာ အတူပါလာသူ အမျိုးသမီးကြီးတစ်ဦးက –

“ အရှင်မ•••• အရှင်မင်းကြီးဟာ မှားယွင်းတဲ့ ဗြဟ္မဏဝါဒမိစ္ဆာဒိဋ္ဌိ ဆရာကြီးများကို ကိုးကွယ်ပြီး သူတို့ရဲ့စကားကို နားယောင်ကာ မိစ္ဆာအယူကို ကျင့်သုံးနေတယ်။ ဒီရုပ်ပွားတော်အရှင်မြတ်ကို စွန့်ပစ်နိုင်းတာလည်း ဒီဘုရင်ပဲဖြစ်မှာ သခင်မရဲ့” ဟု ပြောလိုက်၏။ ဆက်၍•••

“ဒါတင်ဘယ်ကဦးမလဲသခင်မလေး၊ ဘုရားစေတီပုထိုးတွေ ရှေ့မှာ သွားပြီး ဝတ်တက် ရွတ်ဆိုတဲ့လူ၊ ရှိခိုးကန်တော့ ပူဇော်တဲ့လူတွေကိုလည်း ညှဉ်းဆဲ သတ်ဖြတ်နှိပ်ကွပ်ပစ်သတဲ့၊ ဒါတွေကို အမိန့်ထုတ်တားမြစ်ထားတယ်လေ”

“ဒီလိုဆိုရင် ဒီအမိန့်ကို အားလုံးကလိုက်နာကြရောလား”

“ တချို့လည်း မင်းပြစ်မင်းဒဏ်ကိုကြောက်ရွံ့ပြီး စွန့်ပစ်ကြတာပဲ၊ လိုက်နာကြရတယ်။ တချို့လည်း ဗုဒ္ဓရုပ်ပွားတော် အရှင်မြတ်များကိုလုံခြုံတဲ့နေရာမှာ သိမ်းဆည်းသိုဝှက်ပြီးကိုးကွယ်ကြတယ်။ အဲဒီလိုကိုးကွယ်တာကို သိရှိလို့ ဖမ်းဆီးပြီး ညှင်း ဆဲ သ[illegible] ဖြတ် ခြင်း ကိုလည်း တချို့ခံကြ[illegible]ပဲ၊ ဒါကြောင့်အခုဆိုရင် နေပြည်တော်မှ ဗု[illegible]ရုပ်ပွားတော်တွေကို အရိပ်အရောင်[illegible]တောင်

ဖူးမြင်ရဘို့ မလွယ်ဘူး သခင်မလေး"ဟု ပြောပြသည်ကို ကြားရလျှင် တလထော်သည်…

"အလို•• ကျိုက်•• ထော်••စန်း (ဘုရား–တရား–သံဃာ) ကျွန်မ ရတနာသုံးပါးကိုယုံကြည်စွာကိုးကွယ်ဆည်းကပ်သူပါ။ သတ်လည်း အသေခံရဲပါတယ်။ ဒီ ရုပ်ပွားတော်မြတ်ကိုသာ ရေသပ္ပါယ် (ဆေးကြော)ပြီး ထိုစေတီတော်မှာ သွားရောက်တည်ထားပါရချေအမိ" ဟု ပြောပြောဆိုဆို သူကိုယ်တိုင်လည်း ပါဝင်ဆေးကြောနေ၏။

"သခင်မ•• မင်းပြစ်မင်းဒဏ်ဆိုတာ အလွန် ကြောက်စရာ ကောင်းလှပါဘိ သခင်မရယ်၊ ဒီရုပ်ပွားတော်မြတ်ကို မပူဇော်ချင်ပါနဲ့"ဟု တားမြစ်ကြသော်လည်း လုံးဝမရသည့်အဆုံး၌ အစေအပါးအဖော်များသည် ရုပ်ပွားတော်မြတ်များကို ဝိုင်းဝန်းဆေးကြောကာ စေတီတော်တစ်ဆူ၌ တည်ထားကိုးကွယ်ကြလေ၏။

(၄)

တလထော်သည် ရုပ်ပွားဆင်းတုများကို ကောက်ယူ၍ နံ့သာရေဖြင့် ဆေးကြောကာ တည်ထားကိုးကွယ်နေကြောင်းကို မင်းချင်းများက တိဿဘုရင်ကြီးထံ သံတော်ဦးတင်ကြ၏။

ဘုရင်ကလည်းချက်ချင်းပင်မင်းချင်းများအား တလထော်ကိုဖမ်းဆီးခေါ်ဆောင်ကာ ရှေ့တော်သို့သွင်းစေဟူသော အမိန့်ကို ချမှတ်လိုက်လေ၏။ မင်းချင်းတို့သည်လည်း တလထော်ကို ဖမ်းဆီးရန် အမိန့်တော်နှင့် တလထော်ထံသွားကြလေသည်။

"သခင်မလေး•• ဒုက္ခတော့ရောက်ပြီထင်ပါရဲ့ သခင်မလေးရယ်၊ ဟိုမှာကြည့်စမ်း၊ ဒီဘက်ကိုလာနေကြတဲ့ လူတွေဟာ မှူးကြီးမတ်ကြီးတွေ မဟုတ်လား" ဟု အမျိုးသမီးတစ်ယောက်က ပြောလေ၏။

"ဟုတ်တယ် ••• ဟုတ်တယ် ဒါ မင်းကြီးက လွှတ်လိုက်လို့ပဲ ဖြစ်မှာ၊ ဘယ်လိုလုပ်ကြမလဲ သခင်မလေး" ဟု နောက်ထပ်တစ်ယောက်က ထောက်ခံပြောဆိုလေ၏။

တလထော်သည် မိမိတို့ထံလာနေကြသော ဝန်မင်းများ ဘုရင့်ဘက်တော်သားများကို တစ်ချက် လှမ်းကြည့်လိုက်ပြီး ဣန္ဒြေမပျက်ငြိမ်သက်တည်ကြည်စွာ မိမိတို့ ဆယ်ယူထားသော ရုပ်ပွားတော်များကိုဆေးကြောလျက်ပင်••

"အားလုံး ဘာမှမစိုးရိမ်ကြပါနဲ့•• သခင်မနိုင်းတာကိုသာ ဆက်ပြီး ပြီးစီးအောင် ဆောင်ရွက်ကြပါ" ဟု ပြောဆိုလိုက်၏။

"ဟော့••• သူငယ်မ၊ တလထော်ဆိုတာ အသင်မဟုတ်လား"

"ဟုတ်ပါတယ် ဘိုးဘိုးကြီးတို့ရှင့်၊ တလထော်ဆိုတာ သမီးပါဘဲ"

"နင်က ဘာကြောင့်ဘုရင်မင်းမြတ်အမိန့်အာဏာကို ဖီဆန်ရတာလဲ"

"မဖီဆန်ဝံ့ပါ ဘိုးဘိုးကြီးရယ်••"

"ဟေ••နင်အခုလုပ်နေတာ အာဏာကို ဖီဆန်တာပဲမို့လား•• ကဲ ကဲ •• အချိန်မရှိဘူး၊ ဘုရင်မင်းမြတ်ရှေ့တော်ရောက်မှ ရှင်းပေါ့။ အခုတော့ တို့နဲ့လိုက်ခဲ့၊ ဘုရင်အမိန့်တော်နဲ့ ဘိုးဘိုးတို့လာကြရတာပဲ သူငယ်မ"ဟု ခေါင်းဆောင်ဟု ထင်ရသော ဝန်မင်းတစ်ဦးက ပြောဆိုလေ၏။ အာဏာသားများကိုလည်း တလထော်အားဖမ်းစေရန်အချက်ပေးလိုက်၏။



တလထော်သည် အလျှင်အမြန်ပင်မိမိအတွက် အခွင့်အရေးကို တောင်းဆိုရန်ဟန်ပြင်ကာ••

"ဘိုးဘိုးကြီးတို့ရှင့်•• ဘိုးဘိုးကြီးတို့နောက်ကို သမီးလိုက်ပါ့မယ်၊ ဒါလေးပြီးအောင် ခေတ္တသည်းခံပါဦးဘိုးဘိုးကြီးတို့ရယ်" ဟု အသနားခံလေ၏။

"ဒါ•• ဘုရင့်အမိန့်တော်၊ မစောင့်နိုင်ဘူးဟေ့•• ခုချက်ချင်းလိုက်ခဲ့" ဟု တစ်ဦးသောဝန်မင်းက ဟန့်တားလေ၏။

တလထော်သည် မင်းချင်းများထံ အတန်တန် အသနားခံသော်လည်း မရသည့်အဆုံး၌ ကျောက်မျက်ရတနာအများ ခြယ်စီထားသော တန်ဘိုးမဖြတ်နိုင်သော လက်စွပ်ကို လက်မှချွတ်လျက်‥

"ဘိုးဘိုးကြီးတို့ရယ်‥‥ သမီးကို သနားကြပါဦး ဘိုးဘိုးကြီးတို့ရယ်၊ သမီးကို ခေတ္တခဏခွင့်ပြုပါ၊ ဒီလက်စွပ်ကို ဘိုးဘိုးကြီးတို့ကိုကျေးဇူးတုံ့ပြန်သောအားဖြင့် ကန်တော့ပါတယ် ဘိုးဘိုးကြီးတို့ရယ်‥၊ ယခုဆယ်ယူထားသောဆင်းတုတော်များကို အမြန်ဆေးကြောပြီး ချက်ချင်း လိုက်ပါ့မယ် ဘိုးဘိုးကြီးတို့ရယ်" ဟု လက်စွပ်ကို လက်ဆောင်တံစိုးအဖြစ်ဖြင့်ပေးကာ ပြောဆိုတောင်းပန်၏။

မင်းချင်းတို့လည်း‥‥ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၊ ပြိုးပြိုးပြောင်ပြောင်လက်စွပ်ကြီးကို ကြည့်လိုက်ဖြင့် ခေတ္တစဉ်းစားဟန်ပြုပြီး ချိုသာသောလေသံဖြင့်‥

" ကဲ‥ကဲ ဒီလောက်တောင်းခံနေရလည်း ခေတ္တတော့ ဘိုးဘိုးတို့ ခွင့်ပြုစောင့်နေပါ့မယ်။ သမီးကိုစွ မြန်မြန်ဆောင်ရွက်ပြီး လိုက်ခဲ့ပေါ့"ဟု ပြောဆိုလေ၏။

တလထော်သည် သူ၏အစေအပါးများကို ဆေးကြောလက်စ မြောက်မြားစွာသောဗုဒ္ဓရုပ်ပွားတော်မြတ်များကို အလျင်အမြန်ဆေးကြောသုတ်သင်နိုင်း၏။ သူသည် ရုပ်ပွားတော်မြတ်များရှေ့၌ ငါးပါးသီလကို ခံယူ ဆောက်တည်လိုက်၏။ ဘုရင်နှင့်တကွ မင်းချင်းများကို မေတ္တာဓာတ်ဖြင့်လွှမ်းခြုံစေ၏။ဘုရားဂုဏ်တော်များကိုလည်း ပွားများလေ၏။

တိဿဘုရင်လည်း ပယမလွှတ်လိုက်သောမင်းချင်းများ ပြန်မရောက်လာသဖြင့် နောက်ထပ်မင်းချင်းများကို ထပ်မံလွှတ်လိုက်ပြန်၏။ ထိုသို့များစွာသောမင်းချင်းတို့ကို အထပ်ထပ် အခါခါ လွှတ်၍ တလထော်ကို ဖမ်းဆီးစေ၏။

(၅)

သို့နှင့် တလထော်သည် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်ရှိလာလေသည်။ မိမိရှေ့သို့ရောက်ရှိလာသော တလထော်အား တိဿဘုရင်ကြီးက "သင်သည်‥ ငါကိုယ်တော်မြတ်ရဲ့ အမိန့်အာဏာကို ဖီဆန်ကာ ဗုဒ္ဓရုပ်ပွားတော်တွေကို ရေထဲမှ ဆယ်ယူပြီး ကိုးကွယ်ပူဇော်တာ မှန်သလော" ဟု မေးလေသည်။

"မှန်ပါသည် အရှင်မင်းကြီး‥"

"ဒီအရုပ်တွေကိုရှိခိုးပူဇော်လို့ သင့်အတွက် ဘာအကျိုးရှိမှာလဲ‥"

"ယခုဘဝမှာရော နောက်နောက်ဘဝတွေမှာပါ မရေတွက်နိုင်သော အကျိုးတရားများကို ဧကန်ရရှိမှာ ဖြစ်ပါတယ်။ ရတနာသုံးပါးဆိုတာသတ္တဝါတွေအတွက် သုခစီးပွား ပွားစည်းတိုးတက်ရန်ဖြစ်ပေါ်လာတာပါအရှင်မင်းကြီးဘုရား"ဟု ရဲဝံ့စွာ ပြန်လျှောက်လေ၏။

ဘုရင်ကြီးသည် အလွန်ဒေါသအမျက်ထွက်လျက်‥‥

"အို‥ဘာအကျိုးပေးတာလဲ၊ မမြင်ရတဲ့တမလွန်လောကကို ပုံချပြီးပြောချင်တိုင်းမပြောနဲ့၊ အေး‥သင့်ကို ခုချက်ချင်း အကျိုးပေးတာ မြင်ရမှာပေါ့‥"

"တောက်"

"ငါ့အမိန့်ကိုဖီဆန်ရင် ငါ့အကြောင်းသိရမှာပေါ့‥‥"

"အမောင်တို့‥ဒီအယုတ်မအမိုက်မကို ဆင်တင်းကုတ်ရှိ ဆင်ရိုင်းတွေဆီ ခုချက်ချင်း ခေါ်သွားကြ၊ မသေမချင်းဆင်နင့်နင်း၍ သတ်စေ" ဟူသော အမိန့်ကို ချမှတ်လိုက်လေသည်။

အနီးရှိ မင်းချင်းများလည်း အမိန့်တော်အရ တလထော်အား ဆင်ဖြင့်နင်းသတ်ရန် ဆွဲခေါ်သွားကြ၏။

(၆)

မင်းချင်းများနှင့် အာဏာသားများက တလထော်ကို ကြိုးများဖြင့်တုတ်ချည်နှောင်လျက်ခေါ်ဆောင်လာကြချေပြီ။ပြည်သူပြည်သားတို့သည်လည်း ကြက်ပျံမကျစည်ကားစွာ လာရောက် ကြည့်ရှုကြလေသည်။

"အို‥ ဒီသူငယ်မလေးလား‥ရုပ်ကလေးကလည်း ချစ်စရာ‥အလွန်ချောမောလှပါဘိနဲ့‥နမြောစရာအေ"ဟု ဆိုသူကဆို‥

"ဟုတ်ပါ့တော်‥ဖြစ်မှဖြစ်ရလေ‥ဣန္ဒြေကလည်း ရှိ၊ ကျက်သရေရှိပါဘိနဲ့ မိမိသေရမှာကိုတောင်မှ မျက်နှာတစ်ချက်မညှိုးဘဲ တည်ကြည် ခံ့ငြားလိုက်တာ‥တကယ့် အာဇာနည်မလေးပဲနော်‥"ဟု ထောက်ခံချီးမွမ်းသူက ချီးမွမ်း‥

"သူတော်ကောင်းမလေး အသက်ချမ်းသာပါစေအေ‥‥"ဟု ဆုတောင်းပြုသူကပြု‥

" ဒီလို သူတော်ကောင်းမလေးကို ဆင်နဲ့နင်းသတ်လို့သေလည်း ကောင်းတဲ့ဘုံဘဝ နတ်ပြည်တို့ဘာတို့မှာ သွားဖြစ်မှာ မလွဲဘူး"ဟု ခန့်မှန်းသူက ခန့်မှန်းနှင့် ပရိသတ်မှ မင်းချင်းများ မကြားရလေအောင် တီးတိုးဝေဖန် ပြောဆိုကြလေ၏။ တလထော်အတွက် နမြောတသ ယူကျုံးမရဖြစ်ကြလေ၏။ ကရုဏာထားကြ၏။ မေတ္တာပွားကြ၏။

သူတို့ နမြောတသ သနားကြင်နာစွာ ယူကျုံးမရဖြစ်မည်ဆိုလည်း အပြစ်ဆိုဖွယ်ရာကား အလျဉ်းမရှိပေ။ အဘယ်ကြောင့်ဆိုသော်‥

တလထော်၏ ရုပ်ဆင်းအင်္ဂါများမှာလည်း အမျိုးသမီးတို့၏ ခန္ဓာကိုယ်လှပဖွံ့ဖြိုးမှုကို ခါးသေးရင်ချီ ပဒုမ္မနီ ဟူ၍လည်းကောင်း၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပြောင်းပြေပြစ်လှပသော ခြေတံလက်တံများ၊ ရှည်လျားမည်းနက်သော ဝိတုန်းရောင်ကေသာ၊ သုံးရက်လ နံ့မျက်စ၊ သမင်ပျိုမမျက်လုံး၊ ဖြူဖွေးညီညာချစ်စရာ ပုလဲရတနာများကဲ့သို့ သွားကလေးများ၊ နီမြန်းသော နှုတ်ခမ်းအစုံ၊ ရွှေလည်တိုင်ဖော့ရီး၊ ဝါဝင်းညက်ညောသော အသားအရေစသည်ဖြင့် ဖွဲ့ဆိုကာ အလှသီဘွဲ့ပေးရမည့်အမျိုးသမီးများတွင် တလထော်သည်လည်း အင [illegible] ကရီဘွဲ့ရအလှသရဖူဝိုင်ရှင်တစ်ဦးဖြစ်ပေ[illegible]။ ရင်သပ်ရှုမောယခုလို လှပနုပျိုသော [illegible] မပျိုကလေးတစ်ဦးကို ရက်ရက်စက်စက် [illegible]င်းသတ်

မည်ကို မည်သူဝမ်းမြောက်နိုင်မည်နည်း။ ရုပ်ဆင်းအင်္ဂါအလှအပဆိုတာ မမြဲသော တရားမို့ မမက်မော မတွယ်တာလို၍ ထားပါဦး၊ ထိုရုပ်ဆင်းရူပါ လှပခြင်းတို့ထက် ထေရဝါဒ ဗုဒ္ဓဘာသာအတွက် အသက်ပေးလို့ ကိုးကွယ်ရဲသော ရဲစွမ်းသတ္တိ၊ အမျိုး၊ဘာသာ၊သာသနာကို ရဲရဲဝံ့ဝံ့အသက်နဲ့လဲကာ ရှေ့တန်းမှရပ်တည်လျက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းလိုသော စွမ်းရည်သတ္တိ၊ မွန်မြတ်သော စေတနာတို့ရဲ့ပိုင်ရှင်အာဇာနည်မယ်လေး ဖြစ်သော တလထော်အတွက် တစ်မျိုးသားလုံးကသနားခြင်း၊မြတ်နိုးခြင်း၊နှမြောတသခြင်း ဖြစ်ကြသည်မှာ အဘယ်မှာ အပြစ်ဆိုဖွယ်ရှိမည်နည်း။ အပြစ်ဆိုဖွယ်ရာကား အလျဉ်းမရှိပါ။

တလထော်၏မျက်နှာသည်ကား စိုးရိမ်ကြောက်ရွံ့ခြင်း အလျဉ်းမရှိ ဆီးနှင်းမြူတိမ်၊သူရိန်မီးနိုးကင်းသည့်လပြည့်ဝန်းပမာ ပြည့်ဖြိုးဝင်းပကြည်လင်လျက်ရှိ၏။ မင်းချင်းများနောက်သို့ အပြုံးမပျက်၊ဟန်မပျက် လိုက်ပါလာ၏။

( ၇ )

တလထော်ကို ဆင်ဖြင့်နင်းသတ်ရန် အသင့်ဖြစ်နေပြီ။ ထွက်မပြေးနိုင်အောင်၊ မရုန်းကန်နိုင်အောင်ချည်နှောင်ထားသော ကြိုးများကို စစ်ဆေးနေသူက စစ်ဆေးနေ၏။ သေချာပြီဟု ထင်ရသောအခါမှ ဆင်ထိန်းအာဏာသားကို အချက်ပြလိုက်၏။ ဆင်ထိန်းကလည်း ဆင်ရိုင်းကြီးကို တလထော်ရှိရာသို့ ရှေ့ရှုလွှတ်လိုက်လေ၏။ ဆင်ရိုင်းကြီးသည် လေးညို့မှလွှတ်လိုက်သောမြားပမာ ဒုန်းစိုင်းကာ ပြေးလာချေပြီ။ လာရောက်ကြည့်ရှုကုန်သော ပရိသတ်ကြီးမှာလည်း အသည်းတထိတ်ထိတ် ရင်ကတဖိုဖို နှလုံးသွေးခုန်နှုန်းမြင့်မားလျက် အသက်ရှူရမှန်းပင် မေ့လျော့နေဟန်ရှိ၏။အားလုံးတိတ်ဆိတ်နေကြသည်မှာ နှလုံးခုန်သံကိုပင်ကြားရနိုင်ပေမည်။ ထိုအချိန်တွင်–



တလထော်သည် အန္တိမ်ကသာသနာ ခေါ် ကိုယ်ပိုင်အင်အားကို အသုံးပြုရမည့်အချိန်ဟု ယူဆသည့်အတိုင်း –

(၁) မိမိကို ဒေါသ ဖြစ်နေသော ရှင်ဘုရင်ကြီးကို လည်းကောင်း၊

(၂) မုန်ယိုနေသောဆင်ရိုင်းကြီးကို လည်းကောင်း

(၃) ဆင်ထိန်းအာဏာသားများကို လည်းကောင်း၊ မေတ္တာညို့ယူဓာတ်များပို့လွှတ်ကာ ညင်သာ ပျော့ပျောင်းအောင် ဆွဲဆောင်လေသည်။ ဆက်လက်၍လည်း

. . .

"ဘုရားတပည့်တော်မ . . ဘုန်းတော်အနန္တ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားရှင်အား အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်ပါသည်ဘုရား" ဟု လျှောက်ထားပြီး . . .

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊" ဟု သရဏဂုံ သုံးပါးကို ထပ်မံဆောက်တည်လိုက်လေသည်။ နင်းသတ်ရန် လွှတ်လိုက်သောဆင်ကြီးသည် တလထော်အားနင်းမသတ်ဝံ့ဘဲ စုံ့စုံ့ကြီးရပ်ကာ အသံကုန် အော်မြည်၍သာနေတော့၏။အာဏာသားများလည်း နင်းသတ်စေရန်မည်သို့မျှချွန်းအုပ်မောင်းနှင်၍ မရကြ၍ ပထမတစ်ကောင် လက်လျှော့လိုက်ရ၏။

နောက်ထပ်တစ်ကောင် လွှတ်လိုက်၏။ . . မအောင်မြင်၊

တတိယတစ်ကောင် ထပ်လွှတ်ပြန်သည်၊ နင်းခိုင်း၍ မရ။

ထိုသို့ . . တစ်ကောင် လွှတ်ပြီး တစ်ကောင် လွှတ်၍ နင်းစေသော်လည်း ဆင်တင်းကုတ်ရှိ ဆင်များသာ ကုန်သွားသည်။ တလထော်ကို နင်းသတ်ဝံ့သော ဆင်တစ်ကောင်မျှမရှိဘဲဖြစ်နေ၍မင်းချင်းများ မကြံတတ်အောင် ဖြစ်နေ၏။

မြတ်စွာဘုရားသည် နာဠာဂီရိဆင်ရိုင်းကြီးကို မေတ္တာတော်ဖြင့် ခြေတော်ရင်းမှာဝပ်စင်းစေလျက် အောင်မြင်တော်မူခဲ့၏။ ယခုဘုရားရှင်၏သာသနာတော်ကို အသက်နဲ့လဲကာ ထိန်းသိမ်းစောင့်ရှောက်ရဲသော သာသနာပြု သူရဲကောင်း

ဒါယိကာမလေးသည်လည်း သရဏဂုံသုံးပါး၏ ဂုဏ်ကျေးဇူးတော်နှင့် မေတ္တာ၏အစွမ်းသတ္တိတို့ဖြင့် တိဿဘုရင်ကြီး၏ ဆင်ရိုင်းများကို အောင်မြင်လေ၏။

(၈)

"အမောင်တို့··အယုတ်မကို ဆင်နင်းသတ်ရန် အမှုတော်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးပြီ ထင်ပါရဲ့"

"မှန်လှပါအရှင်မင်းကြီး၊အမိန့်တော်အတိုင်း ဆောင်ရွက်ကြသော်လည်း ဆင်တင်းကုတ်အတွင်းရှိ ဆင်များအားလုံးမှာ တလထော်ကို တစ်ကောင်မျှနင်းမသတ်ဝံ့ကြဘဲရှိနေပါသည်ဘုရား၊ ဒါကြောင့်ဆင်နင်းသတ်လို့ မအောင်မြင်ပါဘုရား··"

"ဘယ်လို·· အမတ်ကြီး·· ဆင်နင်းသတ်ရန် မအောင်မြင်ဘူးတဲ့လား" ဟု ပြောကာ··

ဘုရင်ကြီးသည် ဆင်ရိုင်းများဘေးမှ လွတ်ထွက်သွားသော တလထော်ကို ပို၍ပင် ဒေါသထွက်နေလေသည်။

"အမောင်တို့··ဒီမိန္ဓာဒိဋ္ဌိ အမိုက်မကို ကောက်ရိုးများဖုံးအုပ်ပြီး မီးရှို့သတ်စေ" ဟု အမိန့်တော်ကို ချမှတ်လိုက်ပြန်သည်။

တလထော်သည် ရှင်ဘုရင်နှင့်တကွ မင်းချင်း အာဏာသားများကို နောက်တစ်ဖန် အထူးအာရုံပြုစူးစိုက်ကာ မေတ္တာအအေးဓါတ်များကို ပို့လွှတ်ခွင့် ရပြန်သည်။ သရဏဂုံသုံးပါးကိုလည်း ထပ်မံဆောက်တည်လိုက်ပြန်သည်။

အာဏာသားများမှာ တလထော်အား မီးရှို့သတ်ရန် အမိန့်အရ ပြင်ဆင်၍နေကြရသော်လည်း တလထော်အား စိတ်ထဲကမူ ရှိန်း၍ကြောက်၍ပင် နေကြလေသည်။

မီးကျီ၊ မီးခဲများဖြင့် အ လျှံ တရဲရဲတောက်လောင်၍နေသည်မှာ လူထုကြီး၊ ပရိသတ်ကြီးကိုပင် အပူငွေ့ပြင်း၍ လေဟပ်လျက်ရှိချေ၏။

လူထုပရိသတ်ကြီးကလည်း ရင်တွင်းတလှပ်လှပ် မိန်းမမြတ်ကလေးအတွက်ပူပင်သောကဖြစ်ကာ သနားကြင်နာစိတ်ဖြစ်မိသည်မှတစ်ပါး ဘာမျှမတတ်နိုင်ကြ။ အားလုံး၏လှုပ်ရှားပုံများက ကြည့်၍သာနေကြ၏။ မီးရှို့ရန် အဆင်သင့်ဖြစ်ပြီမို့ အာဏာသားများက တလထော်ကို မီးပုံပေါ်သို့ တက်စေ၏။ တလထော်သည် မီးပုံကြီးရှေ့တွင် မြတ်စွာဘုရားရှင်ကို အာရုံပြုကာ (၃)ကြိမ် ဦးညွှတ်ရှိခိုးလိုက်လေ၏။ ပြီးနောက်···

"ဟာ··"

"အို··"

"ဟင်··"

"ဟေး··ဝေး··"

လူထုပရိသတ်ကြီးမှ "ဟာ··အို··ဟင်"ဟူသော အံ့သြမှုအာမေဍိတ်သံကြီးများ "ဟေး··ဝေး··"ဟူသော ဝမ်းသာမှုအသံလှိုင်းကြီးများ ပွဲတင်ထပ်ပေါ်ထွက်လာ၏။ အားလုံးအဖို့ မကြုံစဖူး ထူးကဲဆန်းကြယ်စွာ ကြည့်မှုတွေကိုကြည့်ရှုနေကြရ၏။ ထူးလည်း ထူးပါသည်။ ဆန်းလည်း ဆန်းပါသည်။ အဘယ်ကြောင့်ဆိုသော်····

တလထော် မီးပုံပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အာဏာသားများသည် မီးအရှိန် ပိုမိုကောင်းစေရန် ကောက်ရိုးများဖြင့် တလထော်၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းလိုက်လေ၏။ ထိုအချိန်မှာပင် တောက်လောင်နေသော မီးတောက်မီးလျှံကြီးမှာ "ဟုတ်··"ကနဲ မြည်ကာ ငြိမ်းသွားလေသည်။ မီးငြိမ်းသွား၍ ထပ်မံမီးမွှေး၊မီးရှို့ကြသော်လည်း လုံးဝမရဖြစ်နေသည်ကို တွေ့ကြရ၍ အံ့သြခြင်းများစွာဖြစ်ကြလေ၏။ ထို့ကြောင့် ထူးဆန်းမည်ဆိုလည်းထူးဆန်းပါသည်။ သို့သော် ရတနာသုံးပါး၏ အစွမ်းသတ္တိများသည် ဤမျှမက များပြားဆန်းကြယ်လျက်ရှိနေ၏။ ဤသည်ကို ထူးဆန်း အံ့သြမှုတစ်ရပ်ဟု ဆိုဖွယ်ရာမရှိသေးပါ။

မင်းချင်းများသည် တလထော်ကို မီးရှို့သတ်၍မရကြ၍စိတ်ပျက်နေကြ၏။ထိုအကြောင်းကို တိဿမင်းကြီးထံ ကြောက်ရွံ့စွာ သံတော်ဦးတင်ကြရာ၊ ဘုရင်ကြီးက တလထော်အား ရှေ့တော်သို့ ခေါ်ဆောင်စေရန် အမိန့်ချလိုက်လေသည်။

(၉)

တလထော်ရှေ့တော်သို့ ရောက်လျှင် ဘုရင်ကြီးသည် တလထော်အား မြေမြှုပ်သတ်ရန် ချက်ချင်းတွင်းကြီးကို တူးစေ၏။ ပြီးလျှင် တွင်းကြီးအနီး၌ ခက်ထန်စွာရပ်တည်လျက် တလထော်အား တွင်းကြီးထဲချကာ ဟိန်းဟောက် ပြောဆိုနေတော့၏။

"ဒီမှာ သူငယ်မ·· နင့်ကိုနင် ဆင်မနင်း မီးမလောင်ဘူးဆိုပြီး မသေတော့ဘူး မထင်လိုက်နဲ့၊ သေအောင်သတ်မှာပဲလို့ မှတ်ထား၊ နင့်ဆရာ ဗုဒ္ဓရုပ်ပွားတွေက အခု နင့်ကို လာကယ်နိုင်သေးလား၊ ဘာမှမဟုတ်တဲ့ ဒီအရုပ်တွေ ရှေ့သွားပြီး အချိန်ဖြုန်း ရှိခိုးပူဇော်နေတော့ ဘာလုပ်မှာလဲ၊ သူတို့ကို ဆွမ်းတွေ၊ ရေချမ်းတွေ၊ ပန်းတွေ ကပ်လှူတော့ကော ဘာအကျိုးရှိမှာလဲ။ဒီအလုပ်တွေကကြွက်လမ်းပြတာတွေ၊ အပိုအလုပ်တွေမို့ ငါက မလုပ်ဘို့ တားမြစ်ခဲ့တာကို နင်က အာဏာကိုဆန့်ကျင်တော့ သေရမှာပေါ့" ဟု ပြောဆိုကာနေလေ၏။

တလထော်သည် ဘုရင်ကြီး ပြောသမျှ မေတ္တာမပျက် နားထောင်၍နေ၏။ အဓိပ္ပါယ်မရှိသော စကားများကို နားထောင်ရင်း ယခုလို မြတ်စွာဘုရားအား ထိပါးပုတ်ခတ်ပြောဆိုနေသောဘုရင်ကြီးအတွက် သေလျှင် အပါယ်ကျမည့်အရေးတွေး၍ပင် သနားမိလေသည်။

ဘုရင်ကြီးသည်·· ပရိသတ်များကို တစ်ချက် ကြည့်လျက် တလထော်အား ပျက်ရယ်ပြုသရော်သောအနေဖြင့်··

"ဒီမှာသူငယ်မ··နင့်ကို ငါ နောက်ဆုံး အခွင့်အရေးတစ်ခု ပေးမယ်။ နင့်ဆရာဗုဒ္ဓရုပ်ပွားတော်များ ခုနစ်ခု ဖြစ်ဖြစ်၊ရှစ်ခုဖြစ်ဖြစ် တန်ခိုးနဲ့ကောင်းကင်ပျံတက်တာကို ငါကိုယ်တော်မြတ် မြင်ရလျှင် သင့်အသက်ကို ချမ်းသာခွင့်ပေးမယ်၊ ဒီလိုမှ မမြင်ရလို့တော့ နင်လည်း ဒီတွင်းထဲမှာ သေပေတော့၊ နင့်ဆရာဗုဒ္ဓ



F134

ရုပ်ပွားတော်တွေကိုလည်း ခုနစ်ပိုင်းခုတ်ထစ်ပြီး လွှင့်ပစ်ရလိမ့်မယ်။ ကဲ‥ဘယ်လိုလဲ‥ ဟု ပြောသော်‥"

တလထော်လည်း ဘုရင်ကြီးအား မည်သို့မျှ စကားမပြန်တော့ဘဲ တွင်းထဲ၌နေ၍(နောက်ဆုံးလက်နက်အဖြစ်အင်အားများကို အစွမ်းကုန် အသုံးချလျက်) ဘုရားရှင်အားလက်အုပ်ချီဦးချကာရတနာသုံးပါး၏ဂုဏ်ကို အာရုံပြု ဆင်ခြင်ပြီးနောက်အောက်ပါအတိုင်း သစ္စာဆိုလိုက်လေ၏။

"အတုမဲ့ငြိမ်းအေးရာ မဟာပရိနိဗ္ဗာန်စံလွန်တော်မူပြီး ဘုန်းတော်ကြီးသောမြတ်စွာဘုရား‥"

"ဘုရားတပည့်တော်မသည် အရှင်မြတ်ကိုယ်စား ရုပ်ပွားဆင်းတုတော်များကိုကောက်ယူဆေးကြော၍ပင် ကိုးကွယ်ပူဇော်ခဲ့ပါသည်။

ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊"

"ဘုန်းတော်အနန္တ ကြီးမြတ်လှသော မြတ်စွာဘုရား၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးသည် ပိုင်းခြားမထင် ဂုဏ်အင်အနန္တ၊ ဘုန်းတန် ခိုးတေဇော်ကြီးမြတ်တော်မူလှပါပေသည် ဘုရား‥"

ဤမှန်သောသစ္စာစကားကို ဆိုရခြင်းကြောင့် အရှင်မြတ်ကိုယ်တော်စားရုပ်ပွားတော် ရှစ်ဆူတို့သည် တိဿဘုရင် နန်းရင်ပြင်ပေါ်၌ ကောင်းကင်ထက်မှ ကြွလာ စံပယ် တည်နေတော်မူ လှည့်ပါစေသား အရှင်မြတ်ဘုရား"ဟု ရွတ်ဆိုလိုက်လျှင် မျက်စိတစ်မှိတ်ခန့်အတွင်း ရုပ်ပွားရှစ်ဆူတို့သည်နန်းရင်ပြင်ပေါ်ကောင်းကင်ထက်၌ ကြွလာစံနေတော်မူကြရာ တိဿဘုရင်ကြီးနှင့်တကွ လူအပေါင်းတို့သည်များစွာအံ့အားသရဲ ဖူးတွေ့ကြရလေ၏။ ထိုသတင်းမှာ ခဏချင်း ဥက္ကောဋ္ဌေယျဖြစ်သွားလေသည်။

ထို့နောက် တလထော်သည် တိဿဘုရင်အား အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

"အရှင်မင်းကြီး‥ အကျွန်ုပ်သည် ရတနာသုံးပါးကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သူ ဖြစ်ပါသည်။ ထိုရတနာသုံးပါးကို ယုံကြည်စွာကိုးကွယ်မှုကြောင့် ဆင်ရိုင်းများမှာ အကျွန်ုပ်ကို မနင်းဝံ့ခြင်း ဖြစ်ပါသည်။ မီးဖြင့် အမျိုးမျိုးရှို့ကြသော်လည်း မလောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ဆင်မနင်း၊ မီးမလောင်ခဲ့ခြင်းမှာ ရတနာသုံးပါး ဂုဏ်ကျေးဇူး၊ မေတ္တာရဲ့အစွမ်းသတ္တိတို့ကြောင့်သာ ဖြစ်ပါသည်။ အကျွန်ုပ်မှာ အင်းအိုင် လက်ဖွဲ့၊ဂါထာ၊ မန္တယားအတတ်တို့ကို မတတ်ပါ။ ရတနာ(၃)ပါးသည်သာ အားထားကိုးကွယ်ရာမို့ ယခု အကျွန်ုပ်၏အသက်ကို ရတနာသုံးပါးက ကာကွယ် စောင့်ရှောက်လိုက်ခြင်း ဖြစ်ပါသည်။ အရှင်မင်းကြီး‥ အကျွန်ုပ်တို့၏ဆရာမြတ်စွာဘုရားသည် ယခု ပရိနိဗ္ဗာန်စံလွန်တော်မူပါပြီ။ အရှင်မင်းကြီးသည် ဘုရားရှင်ကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များ ကောင်းကင်၌ ပျံကြွလာသည်ကို ကိုယ်တော်တိုင်မျက်မြင်ဒိဋ္ဌ ဖူးမြင်နိုင်ပါတော့သည်။ အရှင်မင်းကြီးသည် အသက်ထင်ရှားရှိနေကြသော မိစ္ဆာဒိဋ္ဌိဆရာကြီးများကို ကိုးကွယ်လိုက်နာခဲ့သူ ဖြစ်သည့်အတိုင်း သူတို့ကို ကောင်းကင်ပျံကြွခိုင်းလျှင် ပို၍ လျော်ကန် သင့်မြတ်ပါလိမ့်မည်။ အရှင်မင်းကြီး၏ ထိုမိစ္ဆာဒိဋ္ဌိဆရာကြီးများ ကောင်းကင်ပျံကြွသည်ကို ဘုရားကျွန်တော်မ မြင်တွေ့ချင်လှပါဘိ" ဟု လျှောက်လေ၏။

ဗြဟ္မဏဝါဒ ပုဏ္ဏား ဆရာကြီးများသည် ညှိုးနွမ်းသောမျက်နှာဖြင့် ရှိချေ၏။ တိဿဘုရင်လည်း မနေသာတော့ဘဲ၊ သူ့ဆရာကြီးများအား ကောင်းကင်၌ ပျံတက်ရန်အမိန့်ပေးလိုက်လေ၏။ဗြဟ္မဏပုဏ္ဏားဆရာကြီးများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရှက်ကိုးရှက်ကန်းဖြစ်လျက် ခေါင်းငိုက်စိုက်ချလိုက်ကြလေသည်။ ဘုရင်လည်း ဆရာကြီးများ၏အမူအရာကိုကြည့်ရာ ကောင်းကင်မပျံနိုင်ကြသည်ကိုသိရ၍ ဟံသာဝတီနေပြည်တော်တခွင်မှ မိစ္ဆာဒိဋ္ဌိဆရာကြီးများ အားလုံးကို နှင်ထုတ်လိုက်လေတော့သည်။

တလထော်သည်‥‥ ဘုရင်ကြီးအား ဆက်လက်၍ -

"အရှင်မင်းကြီး ‥‥ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကား ဤမျှမက အနန္တများပြားဆန်းကြယ်ပါ၏ အရှင်မင်းကြီး။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူသည် ဘေးအမျိုးမျိုး ကင်းကွာလျက် ချမ်းသာအဝဝကို ခံစားရပါသည်။ အရှင်မင်းကြီးပြောသလို ဗုဒ္ဓရုပ်ပွားရှေ့မှာပန်း၊ ဆီမီး၊ရေချမ်း၊ဆွမ်းများကို လှူခြင်းသည် ကြွက်လမ်းပြ မဟုတ်ပါ။ အင်မတန် အကျိုးကျေးဇူးရှိပါသည်။ တကယ် ယုံကြည်မြတ်နိုးစွာ ရတနာသုံးပါးကိုအာရုံပြုပူဇော်လှူဒါန်းမှုကြောင့် လူချမ်းသာ၊နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကိုပင် ရရှိစေပါသည်။ ထို့ကြောင့် ဆွမ်း၊ ရေချမ်း၊ ပန်း၊ဆီမီးတို့ဖြင့်ပူဇော်ခြင်းမှာအချည်းနှီး မဟုတ်ပါ။ ကြွက်လမ်းပြခြင်းဟု မပြောအပ်ပါ။ ထိုသို့ပြောဆိုရွတ်ချသူသည်သာ အချည်းနှီးစကားကို ပြောဆိုခြင်း၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို ကဲ့ရဲ့ခြင်းဖြစ်၍ အပါယ်ငရဲသို့ လားရောက် ရတတ်ပါသည်" ဟု ရှင်းလင်းပြောပြလိုက်၏။

တိဿဘုရင်ကြီးလည်း ရတနာ သုံးပါး ဂုဏ်ကျေးဇူးကို လက်တွေ့သိမြင်ရပြီး၊ မိမိအယူများမှာ (လုပ်ဆောင်ချက်များမှာ) မှားယွင်းနေခြင်းကြောင့် ထိတ်လန့်သံဝေဂဖြစ်လေ၏။ မိမိ၏ကိုးကွယ်မှုမှာ အမှားကြီး မှားနေကြောင်း သိမြင်လေ၏။

တလထော်ကိုလည်း နံ့သာဖြင့်ရေချိုးစေပြီးနောက် "ဘဒြာဒေဝီ" ဘွဲ့အမည်ဖြင့် မိဖုရားခေါင်ကြီးအဖြစ်တင်မြှောက်လိုက်လေတော့သည်။ ထိုအခါမှ စ၍ တိဿဘုရင်ကြီးသည် တလထော်အား ကျေးဇူးတင်မဆုံး၊ ရှေးထုံးစဉ်လာ သမ္မာဒိဋ္ဌိထေရဝါဒဗုဒ္ဓသာသနာတော်၌သက်ဝင်ကိုးကွယ်မြဲ ကိုးကွယ်ဆည်းကပ်သွားလေတော့သတည်း။

---

*ယုဇန–မော်ကျွန်း*

---

# မွန်ကမ္ပည်းစာ ရင်းမြစ်

မာဗကာ၊သုတေသီ၊

ယနေ့ မြန်မာနိုင်ငံတွင် မွန်၊ ဗမာ၊ ကရင်၊ရှမ်းစသော တိုင်းရင်းသားများသည် ကမ္ပည်းစာရေးသားကြရာ၌ အက္ခရာများ တူညီလျက်ရှိကြသည်။တိုင်းရင်းသားများ သည် တစ်မြေတည်းနေ တစ်ရေတည်း သောက်၊တစ်မိဝမ်းပေါက်ကဲ့သို့ ရှေးပဝေ သဏီကာလမှ စ၍ ဆိုးတူကောင်းဘက်၊ ဥမကွဲသိုက်မပျက် အတူတကွ နေထိုင် လာခဲ့ကြသူများဖြစ်သောကြောင့် ကမ္ပည်း စာ အရေးအသားများ နီးနွယ်နေရခြင်း ဖြစ်သည်။ ယင်းနီးနွယ်မှုမှာလည်း မွန် ကမ္ပည်း စာအရေးအသားမှ ဆင်းသက်ခဲ့ ခြင်းဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင် တိုင်းရင်းသား မျိုးနွယ်စု (၁၃၅)စုရှိရာ ချင်းမျိုး စုမှာ(၄၀)ခန့်ရှိသဖြင့် အများဆုံး ဖြစ်ပြီး မွန်မျိုးစုမှာ (၁)စုတည်းသာရှိ သောကြောင့် အနည်းဆုံး ဖြစ်သည်။ လူမျိုး(၁၀၁)ပါးကိုရေတွက်ရာ၌“ကုလား ခြောက်ဆယ်၊ ရှမ်းသုံးဆယ်၊ မြန်မာသတ္တ၊ မွန်လေး၀”ဟူ၍ လည်းကောင်း၊ ဇမ္ဗူ တံဆိပ်ကျမ်း၌ “မွန်တ၊ မွန်ညန်၊ မွန်နန်၊ မွန်သိ”ဟူ၍လည်းကောင်း၊အချို့က“မွန် ည၊မွန်န၊မွန်အ”ဟူ၍လည်းကောင်းဖော်ပြ ပြောဆိုနေကြသည်ကိုတွေ့ရှိရသည်။ မွန် လူမျိုးများအနေဖြင့်ကား “မွန်ဒိုင်၊မွန်ဒ၊ မွန်ည”ဟူ၍ မွန်သုံးမျိုးရှိကြောင်း သိရှိ ထားကြသည်။ မွန်လူမျိုးများက မွန်သုံး မျိုးဟု ဖော်ပြပြောဆိုနေကြခြင်းမှာလည်း ပုသိမ်(၃၂)မြို့၊ဟံသာဝတီ(၃၂)မြို့၊မုတ္တမ (၃၂)မြို့ နေ မွန်များအား နေ ထိုင်ရာဒေသ



ကိုအစွဲပြု၍ ခွဲခြားဖော်ပြ ပြောဆိုနေကြခြင်းမျှသာ ဖြစ်သည်။ ယင်းမွန် (၃)ရပ်တို့ ပြောဆိုနေကြသော ဝေါဟာရစကားမှာလုံးဝကွဲပြားခြားနားမှုမရှိဘဲ တစ်သားတည်းသာ ဖြစ်သည်။ ထို့ကြောင့် မွန်မျိုးစု တစ်စုတည်းသာရှိသည်ဟုဆိုရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုး ရှိသော်လည်း အစုအားဖြင့် မွန်ခမာစု၊ တိဗက်မြန်မာစုနှင့် ထိုင်းတရုတ်စုဟူ၍ (၃)စုသာရှိပြီး အနွယ်အားဖြင့် မွန်ဂိုလွိုက်(မောင်းဂွတ်)အနွယ်တစ်မျိုးသာ ဖြစ်ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးစလုံးသည် ပြောဆိုစကားကွဲပြားကြသော်လည်း မျက်နှာပုံသဏ္ဍာန် အသားအရောင်အားဖြင့် ကွဲပြားခြားနားမှုမရှိဘဲ တူညီနေကြသည်ကို တွေ့ရှိရခြင်း ဖြစ်သည်။ ဓလေ့ထုံးစံယဉ်ကျေးမှုများမှာလည်း အများအားဖြင့် တူညီနေကြပြန်သည်။ ဤတိုင်းရင်းသားများသည် ရှေးပဝေသဏီကာလမှစ၍ အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြပြီး အချင်းချင်း ယိုင်းပင်းကူညီမှုရှိခဲ့ကြသည့်အပြင် တိုင်းတစ်ပါးရန်ကိုလည်း အတူတကွလက်တွဲ၍ တွန်းလှန်ချေမှုန်းခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။

ဖော်ပြပါ တိုင်းရင်းသား လူမျိုးများအနက် မြန်မာနိုင်ငံသို့ ပထမဦးဆုံးဝင်ရောက်အခြေချနေထိုင်သူများမှာမွန်လူမျိုးများပင် ဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင်အရှေ့တောင်အာရှဒေသအနှံ့အပြားသို့ မွန်ခမာများ သက်ဆင်းရောက်ရှိ နေထိုင်ရာကာလနှင့် ပတ်သက်၍ မြန်မာ့သမိုင်းပညာရှင်၊ ကမ္ဘာ့သမိုင်းပညာရှင်များအနက် အချို့က ဘီစီ ၂၀၀၀ကျော်တွင်၊ အချို့က ဘီစီ ၄၀၀၀ ခန့်တွင်၊ အချို့က ကျောက်ခေတ်သစ်တွင် မွန်ခမာများ ဒေသအနှံ့အပြားသို့ ရောက်ရှိနေထိုင်ခဲ့ကြကြောင်းဖော်ပြခဲ့ကြသည်။အထူးမှာ မွန်များ နေထိုင်ခဲ့ရာဒေသများသည် မဲခေါင် မဲနန် မြစ်ဝှမ်းဒေသ၊ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်ဝှမ်းဒေသများဖြစ်၍ဆန်စပါးဖြစ်ထွန်းသောကြောင့် သုဝဏ္ဏဘူမိဟူ၍ ထင်ရှားခဲ့သည်။ ၄င်းအပြင် မွန်များနေထိုင်ရာဒေသများသည်ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သည်နှင့် အညီတိုင်းတစ်ပါးမှကုန်သည်များက ပင်လယ်ရေလမ်းကြောင်းဖြင့် ကုန်ကူးသန်းရောင်းဝယ်ဝင်ထွက်ရာ ဒေသလည်း ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ၊ အနောက်တိုင်းမှ တေလဂူများသည် ဗုဒ္ဓမြတ်စွာဘုရားမပွင့်ထွန်းမီကပင် ပုသိမ်၊ ဒဂုံ၊ သထုံ၊ မုတ္တမနှင့် စုမတြား၊ဂျားဗား၊ဘိုနီယိုကျွန်းများအထိ ရေလမ်းခရီးဖြင့် လာရောက်၍ ကုန်ကူးသန်း ရောင်းဝယ်မှု ပြုခဲ့ကြသည်။ယင်းတေလဂူများကို သမိုင်းဆရာအချို့ကပလ္လဝါများဟု ခေါ်ဝေါ်ရေးသားခဲ့ကြသည်။

ဤသို့ အိန္ဒိယမှ တေလဂူများ စဉ်ဆက်မပြတ် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက်လာရောက်ခဲ့ကြသောကြောင့် မွန်များသည် ၄င်းတေလဂူများမှ အက္ခရာအရေးအသားများကို ရရှိခဲ့ကြသည်ဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မွန်တို့၏ ရှေးကမ္ပည်းစာ အရေးအသားသည် အိန္ဒိယ၌အသုံးပြုခဲ့သော ဗြာဟ္မီအက္ခရာပွား ပလ္လဝအက္ခရာများ ဖြစ်သောကြောင့်ဖြစ်သည်။အလားတူ ပျူများလည်း အိန္ဒိယ၌ အသုံးပြုခဲ့သော ဗြာဟ္မီအက္ခရာပွား ကဒမ္ဗအက္ခရာ အရေးအသားကို အသုံးပြုခဲ့ကြသည်။ ပျူများသည် ကဒမ္ဗအက္ခရာ အရေးအသားကို ဘင်္ဂလားမှတစ်ဆင့် ကုန်းကြောင်းလမ်းဖြင့်ရခိုင်နှင့် သရေခေတ္တရာသို့ ဝင်ရောက်လက်ခံရရှိခဲ့သည်ဟုယူဆနိုင်သည်။မြန်မာတိုင်းရင်းသား မျိုးနွယ်စုများတွင် ပထမဦးဆုံးစာပေအရေးအသားရှိခဲ့သောမျိုးနွယ်စုများမှာ မွန်နှင့်ပျူပင် ဖြစ်သည်။ သို့ရာတွင် ယနေ့ မွန်၊ မြန်မာ၊ ရှမ်း၊ ကရင် စသောတိုင်းရင်းသားများ အသုံးပြုလျက်ရှိသောအက္ခရာပုံသဏ္ဍာန်မှာ ရှေးမွန်ပလ္လဝ၊ ရှေးပျူ ကဒမ္ဗအက္ခရာ အရေးအသားများမဟုတ်ဘဲ၊ အက္ခရာသစ် တစ်မျိုးသာဖြစ်သည်။

မွန် ကမ္ပည်းစာ အရေးအသားနှင့် စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)၌ "ရွှေတိဂုံကျောက်စာအရ တဖုဿနှင့် ဘလ္လိကတို့ ဆံတော် ရှစ်ဆူ ရကြောင်း ဘီစီ(၂၅၀)၌ သောဏထေရ်၊ ဥတ္တရထေရ် ရောက်ကြောင်း၊ အေဒီ ၄ ရာစု၌ အရှင်



မဟာဗုဒ္ဓဃောသ သီဟိုမှ မွန်အက္ခရာဖြင့် ပိဋကတ်တော်များ ကူးယူခဲ့ကြောင်းနှင့် (ထိုင်းနိုင်ငံ)ပရပထုံ မွန်ကျောက်စာသည် အေဒီ (၅) ရာစု၊ (၆)ရာစု။(ထိုင်းနိုင်ငံ) လောဘူရီ မွန်ကျောက်စာသည် အေဒီ (၇)ရာစု၊(၈)ရာစု၌ ရေးထိုးသောကျောက်စာဖြစ်ကြောင်း၊ လောဘူရီ မွန်ကျောက်စာကို ဇန်ကောက် အမျိုးသားပြတိုက်၌ ပြထားကြောင်း၊ (လောနိုင်ငံ)လင်ဖွန် မွန်ကျောက်စာသည် အေဒီ(၁၁)ရာစု၊ (၁၃)ရာစု၌ ရေးထိုးစာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကော့ဂွန်းဂူနှင့် သထုံရွှေစာရံ မွန်ကျောက်စာသည် အေဒီ (၁၀)ရာစု ရေးထိုးစာဖြစ်ကြောင်း၊ (၁၁)ရာစုတွင် ရေးထိုးထားသော မွန်ကျောက်စာများကိုမူ ပုဂံ၌ အများဆုံး တွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင်မွန်အက္ခရာကိုမှုတည်၍ မြန်မာအက္ခရာကို တီထွင်ခဲ့သည်မှာ မြစေတီကျောက်စာအရ ထင်ရှားကြောင်း" ရေးသား ဖော်ပြထားသည်။

မြန်မာအဘိဓာန်ကျမ်း၌"မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသည့် မွန် အရေးအသားမှာ ကျိုက်ဒေးအပ် စေတီဌာပနာတိုက်မှရသော ယေဓမ္မာအစချီပါဠိဘာသာ အုတ်ခွက်စာဖြစ်ကြောင်း၊ အေဒီ(၇)ရာစုရေးစာ ဖြစ်သည်ဟု ခန့်မှန်းကြကြောင်း၊ သထုံတွင်တွေ့ရသော တြာပ်မွန်ကျောက်စာ၊ ပဏ္ဍိတ်မွန်ကျောက်စာ စသည်တို့မှာ သက္ကရာဇ်မပါသဖြင့် အက္ခရာပုံအရ အေဒီ (၁၀)ရာစု၊ (၁၁)ရာစုရေးစာ ဖြစ်သည်ဟု ခန့်မှန်းကြကြောင်း၊အေဒီ(၁၁)ရာစုအနှော်ရထာမင်း လက်ထက်မှစ၍ (၁၂)ရာစုအလောင်းစည်သူမင်းလက်ထက်တိုင် မွန်ကျောက်စာ၊ မွန်အုတ်ခွက်စာ၊ မွန် စဥ္စ



တွင်းစာ၊ မွန်မင်စာတို့ကို ပုဂံနှင့်တကွ မြန်မာပြည်နေရာအတော်များများ၌ တွေ့ရကြောင်း၊ မွန်စာ အရေးအသားအစကို ခြေရာကောက်ရာတွင် မြန်မာနိုင်ငံတွင် တွေ့ရသည့် အထောက်အထားဖြင့် မလုံလောက်ကြောင်း၊ မွန်တို့သည် ခရစ်နှစ်အစလောက်ကပင် အရှေ့တောင်အာရှဒေသများတွင် ကျယ်ပြန့်စွာနေထိုင်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံ၊ဒွါရာဝတီတွင် မွန်အက္ခရာ၊မွန်အရေးအသားကျောက်စာများ တွေ့ရကြောင်း၊ ပရပထုံ မွန်ကျောက်စာကို အေဒီ(၇)ရာစု ခန့်မှန်းပြီး၊ လောဘူရီ မွန်ကျောက်စာကို အေဒီ(၈)ရာစု၊ (၉)ရာစု ခန့်မှန်းကြောင်း၊ မွန်စာသည် အေဒီ(၅)(၆)ရာစုကပေါ်သည်ဟု ခန့်မှန်းကြကြောင်း၊ ရှေးအကျဆုံးမွန်ကျောက်စာမှာ ကမ္ဘောဒီးယားရှိ သက္ကတဘာသာဖြင့် ရေးသားထားသော တာကမ်ကျောက်စာ၊ လောင်ကောဝပ်ကျောက်စာတို့နှင့်အက္ခရာရေးပုံတူကြောင်း၊ ယင်းအထောက်အထားများအရ မွန်တို့သည်တိုင်းရင်းသားစာပေမတီထွင်မီကပင် ပါဠိ သက္ကတစာပေများရေးသားသော အိန္ဒိယ အက္ခရာများနှင့် အကျွမ်းတဝင်ရှိခဲ့ကြောင်း ရှေးအကျဆုံးမွန်အရေးအသားအက္ခရာများနှင့် ကမ္ဘောဒီးယားတို့၏ကျောက်စာများသည် အိန္ဒိယတောင်ပိုင်းမှ အေဒီ(၄)ရာစုပလ္လဝအက္ခရာနှင့် တူကြောင်း၊ ထို့ကြောင့် မွန်တို့သည် အိန္ဒိယတောင်ပိုင်း ပလ္လဝအက္ခရာကို အခြေခံ၍ အရေးအသားကို တီထွင်ခဲ့သည်ဟု ရှေးဟောင်းအက္ခရာသုတေသီတို့က ယူဆကြကြောင်း၊ ပလ္လဝအက္ခရာကို အခြေခံအဖြစ် လက်ခံ အသုံးပြုနေသော်လည်း မိမိတို့ဘာသာစကားနှင့် ညှိ၍ ဗျည်းသစ်အချို့ကို တီထွင်ခဲ့ကြကြောင်း၊ မွန်စာပေ၌ ပလ္လဝအရေးအသားတွင် မတွေ့ရဘဲ စာလုကျ၊ ဝလဘိ စသည့် အခြားအိန္ဒိယတောင်ပိုင်းအက္ခရာ အချို့တွင် တွေ့ရသော အသတ်သင်္ကေတများကို မွန်တို့လက်ခံခဲ့ကြကြောင်း" စသည်ဖြင့် ရေးသားဖော်ပြထားသည်။

ဆရာ ဦးသောင်းလွင်၏ မြန်မာအက္ခရာဗေဒ၌ "ရှေးပျူ၊မွန် အက္ခရာ ၂-မျိုးရှိသည့်အနက် ပျူအက္ခရာ အရေးအသားသည် ပြုပြင်မှုနည်းပါး၍ ရှုပ်ထွေးပြီး မွန်အက္ခရာ အရေးအသားမှာ အတန်အသင့်ပြုပြင်ထားသဖြင့် ပိုမိုရှင်းလင်း၍ မြန်မာတို့က မွန်တို့၏အက္ခရာပုံသဏ္ဌာန်ကို လက်ခံရယူခဲ့သောကြောင့် မွန်မြန်မာအက္ခရာဟုပူးတွဲခေါ်ဝေါ်ခဲ့ကြရကြောင်း၊ ရာဇကုမာရ်ကျောက်စာ (၄)မျက်နှာ (၄)ဘာသာ ရေးထိုးထားသည့်အနက်၊ ပါဠိ-မွန်နှင့် မြန်မာ (၃)မျိုးက အက္ခရာတစ်မျိုး (ယနေ့ မွန် မြန်မာအက္ခရာ)ဖြစ်၍ ပျူဘာသာအတွက် ပျူအက္ခရာတစ်မျိုးဟု အက္ခရာ(၂)မျိုးသာရှိခြင်းအားဖြင့် မြန်မာတို့သည်ပါဠိဘာသာနှင့်မြန်မာဘာသာတို့အတွက် မွန်အက္ခရာကို ယူခဲ့သည်မှာ ထင်ရှားကြောင်း" ရေးသားဖော်ပြထားသည်။

အထက်ပါ အချက်အလက် အဆိုအမိန့်များကို ထောက်ဆသောအားဖြင့် မြန်မာ၊ရှမ်း၊ကရင်စသော တိုင်းရင်းသားများသည် မွန်အက္ခရာ အရေးအသားကို အခြေခံ၍ မိမိတို့၏စာပေ အရေးအသားများကို တီထွင်ခဲ့ကြကြောင်း ထင်ရှားသည်။ ဤ၌အခြေခံဖြစ်သော မွန်အက္ခရာအရေးအသားကို စိစစ်ရန် လိုအပ်သည်။ အထက်ဖော်ပြပါ အထောက်အထားအဆိုအမိန့်များအရ အေဒီ(၅)ရာစုနှင့် နောက်ပိုင်းရေး မွန်အက္ခရာသည် အက္ခရာအသစ်ဖြစ်ပြီး၊ အေဒီ ၅-ရာစုမတိုင်မီရေးသော ရှေးမွန်အက္ခရာ အရေးအသားသည် ပလ္လဝအက္ခရာ အရေးအသား ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။ ဗြာဟ္မီအက္ခရာပွားများဖြစ်သော ပလ္လဝ-ကဒမ္ဗအက္ခရာ (၂)မျိုးစလုံးသည် အရေးရခက်သောအက္ခရာများဖြစ်သောကြောင့် ယင်းအက္ခရာတို့ဖြင့် ကျမ်းတစ်စောင်ပေတစ်ဖွဲ့ဖြစ်အောင် မရေးသားနိုင်ဘဲ မှတ်တမ်းမှတ်ရာမျှလောက်ကိုသာ ရေးသားနိုင်သည်။ သို့ရာတွင် အေဒီ(၁၁)ရာစုအနော်ရထာမင်းလက်ထက်၌ သထုံမှ ပုဂံသို့ ရောက်ရှိသွားသော မွန်စာပေအရေးအသားများမှာ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ပင်ရှိနေသဖြင့် ယင်းမွန်အက္ခရာအရေးအသားများသည် ရှေး မွန် ပလ္လဝအက္ခရာအရေးအသား မဟုတ်ဘဲ အက္ခရာသစ် တစ်မျိုးသာဖြစ်ကြောင်း ထင်ရှားသည်။ယင်းမွန်အက္ခရာသစ်နှင့်ပတ်သက်၍ အထက်ဖော်ပြပါ မြန်မာအဘိဓါန်ကျမ်းနှင့် မြန်မာအက္ခရာဗေဒကျမ်းများ၌ ရှေးမွန်ပလ္လဝအက္ခရာကိုပင်အသင့်အတင့်ပြုပြင်ထားသော အက္ခရာ ဖြစ်သကဲ့သို့ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အမှန်မှာမွန်အက္ခရာသစ်သည် ရှေးမွန်ပလ္လဝ အက္ခရာကို ပြုပြင်ထားသော အက္ခရာမဟုတ်ပါ။အေဒီ(၄)ရာစုအတွင်း၌ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်က သီဟိုဘာသာဖြင့် ရေး သား ထား သော ပိဋကတ်သုံးပုံနှင့်သာသနိကစာပေများကို မာဂဓ ဘာသာပြန်ဆိုပြီးနောက် သီဟိုမှ သထုံသို့ယူဆောင်တော်မူခဲ့သည်ကို အားလုံး သိရှိကြပြီး ဖြစ်သည်။ ယင်းမာဂဓအက္ခရာ သထုံသို့ ရောက်ရှိချိန်မှစ၍ မွန်တို့သည်ရှေးမွန်ပလ္လဝအက္ခရာကို ပစ်ပယ်၍ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ မာဂဓအက္ခရာကို အခြေခံ၍ ထပ်မံတီထွင် သုံးစွဲခဲ့သော အက္ခရာသစ်သာ ဖြစ်ပါသည်။ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် ပိဋကတ်တော်များကို သီဟိုဘာသာမှ မာဂဓဘာသာဖြင့် ပြန်ဆိုကူးယူခဲ့ကြောင်းကို ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၊ စူဠဝင်ကျမ်းများ၌ဖော်ပြထားသည့်အပြင် ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင်ကလည်း ပါရာဇိကဏ်အဋ္ဌကထာ၌ ပါဠိတော်နည်းဖြင့်ကူးယူခဲ့ကြောင်း ဝန်ခံထားတော်မူသည်။ပါဠိတော်နည်းဟူသည် မာဂဓအက္ခရာပင်ဖြစ်ကြောင်း သာရတ္ထဒီပနီဋီကာ၌ ဖွင့် ားသည်။ မာဂဓအက္ခရာကား သရ လုံး၊ ဗျည်း(၃၃)လုံး စုစုပေါင်း အက္ခရာ , ါလုံး မယုတ်မလွန်ရှိသည်။ ထေရဝါဒ ၄ ္ဓဘ ာသာနိုင်ငံများသည် ယင်းမာဂဓအက္ခရာကို ပ နေ့တိုင်

ထိန်းသိမ်းစောင့်ရှောက်ထားဆဲပင် ဖြစ်သည်။

မာဂဓအက္ခရာ အရေးအသားသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် တည်ရှိခဲ့သော အက္ခရာ ဖြစ်သည်။ မြတ်စွာဘုရား တရားဟောတော်မူရာ၌လည်းမာဂဓဘာသာဖြင့်ပင်ဟောတော်မူခဲ့သည်။ သို့ရာတွင် ရဟန်းတော်များသည် မြတ်စွာဘုရား၏ တရားတော်များကို စာဖြင့် ရေးသားမှတ်သားသော အလေ့အထမရှိဘဲနှုတ်ငုံအာဂုံသာ ဆောင်တော်မူခဲ့ကြသည်။ မြတ်စွာဘုရားရှင် လက်ထက်၌ မာဂဓအက္ခရာ ရှိကြောင်းကို "ဥပရိပဏ္ဏာသဓာတုဝိဘင်"သုတ်၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ မာဂဓတိုင်း၊ ရှင်ဘုရင်ဗိမ္ဗိသာရက တက္ကသိုလ်ပြည့်ရှင် ပုက္ကုသာတိမင်းထံ ဓမ္မပဏ္ဏာကာရ လက်ဆောင်ပေးပို့ခဲ့ရာ၌ ရတနာ(၃)ပါး ဂုဏ်တော်များနှင့် အာနာပါန ကမ္မဋ္ဌာန်းအကျယ်ကို မာဂဓအက္ခရာဖြင့် ရေးသားပေးပို့ခဲ့သည်ဟု ဖော်ပြထားသည်။ ပုက္ကုသာတိမင်းကလည်း မာဂဓအက္ခရာ၏ ပုံသဏ္ဍာန်သည်ဦးထိပ်ညီညွတ်၍ အတိမ်းအစောင်းမရှိကြောင်း၊ စာကြောင်း အစဉ်ညီညွတ်သည့်အပြင် လေးထောင့် ပုံသဏ္ဍာန်ရှိကြောင်း ထုတ်ဖော်ချီးကျူးပြောကြားသည်ကိုလည်း ယင်းသုတ်၌ ဖော်ပြထားသည်။

အိန္ဒိယတွင် ကုလားအုတ်နှုတ်ခမ်းသဖွယ် ကောက်ကွေးပုံသဏ္ဍာန် ရှိသော ခရောသျှဌီ ခေါ် အရာမေအစ် အက္ခရာသည် ပထမဦးဆုံးတွေ့ရသော အက္ခရာ ဖြစ်သည်။ ၄င်းနောက် ဟာရပ္ပနှင့် သိန္ဓုနယ်၌တူးဖော်ရရှိပြီး ယနေ့တိုင်အဓိပ္ပါယ်ဖော် မရသေးသော အရုပ်ကမ္ပည်းစာကို ထပ်မံတွေ့ရှိရပြန်သည်။ ယင်း အရုပ်စာသည် ဘီစီ ၅၀၀၀မှ ဘီစီ ၃၀၀၀ အတွင်း ယဉ်ကျေးမှု အထွန်းတောက်ဆုံးဖြစ်ခဲ့သော ဣန္ဒုမြစ်ဝှမ်း ဒေသလက်ရာ ဖြစ်သောကြောင့် ပို၍ ရှေးကျသည်ဟု ဆိုသည်။ ယင်း အက္ခရာ(၂)မျိုးပြီးလျှင် ဗြာဟ္မီအက္ခရာအရေးအသားသည် အိန္ဒိယနိုင်ငံ၌ရှေးအကျဆုံးဖြစ်သည်။ယင်းဗြာဟ္မီ အက္ခရာ အရေးအသား စတင် အသုံးပြုခဲ့သည့်ကာလကို ပညာရှင်များက ယနေ့တိုင် ဆုံးဖြတ်ချက် မချနိုင်သေးဘဲ ဘီစီ (၈)ရာစုနှင့် (၇)ရာစုခန့်တွင် ပေါ်ခဲ့သည်ဟူ၍သာ ခန့်မှန်းခဲ့ကြသည်။

အိန္ဒိယကျောက်စာများသည်မြောက်ပိုင်းကျောက်စာ၊ တောင်ပိုင်းကျောက်စာဟူ၍ ၂-မျိုးရှိရာ မြောက်ပိုင်း ကျောက်စာ အရေးအသားများသည် ဂုတ္တလိပိ၊ ဂုတ္တဝံသီမင်းများ လက်ထက် အသုံးပြုခဲ့သော ဂုတ္တလိပိအက္ခရာမျိုး ဖြစ်ပြီး၊ ၄င်းမှ ကုဋိလလိပိ၊ နာဂရီအက္ခရာနှင့် သျှရဒါအက္ခရာတို့ဆင့်ပွားလာခဲ့ကြသည်။အိန္ဒိယတောင်ပိုင်းကျောက်စာ အရေးအသားများမှာရှေးဗြာဟ္မီအက္ခရာမှအဆင့်ဆင့်ပြောင်းလဲလာသော ကမ္ပည်းအက္ခရာများ ဖြစ်သည်။ ၄င်းတို့မှာ

(၁)ပစ္ဆိမိအက္ခရာ၊

(၂)မဇ္ဈိမတိုင်း(မဈျပြဒေသျှီ)အက္ခရာ

(၃)တေလုဂုကနဋီအက္ခရာ ..... ၄င်းမှ.. အုပ်ချုပ်သောမင်းများကို စွဲ၍ ပလ္လဝ၊ ကဒမ္ဗ၊ အနောက်ပိုင်းစာလုကျ၊ အရှေ့ပိုင်း စာလုကျ၊ ရာဋ္ဌကူဋ၊ ဂင်္ဂါဝံသီ၊ ကာကတိအရေးအသားများပွားလာသည်။

(၄)ဂြန္ထလိပိအက္ခရာ- ၄င်းမှမာလာယာလန်နှင့် တုဠု အရေးအသားများ ပွားလာသည်။

(၅)ကလိင်္ဂလိပိအက္ခရာ၊

(၆)တာမိဠလိပိအက္ခရာ-၄င်းမှ ဝဋ္ဋေဠုတ္တုလိပိအက္ခရာများ ပွားလာသည်တို့ ဖြစ်သည်။

အထက်ဖော်ပြပါဗြာဟ္မီအက္ခရာပွားများ ဖြစ် သော အိန္ဒိယတောင်ပိုင်းသုံး အက္ခရာများအနက် မဇ္ဈိမတိုင်း (မဈျပြဒေသျှီ)အက္ခရာဟူသည် မာဂဓ အက္ခရာပင်ဖြစ်သည်။မာဂဓအက္ခရာအရေးအသားသည် မြတ်စွာဘုရား သက်တော်ထင်ရှားတည်ရှိတော်မူစဉ်ကပင် တည်ရှိသော အက္ခရာဖြစ်၍၊ ကျောက်စာနှင့် အက္ခရာဗေဒပညာရှင်များ၏ ဗြာဟ္မီအက္ခရာသည် ဘီစီ(၈)ရာစု၊(၇)ရာစုခန့်က စတင် ပေါ်ပေါက်ခဲ့သည်ဟူသော ခန့်မှန်းချက်မှာ မဇ္ဈိမတိုင်း(မဈျပြဒေသျှီ)ဟူသော ဗြာဟ္မီအက္ခရာအတွက်ဖြစ်နိုင်ချေရှိသောခန့်မှန်းချက်ပင်ဖြစ်သည်။ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် ယင်းအက္ခရာဖြင့်ပင် ပါဠိအဋ္ဌကထာများကို ကူးယူ၍ သထုံသို့ သယ်ဆောင်တော်မူခဲ့ခြင်း ဖြစ်သည်။ ယင်းမာဂဓအက္ခရာ သထုံ ရောက်ချိန်မှစ၍ မွန်တို့သည် မူလသုံးစွဲခဲ့သောပလ္လဝအက္ခရာကိုပစ်ပယ်၍၊ မာဂဓအက္ခရာကို အခြေခံပြီး မွန်အက္ခရာသစ်ကို တီထွင်သုံးစွဲခဲ့ရာ ယနေ့တိုင်ပင်ဖြစ်တော့သည်။ ယင်းမွန်အက္ခရာသစ်သည်ပင် အေဒီ(၁၁)ရာစု အနော်ရထာမင်းလက်ထက်၌ ပုဂံသို့ ရောက်ရှိသွားပြီး အနော်ရထာမင်း၊ စောလူးမင်းတို့လက်ထက်၌ ပုဂံတွင် ပျူစာ၊ မွန်စာ၂-မျိုးသုံးခဲ့ရာမှ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်းတို့လက်ထက်တွင် ပျူစာကိုလုံးဝမသုံးကြတော့ဘဲ မွန်စာတစ်မျိုးတည်းကိုသာ သုံးစွဲခဲ့ကြသည်။ ကျောက်စာများကိုလည်း မွန်ကမ္ပည်းစာဖြင့်ပင် ရေးထိုးခဲ့ကြသည်။ ၄င်းနောက် ယင်းမွန်အက္ခရာသစ်ကို အခြေခံ၍မြန်မာကမ္ပည်းစာအရေးအသားကို တီထွင်ခဲ့ကြသည်။ သို့ရာတွင် ထိုအချိန်မှစ၍ နောင်နှစ်ပေါင်းများစွာ ဆရာ ဦးသောင်းလွင်အဲဆိုအရ နှစ်ပေါင်း ( ၅၀၀ )တိုင်တိုင် မြန်မာကမ္ပည်းစာ အရေးအသားသည် မွန်ဆန်လျက်ရှိခဲ့သည်။ အထူးမှာ မွန်အက္ခရာသစ်သည် မာဂဓအက္ခရာကို အခြေခံခဲ့သည့်အတိုင်း မွန်ရောမြန်မာပါ မွန်မြန်မာအက္ခရာ အရေးအသားများကို ပုက္ကုသာတိမင်းပြောသကဲ့သို့ လေးထောင့်ပုံသဏ္ဍာန်ဖြင့်ပင်ရေးသားလာခဲ့ကြသည်။ ဤသို့ ရေးသားလာခဲ့ကြရာမှ ဒုတိယအင်းဝခေတ်နှောင်းပိုင်းရောက်သောအခါ ပေရွက်ပေါ်တွင် ရေးသားရာ၌ အရေးရခက်သောကြောင့် အဝိုင်းသဏ္ဍာန် ပြောင်းလဲရေးသားခဲ့ကြရာမှ ယနေ့ မွန်မြန်မာအက္ခရာအရေးအသားကိုအဝိုင်းပုံသဏ္ဍာန်ဖြင့် ရေးသားနေကြရခြင်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မာမက (သုတေသီ)



သို့/

မွန်ပြည်နယ်ရောက်ဧည့်သည်အစ်ကို ရေ····

# မွန်ပြည်နယ်ဧည့်သည်ရယ်



ညီမလေး စာရေးလိုက်ပါတယ်။ မွန်ပြည်နယ်မှာ အမှုထမ်းနေတုန်း မွန်စာနှင့် မွန်စကား သင်ကြည့်ပါလားလို့ ပြောခဲ့ ဘူးပါတယ်။ ဒါတွေတတ်ရင် ဘာဖြစ် မလဲ။ မတတ်ရင်လည်း ဘာဖြစ်တာ မှတ် လို့··လို့ တချို့က ခပ်ပေါ့ ပေါ့ပြော တတ်ကြ ပါ တယ်။

ဘာဖြစ် မလဲဆိုတာ တိုတို ပြောရုံနှင့် မပြည့်စုံနိုင်လို့ အခုလို စာရှည်ရှည်ရေး လိုက်ရပါတယ်။ ခေတ်လူငယ်တွေက နိုင်ငံခြားရ ရေတံခွန်(အမေရိကန်နိုင်ငံမှာရှိ) အကြောင်းသိမှ ဂုဏ် ရှိတယ်လို့ ထင်ကြ တယ်။ ကိုယ့်ပြည်နယ်ထဲက ဇင်းကျိုက် ရေတံခွန်အကြောင်းကျတော့ ဂ ဃ န ဏ မပြောတတ်ကြဘူး။ "မော်လမြိုင်တစ်ဖက်ကမ်း×××ဇင်းကျိုက်တောင် မပန်းရီ××× ပျော်စရာဒီသိုက်နန်း××စမ်းရေက အလွန်ကြည်သည်×××"ဆိုတဲ့ အလွမ်းသီချင်းကလေးကို နားထောင်ချင်ရင် မိတို့ဆီ အစ်ကိုရောက်တော့ မိ ဆိုပြမယ်။

စာပေနှင့် ဘာသာစကားအကြောင်း ဆက်ကြပါစို့။ မွန်ရော ဗမာပါ ကလေးတွေ ဂျို့ ထိုးရင် ကနီ·· ကနီ လို့ လူကြီးတွေက ဆိုကြပါတယ်။ ကနီဆိုတာ မွန်လို ကြွက်လို့ အဓိပ္ပါယ်ရပါတယ်။ ကလေးရဲ့စိတ်အခြေအနေ ရုတ်တရက်ပြောင်းလဲအောင် ကြွက်··ကြွက် လို့ဆိုပြီးခြောက်လှန့်တဲ့သဘောပါ။ ဗမာကလေးအဘို့အဓိပ္ပါယ်မသိတော့ ရီစရာကြီး ဖြစ်နေမှာ၊ ကြောက်ရင်ကြောက်၊ ရီရင်ရီ၊ စိတ်အခြေအနေ ပြောင်းသွားဘို့

လိုရင်းပဲ၊ ဆေးမီးတို၊ ဆိုက်ကို တစ်မျိုးပေါ့။

မွန်ဘာသာဟာ ဘာသာကြီးတစ်ရပ်ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာမှာသတင်းစကားဆိုတာအရပ်လေးမျက်နှာကရောက်ရှိလာတဲ့အတွက် သတင်းကို အင်္ဂလိပ်ဘာသာအားဖြင့် အရပ်လေးမျက်နှာရဲ့ထိပ်စာလုံးလေးလုံးဖြင့်စုစည်းပြီး နယူးစ် (NEWS) လို့ဆိုတယ်တဲ့။ မွန်မှာလည်း အရှေ့အရပ်ကို နေထွက်ပြီးအလင်းရောင်လာတဲ့အရပ် ဇုံက် အနောက်အရပ်ကိုတော့ အလင်းရောင် ငြိမ်းရာအရပ် ပလိုတ်လို့ သဘာဝပတ်ဝန်းကျင်ဖြစ်ရပ်နှင့် လိုက်ဖက်ညီအောင် ရိုးရိုးစင်းစင်းခေါ်ကြပါတယ်။ မြတ်စွာဘုရားကမ္မဝဒမှာ ဒုက္ခကြီးမားတဲ့သူကို မဟာဒုက္ခ= မဟာဒုက်လို့ ခေါ်ခဲ့တာမျိုးပေါ့ရှင်။

မဟာဒုက်ကို မဟာဒုတ်လို့ မှားရေးကြတာ ခဏခဏ တွေ့ဖူးတယ်။ မိတို့တော့မမှားပေါင်။မိတို့မွန်စာမှာ တုက်= ရေခပ်သည်။ ဇုက်=ကြိုးဆိုတာတွေ ရှိနေတာကိုး။

ကရဝိက်ကိုလည်း သေ ချာ ချင်သလား။ မွန်စာမှာ လိက်=စာ။ တိက်= အိပ်သည် ဆိုတာမျိုးတွေ ရှိတယ်လေ။ ကရဝိတ်ဆိုရင်တော့ ရီစရာကြီးဖြစ်သွားမှာပေါ့။

ကျန်းမာပါစေသောဝ်ဆိုတာမှာလည်း အကြောင်းကြောင်းဖြစ်စရာ မရှိပါ။ မိတို့မှာ ဂေါဝ် = လုပသည်။ မောဝ် = မွေးကြိုင်သည်ဆိုတာ ရှိပါတယ်။

အစ်ကိုပရိတ်တော်တွေ ရွတ်ဖတ်တဲ့အခါ ပါဠိတွေကို ချောချောမောမောအသံထွက်လို့ ဖြစ်ရဲ့လား။ ဖြစ်မှာပေါ့။ ဘုန်းဘုရား သင်ပေးထားတာကိုး။

ဟောတုဆိုတာမှာမခက်ပေမဲ့ဟောန္တုဆိုတာ မြန်မာစာမှာ မရှိပါဘူး။ မိတို့မွန်စာမှာ ကောန်=သားသမီး၊ အောန်= နည်းပါးသည်ဆိုတာရှိနေတော့"ဟွန်တု" လို့ အသံထွက်လိုက်ရုံပေါ့။

ပကာသေန္တော၊ ပုရေန္တုတို့ကျတော့ ဘယ်လိုလဲ။ မွန်စာမှာ ဟောန်ဍာ် = ရေငုံ့သည်။ ကတေန် = ပျဉ်းတွဲတွဲမာသည်ဆိုတာရှိနေတော့ "ပကာသင်တောပုရင်တု" လို့ ဆိုလိုက်ရုံပေါ့။

ဆရာတော် ဦးသေဋ္ဌိလကို ဘယ်လိုဖတ်မလဲ၊ မွန်စာမှာ ကေတ်= ယူသည်။ ဂေတ်=လှဲ့သည်··· ဆိုတာ ရှိနေတော့ ဦးသေဋ္ဌိလ =ဦးသေဋ္ဋဋ္ဌိလ = ဦးသေတ်ဋ္ဌိလ= ဦးသစ်ထိလလို့ အသံရှဲသဲလွန်စရာရတာ လွယ်ပါတယ်။

သောတ္တာနံ နှင့် သောတ္တိ ကျတော့ ကတောတ် = ကတွတ်၊ ကြွက်နို့၊ ကဒေါတ် = ကဒွတ်သီး ဆိုတာတွေကိုကြည့်ပြီး "သွတ်ထာနံ၊ သွတ်ထိ" လို့ အသံထွက်ဖတ်ရမှာ မခက်ပါဘူး။

မွန်စာတတ်ပြီးသား မွန်တွေအဖို့မွန်စာကိုအခြေခံပြီး ပါဠိသင်ယူရင် အဆင်ပြေ လွယ်ကူပါတယ်။ အစ်ကိုတို့လိုပါဠိတတ်ပြီးသား တခြားတိုင်းရင်းသားတွေ မွန်စာကိုလေ့လာချင်ရင် ပါဠိစာကအထောက်အကူ ပြုပါလိမ့်မယ်။ အစ်ကိုက ဘုန်းကြီးလူထွက်နှင့်တူတော့ မွန်စာမြန်မြန်တတ်မှာပါ။

ရေးသာ ရေးရတယ် ··· မိတို့ကမတောက်တခေါက်လောက် တတ်တာပါ။ သီလယူရာမှာပါဠိ ကတွာကို ကတ်တဝါလို့အသံထွက်ကြတယ်။ ကနှင့်တတို့ဟာထပ်ဆင့်သံယုတ်သဘောပါတယ်တဲ့။

မွန်စာမှာ "ဝ"တစ်လုံးတည်း ကျတော့ "ဝဲ့" လို့ အသံထွက်ပေမယ့် "ကဝ" ကျတော့ ကဝ လို့ မြန်မာသံနဲ့အတူတူ အသံထွက်တယ်။ ဘာကြောင့်လဲ။ ဒုတိယဗျည်းဖြစ်တဲ့(ဝ)ဟာ ပထမဗျည်း(က)ရဲ့ လွှမ်းမိုးမှုခံရလို့တဲ့။ ဟောကြည့်ပါ။ ဂကူကို ဂကူဆိုပြီးမြန်မာသံနီးနီး အသံထွက်တာလည်းရှိရဲ့။ ဂကောင်းလို့ အသံထွက်တာလည်း ရှိရဲ့။ ဆု= သစ်သားကို ဆုလို့ဆိုသူတွေလည်း ရှိရဲ့။ ချောက်-လို့ အသံထွက်တဲ့သူတွေလည်း ရှိရဲ့။

မွန်စာကို စိတ်မညစ်လိုက်ပါနဲ့။ မြန်မာစာမှာလည်း တာဝန် နှင့် တာဝင် အသံထွက်ချင်း မတူကြဘူး။ မော်လမြိုင်က ဆရာကြီးဒေါက်တာလှဘောကို မိတို့နာမည်ခေါ်ပြီး နှုတ်မဆက်ရဲဘူး။ သူ့နာမည်ကို(ဘ)နှင့် ရေးထားတယ်။ လှဖေဆိုတာပဲခေါ်ရလွယ်တယ်။ (ဘ)သံထွက်ရမလား။ (ဖ)သံထွက်ရမလား မဝေခွဲတတ်ဘူး။

မိအကြောင်းပြောရအုန်းမယ်။ သုရှင်တက္ကာရွတ်ပိကို ကြည့်လေ။ ဘာသာပြန်ဆရာတွေ အလွယ်လုပ်ထားတာ။ အဆင်ပြေ လိုက်ဖက်အောင် ဘာသာပြန်ရရင် ရတနာသုံးပါး ဒါယကာကြီး။ ရတနာသုံးပါးတကာတော်လို့ ဖြစ်သင့်တာပေါ့။ ညးဍွကို သူ့ရှင်=သုရှင်လို့ တိုက်ရိုက်ဘာသာပြန်လိုက်တာကိုး။

ဒါကြောင့် မိရဲ့နာမည်ကို မိသေးသေးလို့ မွန်တစ်ခြမ်း၊ဗမာတစ်ခြမ်း မမှည့်ဘူး။ မြန်မာလို မသေးသေး၊ မွန်လိုတော့ မိကွန်စူး (မိကောန်သေဲ)လို့ ခပ်ရှင်းရှင်းပဲလုပ်ထားတယ်။ သုရှင်တကာရွတ်ပိလို ရီစရာကြီး ဖြစ်မှာစိုးလို့ပါ။

တိုင်းရင်းသားပေါင်းစုံရဲ့ စာပေနဲ့ယဉ်ကျေးမှုကို လေ့ လာ ခြင်း အား ဖြင့်တိုင်းရင်းသားအချင်းချင်း နားလည်မှုရရှိရေး၊ ချစ်ကြည်ရေးဆိုတဲ့ အကျိုးတရားတွေကို ခံစားနိုင်ပါတယ်။

သို့ပါ၍ -

စစ်တောင်းအလွန်၊

မွန်တို့ဒေသ၊

ရာမညသို့၊

ကြွခဲ့ပါလေ (အစ်ကိုတို့လို)

ချစ်မိတ်ဆွေ။



*(မိကောန်သေဲ)*

*မသေးသေး*



# သူရဲကောင်း ဥပါကောင်း

ဥပါကောင်းသည် မွန်သူရဲကောင်း တစ်ဦးဖြစ်သည်။ ဟံသာဝတီ ထီးနန်းကို သက္ကရာဇ် ၅၄၅ တွင် စတင်စိုးစံခဲ့သော ဟံသာဝတီဘုရင်ရာဇာဓိရာဇ်၏ အားကိုးအားထားပြုရသည့်အမတ်သူရဲကောင်းဖြစ်သည်။ ရာဇာဓိရာဇ်ဘုရင်မှာ လက်ရုံးရည်စွမ်းပကားနှင့် ပြည့်စုံသော သူရဲကောင်းများ အမြောက်အများရှိသည်။ ၄င်းတို့မှာ အမတ်ဒိန်၊သမိန်ဗြတ်စ၊ သမိန်အဝနနိုင်၊ သမိန်ရဲသင်ရုံ၊သမိန်ဓိပ်ဖြဲ၊သမိန်သံကျယ် သမိန်မောခွင်၊ သမိန်ဥပါကောင်း၊ သမိန်ဓိပ်မွန်၊ ဗညားလဂွန်းအိမ်၊ အဲမွန်ဒရာနှင့် သမိန်ဗရမ်းတို့ ဖြစ်ကြသည်။ ထိုလူစွမ်းကောင်း သူရဲကောင်း လက်ရွေးစင်များထဲတွင် ဥပါကောင်းသည် တစ်ယောက်အပါအဝင် ဖြစ်ပေသည်။

ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နှင့် အင်းဝဘုရင်တို့စစ်ပွဲများအတွင်းက ဥပါကောင်းသည် သူ၏ သူရဲကောင်းပီသမှုကို တိုက်ပွဲအတော်များများတွင် ပြသနိုင်ခဲ့သူဖြစ်လေသည်။

ဥပါကောင်းသည်ကိုယ်ခန္ဓာကြံ့ခိုင်၍ လျင်မြန် သွက်လက်သူဖြစ်ပြီး ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး ကျွမ်းကျင်လှပေသည်။ ထိုကဲ့သို့သောလက်ရုံးရည်များဖြင့်ပြည့်စုံသောကြောင့် ဘုရင်ရာဇာဓိရာဇ်က သူ၏သမီးတလမည်ခေါင်စောနှင့် စုံဖက်၍ ဘောင်းနင်းမြို့မှာထားလေသည်။ ထိုသို့ ဘောင်းနင်းမြို့၌နေစဉ် မင်းရဲကျော်စွာ၏မြင်းတပ်ကို ဆီးကြို တိုက်ခိုက်အောင်နိုင်သဖြင့် ရာဇာဓိရာဇ်ကဥပါ

ကောင်းအား စောဟံကိုက်ဟူသော ဘွဲ့ကို ချီးမြှင့်ပေးအပ်လေသည်။

ရာဇာဓိရာဇ်သည်ဥပါကောင်းအားစစ်ပွဲများ၌ ရှေ့တန်းမှာထား၍လည်းကောင်း၊ နောက်တန်းမှာထား၍လည်းကောင်း၊ ဆင်တပ်မှာလည်းကောင်း၊ မြင်းတပ်မှာလည်းကောင်း၊ ခြေလျင်တပ်မှာ လည်းကောင်း အမျိုးမျိုးစမ်းသပ်တာဝန်ပေးခဲ့သည်။ဥပါကောင်းသည် မည်သည့်တာဝန်နှင့် တိုက်ပွဲ ဝင်ရ ဝင်ရ သူ၏တိုက်ပွဲသိက္ခာကို မည်သည့်အခါမျှ အကျမခံခဲ့ပေ။အရှုံးဖြင့် ဆုတ်ခွာရသောတိုက်ပွဲဟူ၍ မရှိခဲ့ဘူးဖြစ်လေသည်။

ရာဇာဓိရာဇ်လက်ထက် စစ် ပွဲ များတွင်ရှေ့တန်းစစ်ပွဲများဖြစ်သောမင်းခေါင်နှင့်ရာဇာဓိရာဇ်တို့၏တိုက်ပွဲ၌ မင်းခေါင်ဆုတ်ခွာသွားသည်အထိ ဥပါကောင်း ပါဝင်တိုက်ခိုက်ခဲ့သည်။ ထို့အတူမင်းခေါင်၏သား မင်းရဲကျော်စွာနှင့် ရာဇာဓိရာဇ်တို့၏ ဒလတိုက်ပွဲတွင် ရာဇာဓိရာဇ်၏ဘက်မှဆင်အစီးသုံးဆယ်နှင့်မင်းရဲကျော်စွာအား ဆီးကြိုတိုက်ခိုက်စဉ်က ဥပါကောင်းသည် ဆင်စီးလျက် ပါဝင်တိုက်ခိုက်ခဲ့လေသည်။

ဥပါကောင်းသည် နောက်တန်းတွင်တာဝန် ထမ်းဆောင်ရသည့်အခါလည်း အောင်ပွဲရသူဖြစ်သည်။ ဘောင်းနင်းမြို့အနီးသို့နယ်ကျွံ၍ရောက်လာသော မင်းရဲကျော်စွာ၏မြင်းတပ်ကို ချေမှုန်းနိုင်ခဲ့လေသည်။ ထိုသို့ချေမှုန်းရာတွင် ဥပါကောင်းသည် ဘောင်းနင်းမြို့တွင် မြို့စောင့်တာဝန်နှင့် ထမ်းဆောင်ခဲ့ရစဉ်က ဖြစ်ပေသည်။

အထူးချွန်ဆုံးဟုဆိုရမည့်ဥပါကောင်း၏နောက်တန်းတိုက်ပွဲကား ပြည်မြို့အရံတိုက်ပွဲ ဖြစ်လေသည်။ ရာဇာဓိရာဇ်က ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ပြည်မြို့၏အပြင်ဘက်တွင် အရံမြို့ကို တည်၍ တပ်ချထားခဲ့၏။ ပြည်မြို့ကို ဝန်းရံထားသော တပ်မြို့ဖြစ်ပေသည်။ ကျုံး၊ မြို့ရိုးတို့ဖြင့် အခိုင်အခန့်တည်ဆောက်၍ ချထားခြင်း ဖြစ်သည်။ မြို့ရိုးဆိုသော်လည်း သစ်သားတိုင်များဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ဥပါကောင်းသည် ထိုပြည်မြို့၊အရံတပ်ကြီးတွင်တာဝန်ထမ်းဆောင်လျက် ပါဝင်လေသည်။

အင်းဝဘုရင်မင်းခေါင်နှင့် ၎င်း၏သား မင်းရဲကျော်စွာတို့သည် ကြည်းတပ်၊ ရေတပ်ကြီးများချီ၍ ရာဇာဓိရာဇ်၏တပ်ချထားသော ပြည်အရံမြို့ကို တိုက်ကြသည်။ပြင်းထန်အားကောင်းသော တိုက်ပွဲကြီးတစ်ခုပင် ဖြစ်သည်။ မင်းခေါင်၏တပ်များသည် အရံတပ်မြို့၏ ကျုံးအားအပြင်းအထန်ကူး၍ မြို့ရိုးကို ဖျက်ကြသည်။ မြို့ရိုးခုနစ်တာခန့် ပျက်၍ မြို့တွင်းသို့ဝင်လာကြသည်။ ဤတွင် ဥပါကောင်းသည် ဆင်စီး၍ ကျုံးထိပ်ကဝင်လာသူများကို ဆီးကြိုခုခံတိုက်ခိုက်နေခဲ့၏။ သူနှင့်အတူ သူ၏တပ်မှူး အဲဖြရဲ၏တပ်သားများပါ ပါဝင်တိုက်ခိုက်ခဲ့၏။

ဤသို့ဖြင့် ဥပါကောင်းနှင့် တပ်သားများကမြို့တွင်းသို့ဝင်လာသောရန်သူများအား ခုခံတိုက်ခိုက်နေစဉ် အချို့သော တပ်သားများက ပျက်စီးသွားသောမြို့ရိုးကို ပြန်လည်တည်ထောင်ကြရာ တစ်နာရီအတွင်း မြို့ရိုးမှာအကောင်းပကတိအဖြစ် ပြင်ဆင်နိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် မင်းခေါင်တို့တပ်မှာ ပြန်လည် ဆုတ်ခွာသွားကြသည်။ ဤတိုက်ပွဲသည် ဥပါကောင်း၏ အထူးခြားဆုံးတိုက်ပွဲဟု ဆိုနိုင်ပေသည်။

ဤ ပြည်အရံမြို့တိုက်ပွဲ အပြီးတွင် အင်းဝဘုရင်မင်းခေါင်၏ သားစစ်ဘုရင်ငယ် မင်းရဲကျော်စွာကပင် ဥပါကောင်းကို ထုတ်ဖော်ချီးကျူးခဲ့လေသည်။ ဥပါကောင်းသည် မင်းရဲကျော်စွာနှင့် တိုက်ပွဲများတွင် တစ်ခါတစ်ရံ ဆင်စီးလျက်လည်းကောင်း၊ တစ်ခါတစ်ရံမြင်းစီးလျက်လည်းကောင်း၊ တစ်ခါတစ်ရံ ကြည်းတပ်သားအဖြစ်ဖြင့်လည်းကောင်း တိုက်ပွဲပေါင်းများစွာကို အောင်မြင်စွာတိုက်နိုင်သည့် သူရဲကောင်းဖြစ်ပေသည်ဟု ထုတ်ဖော်ချီးကျူးခဲ့ရ၏။

ထို့ကြောင့်ပင် စစ်နားချိန် တစ်ချိန်၌ မင်းရဲကျော်စွာသည် ဥပါကောင်းအား တွေ့လို၍ သူ၏တပ်တွင်းသို့လွှတ်ပေးရန် ဥပါကောင်း၏တပ်မှူး အဲဖြရဲထံတောင်းယူခေါ်တွေ့ခဲ့သည်။ ဥပါကောင်း မင်းရဲကျော်စွာထံရောက်သည့်အခါဥပါကောင်း၏သွင်ပြင်လက္ခဏာရုပ်ရည်အား ကြည့်ရှုအကဲခတ်ပြီး မင်းရဲကျော်စွာက သူရဲကောင်းပီသပါပေသည်ဟု ချီးကျူးခဲ့၏။ ထိုအခါ ဥပါကောင်းက မင်းရဲကျော်စွာအားနှုတ်ဖြင့်ချီးကျူးခြင်းထက်လက်တွေ့ပြသပါရစေ၊ ဆင်းစီးချင်း၊ မြင်းစီးချင်း၊ ခြေလျင်တစ်ဦးချင်း အစွမ်းပြလိုပါသည်ဟု ရဲရဲဝံ့ဝံ့စိမ်ခေါ်လေသည်။ သို့သော် မင်းရဲကျော်စွာက ဥပါယ်တံမျဉ်ဖြင့် ခေါ်သည်ဟု အပြစ်တင်ဖွယ်ရှိ၍ ခွင့်မပြုခဲ့ပေ။

ဥ ပါ ကောင်း သည် သူရ သတ္တိ၊ လက်ရုံးရည်၊ တိုက်စွမ်းရည်သာရှိသည် မဟုတ်ပေ။အရှင်သခင်၏ ကျေးဇူးသစ္စာကိုလည်း စောင့်သိရိုသေသူ ဖြစ်သည်။ မင်းရဲကျော်စွာက ဖိတ်ခေါ်၍ တွေ့ဆုံရသော တွေ့ဆုံပွဲတွင် မင်းရဲကျော်စွာက ဥပါကောင်းအား သူ၏ကျွန်အဖြစ် အမှုထမ်းလျှင် မြို့စားရာထူးပေးမည်ဟုဆိုရာ ဥပါကောင်းက လက်မခံခဲ့ချေ။

ဤသို့အားဖြင့်ဥပါကောင်းသည်သူရသတ္တိနှင့် ပြည့်စုံသူ၊ ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်သူ၊ တိုက်စွမ်းရည်နှင့် ပြည့်ဝသူ၊ အရှင်သခင်အပေါ်သစ္စာစောင့်သိရိုသေသူစသောသူရဲကောင်းလက္ခဏာများဖြင့်ပြည့်စုံသော မြတ်နိုးဂုဏ်ပြုထိုက်သည့် မွန်သူရဲကောင်းတစ်ဦး ဖြစ်ပေသည်။





မွန်တိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြရာတွင် အဆိုအက၊ ဂီတနှင့် တူရိယာပိုင်းဆိုင်ရာအချို့ကို အောက်ပါအတိုင်း မွန်အနုပညာရှင်များမှ အမှတ်အသားပြု ရေးသားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အကနှင့်ပါတ်သက်၍-

ချိုးရိုက်မွဲမွဲသာ်ဝ္ဂ ယဝ်ရ ဍေ ကိတ်ညီကိုခဍေဝ်ခ္ဍပ်မွး နှ်အခိုက်လှ်မာန်တ်ရ၊ အခိုက်လှ်ဂှ် ပါထောံ ဓါသာ်မာန်ရ၊ အခိုက်လှ်ဟာန်ကို အခိုက်လှ်ဒိုက်ပေင်ကို အနုသုခုမပညာမနှ်ရ၊ အခိုက်လှ်ဟာန်ဂှ် ဍေဟွံဒိုန်ဍောတ်ညင်ရ အခိုက်လှ်ဒိုက်ပေင်ကို အနုသုခုမပညာရ၊ ဂဇအ်၊ ကတို၊ တွ်တိုန်၊ ဆုတ်စှ်၊ လအာတဲဗိုင်၊ ဂစေင်ကျိုပ်၊ လ္ဂဝ်ဂွိင်တံဝ္ဂ ဆကိတ်ညီကိုဍေဝ်ခ္ဍပ်ရ၊ အခိုက်လှ်ဒိုက်ပေင်ကို အနုသုခုမပညာဂှ် လကဝ်တဲဗိုင်၊ ကျိုပ်ဂွိင်တံဂှ် သ္ဂးကိတ်ညီကိုဍေဝ်ခ္ဍပ်ကို၊ လယိုင်သ္ဂးချာံကို၊ သ္ဂးနှ်ကဝိုင်၊ ဒက်တဲ ဒိုန်ဍောတ်ကွိုက်ကွိင်လဟိင်လ္ဂ။ အခိုက်လှ်မာန်ဖှ်ေင်ဂှ် သ္ဂောံဆိုကေတ်ရ၊ အခိုက်လှ်ကို အခိုက်ဝေင် ဒြဟတ်ကြာန်ကြာန် ( ဥပမာ- လံက်ပွဲ၊ သေင ) တံဝ္ဂ နဲကဲဍေ ဆက်စပ်ဖှ်ေင်ရ၊ "

အထက်ပါအတိုင်း တွေ့ရှိရသည့် အပြင် " လက်ာမန် " ခေါင်းစဉ်ဖြင့်

အောက်ပါအတိုင်း လင်္ကာရေးသားထား ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

" လှေ်အခိုက်မန်ကျာ၊ အာကုံခွေစ်ခွါပ်၊ ဖွာပ်ဒွာဲနဲဂ္ဂိုင်၊ ဍိုက်ပေင်တဲဇိုင်၊ ကဝိုင်ဒက်၊ အ်ပညာမန်၊ သိုဇိုင်တဲလွိုင်၊ ဂ္ဂိုင်ကျိုပ်ကံဒး၊ လွှဖ္ဍးနဲမန်၊ ညးလေပ်ဂှ်ညန်၊ ညန်ဂွံပညာ၊ လွှမှာသဇိုင်။ "

ဂီတနှင့်ပတ်သက်၍-

" နကိုပ္ဍိက်ပြကိုပ်သဘ် ဂီတမွးဂှ် ဒီယသာရေနဂါယိတဗ္ဗန္တိဂီတံ- ဟိုတ်မ

အောက်ပါအတိုင်း လင်္ကာရေးသားထား သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

မွဲသွးကြဲကျာ၊ ဓါဇ္ဇမ္ဘိစီ၊ ပိဋကသတ၊ ကွ်ဖြုပန်မ၊ ဆဇ္ဇမွဲသ၁်၊ မြ၁်ဖြုမသုန်၊

ချေဲဖြုဇြဲပ္ဍန်၊ စိင်ပ္ဍန်ထပ်၊ တွံရမျာင်တုန်၊

ညးမန္ဒဂုဏ်၊ ပူနဲကျောန်ချေဲ၁ဇ္ဇေ၁်၊ မေ၁်ရးမညာ၊

မွန်ရိုးရာဂီတနှင့် အဆိုအကများ ကို ထိန်းသိမ်းဆောင်ရွက်မှုရာတွင် စည်း

# ထနှင့်ယှဉ်ရိုးယာ



ဂပ်ဝ်ဖချောတ်နကိုရမျာင်မဂ္ဂိုင်ဂှ်ရ ဂီတ မဂွံဒုင်ယျု ( ရောင် ) ကိုး

မွဲသွက်ကိုပ်ကျာမတွံဂး ပုဗ္ဗဘာဂ ဩကုဇပ္ပမကရောတ်ကသဝ် ကတိုင်တ် ရမျာင်ဂှ် ဂီတ မဂွံဒုင်ယျု ( ရောင် )ကိုး

ရမျာင်မဖျောတ်တ မလောန်အာန္ဒ ( လတူ ) ဝိမတ္တရဂှ် ဂီတ မဂွံဒုင်ယျု ( ရောင် ) ကိုး ( မွဲဟဂွံဇိင်ဂိုပ် ) မွဲသာ မညပိုက်လဂွံလောကဓါတ် မဖျောတ်သွး ရမျာင် ဂီတ ဂှ်၊ နဂဟိန်ရမျာင်ဍ၁်ပြ ဒး ကိုနဲကဲတဲ ရမျာင်မဒဇပ်ဒတဝ် ဂဟိန် တဂှ် ဂီတ ဂွံဒုင်ယျုရ။ " ဟူ၍ လေ့လာ တွေ့ရှိခဲ့ရပါသည် ။ သံစဉ်များကိုလည်း ( Diatonic Scale ) ကိုလည်း "ရမျာင်ထပ်လင်္ကာ " ခေါင်းစဉ်ဖြင့်

ဝါးအနေအထား ( ၄ ) မျိုးကို အဓိက ထား အသုံးပြုလေ့ရှိကြောင်း တွေ့ရှိရ ပါသည်။ ၎င်းတို့မှာ -

( ၁ ) ခုတ်စည်း၊ ( ၂ ) နာရီစည်း၊
( ၃ ) ဝါးလပ်စည်း၊ ( ၄ ) စုံစည်းတို့ ဖြစ်ပါသည်။

ခုတ်စည်းကို ရိုးရာနတ်ကနားက သည့်အခါတွင်လည်းကောင်း၊ မွန်ရိုးရာ တပင်တိုင် အကနှင့် အချို့သောယိမ်း အကများတွင် အသုံးပြုလေ့ရှိခြင်းနှင့် နာရီစည်း၊ ဝါးလပ်စည်း၊ စုံစည်းတို့ကို လည်း ရိုးရာအဆိုအကများတွင် လိုအပ် သလို အသုံးပြုလေ့ရှိကြောင်း လေ့လာ တွေ့ရှိနိုင်ပါသည်။

အကအခြေခံအနေဖြင့် လက်ဖဝါးပိုင်းဆိုင်ရာ လက်ချောင်းများ၏ အနေအထား ( ၄ ) မျိုးကို အဓိကထားအသုံးပြုလေ့ရှိခြင်းနှင့် ၎င်းတို့မှာ ( ၁ ) ကိန္နရီကိန္နရာ လက်အနေထားဟန်၊ ( ၂ ) ကြေးငှက်နှုတ်သီးလက်အနေထားဟန်၊ ( ၃ ) နဂါးပါးစပ်လက်အနေထားဟန်၊ ( ၄ ) ဟင်္သာနှုတ်သီးသဏ္ဍာန်လက်အနေထားဟန် တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ခြေအသွားအလာလှုပ်ရှားမှုတွင်လည်း လှုပ်ရှားမှု ( ၄ ) မျိုးအသွင်ဖြင့် ကပြလေ့ရှိကြောင်းကို တွေ့ရှိရပါသည်။ ( ၁ ) နှစ်ထပ်ခြေလှုပ်ရှားမှု၊ ( ၂ ) တစ်ထပ်ခြေလှုပ်ရှားမှု၊ ( ၃ ) ထပ်ခြေအရွေ့လှုပ်ရှားမှု၊ ( ၄ ) ခြေစုံရွေ့လှုပ်ရှားမှုတို့ ဖြစ်ပြီး ယင်းခြေလှုပ်ရှားမှုများတွင် နှစ်ထပ်ခြေ လှုပ်ရှားမှုသည် မွန်ရိုးရာ အကများအတွက် အဓိက အရေးကြီးသော ခြေအသွားအလာဖြစ်ကြောင်း အထူးသတိပြုမှတ်သားခဲ့ရပါသည်။

မွန်တိုင်းရင်းသားတို့တွင် ဂီတနှင့် စာပေ ဆက်သွယ်မှု အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်ကြောင်း၊ မွန်စာပေ အက္ခရာဗျည်း ( ၃၅ ) လုံးတွင် ဂရု ( အသံလေး ) လဟု ( အသံပေါ့ ) နှစ်မျိုးစလုံးပါဝင်နေသဖြင့် ယင်းအက္ခရာဗျည်း ( ၃၅ ) လုံးကို သီချင်းအဖြစ် သီဆိုနိုင်ခြင်း၊ ကဗျာလင်္ကာအစရှိသည့် မွန်စာပေများမှာလည်း သီချင်းအဖြစ်သို့ အလွယ်တကူ ကူးပြောင်းသီဆိုနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

မွန်ရိုးရာဂီတတွင် မွန်တို့၏ဟန်ပန်၊ မွန်တို့၏တူရိယာဖြင့် သမိုင်းအရ အေဒီ ( ၅၀၀ ) ခန့်ကပင် စတင်ထင်ရှားခဲ့ကြောင်းကို မြန်မာ့စွယ်စုံကျမ်း အမှတ် ( ၁၀ ) တွင် ဖော်ညွှန်းထားခဲ့ပါသည်။ မွန်တိုင်းရင်းသားတို့တွင် ရိုးရာတူရိယာပစ္စည်းများရှိသည့်အနက် လဆန်းတူရိယာ ( ဝါ ) လခြမ်းမောင်း ( ဗါတ်ကိုင် ) နှင့် မိကျောင်းတူရိယာ ( ကျာံ )တို့သည် အထင်ရှားဆုံး ဖြစ်သည်ကို တွေ့ရပါ



သည်၊ လဆန်းတူရိယာနှင့် ပတ်သက်၍

* *မင်းစက်ဂီတ၊ ဇကုရုပ်ခွောင်၊ စို<br>ကျောဝ်ရောဖဲ၊<br>သီမင်းစက်တဲ့၊ ဝေင်ပေါ်ဿွင်၊ ဥဘဲ<br>နင်တွင်တို့ကျ်၊<br>ဖံဒုတြဘိ၊ ကျံဂွိလဟိင်၊ မိင်ဒး<br>စိုတ်သို့ကျ်၊<br>ဗရှတွိင်တို့ကျ်၊ အခိုက်ဂိုဝ်ကုင်၊ က<br>လင်ရောဖဲ။

* *မင်းစက်ဂီတ၊ဇကုဝွံတုပ်၊ရုပ်ကိန္နရာ၊<br>ဖံစိန်ဟာဝ်ကွာ၊ ခရာပိင်မင်၊ ကွညင်<br>ဗါတ်ကေဲ၊<br>စံင်ဂြဝ်သေဲကျာံ၊ ဓါဓါဗြုတွေင်၊ ညး<br>ဝေင်ဿွင်ပေါ်၊<br>သီမင်းစက်တဲ့၊ တွောတ်ခွေဲဗြုကြွင်၊<br>ပွဲချင်ဟံသာ။

လင်္ကာများကို ရေးသားခဲ့ပြီး၊ ၎င်း လဆန်းတူရိယာ၏ သံစဉ်တည်ဆောက်ထားပုံနှင့် ပတ်သက်၍ လက်ရင်းမှအစ ပြုကာ ရိုးရာသံစဉ် အမှတ်အသားအရ၊ အောက်ပါအတိုင်း ရေးစပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

* *စနူပန်ပိ၊ နူပိဂှ်မွဲ၊ နူမွဲဂှ်ထပ်၊<br>စနူထပ်ဂှ်၊ နှ်တ်တြုပ္ဂန်၊ တဲဒးပန်ပြ၊<br>ပန်တဲဒးပိ၊ ပိတဲဒး၏၊ ၏တဲဒးမွဲ၊<br>နူမွဲဂှ်ဿွဲ၊ ပွဲထပ်တဲအာ်၊ တြုရောင်စ်<br>ဒှ်။

* *တြုတဲမသုန်၊ မသုန်တဲပန်၊ ပန်တဲ<br>ဒိုတ်ပိ၊<br>အ္ဇာတာပသိ၊ နကြိကွောန်လဝ်၊<br>ဃေါပ္ဂဝ်ခရ်မိင်၊<br>ဗရုစီပ္ဂန်၊ နေရဉ္ဇရာ၊ သဒ္ဒါညံင်တွိင်၊<br>ရမျာင်ဂှ်မိင်၊ ကွောန်တွိင်ဖံမံင်၊ ညံင်<br>နဲရသိ။

မိကျောင်းတူရိယာနှင့်ပတ်သက်၍

" မူလကွောန်ကျာံ၊ ဆုဍ ံဂှ်ကေတ်၊<br>ရံမာဖါသ၊ မူလဂှ်ကေတ်၊ ယာံ<br>ကေတ်ဆုတွဟ်၊ ပေါဟွံမရဟ်၊ ဂှ်<br>လေဝ်လွကေတ်၊ ကွေတ်လွမှာညိ၊<br>တင်နွယ်စုပိ၊ ဟိရိကျာ်ညြီ၊ တင်ဆ<br>ယီပယျာ်၊ ကတ်ညီညးအဲ နဲပညာ<br>တြေံ၊ သမ္တီလဝ်ညိ၊ မိုရန်တင်ပ္ဂန်<br>ဇုတ်ဟာဍေံပွဲ၊ သွဲလးနွံအခိုက်၊<br>ကြိုက်ကိုချင်ကွာန်၊ ဌာန်တွဟ်ဟ်ဂွံ<br>လေဝ်နွံကို၊ ယာံဆေသတိင်၊ လ<br>ဟိင်သို့၊ ကို့ဖွော်ဝိုန်သွဲ၊ ရန်ကျာံ<br>မတ်ဗြ၊ ဘဲဗုးအိုတ်ရောင် "

ဟူ၍ ရေးသားထားသည်ကိုလည်း တွေ့ရှိရပါသည်။ မိကျောင်းတူရိယာ သည် ကြိုးတစ်တူရိယာဖြစ်၍ ကြိုး ( ၃ ) ချောင်း ပါရှိပါသည်။ မွန်ရိုးရာသံစဉ် အမှတ်အသားအရ၊ ဒုံးကြိုးကို ( ၅ ) ပေါက်သံ၊ အလယ်ကြိုးကို သံမှန် ( ၁ ) ပေါက်သံနှင့် အဓိကတီးခတ်ရသောမူလ ကြိုးကို ( ၅ ) ပေါက်သံအဖြစ် အသံ ညှိ၍ အခြားသောတူရိယာများနှင့် တွဲ၍ တီးခတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

စာရေးသူအနေဖြင့် ယခုအခါတွင် မွန်တိုင်းရင်းသား ရိုးရာအဆိုအက၊ အတီးပညာများကို လေ့လာလိုက်စားသည့် ဝါသနာရှင်များမှာ အလွန်နည်းပါးလှကြောင်း တွေ့ရှိနေရသဖြင့် သိပ္ပံနည်းကျလေ့လာပါက အချိန်တိုအတွင်း တတ်မြောက်နိုင်ကြောင်းကို သတင်းကောင်းပါးခြင်းဖြင့် လေ့လာလိုသူ အနုပညာရှင်များအတွက် ဆရာနိုင်ခင်မောင်ကြီး၏ မွန်ရိုးရာအဆိုအက မှတ်တမ်းမှ ကောက်နုတ်ချက်အချို့ကို လေ့လာ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

---

တက္ကသိုလ် မင်းမိရာဇ်

---

ကောတီ အောင်သိန်း
ရန်ကုန်တက္ကသိုလ်



# မွန်ကျောက်စာ မှတ်တမ်းများကပြောပြနေသော မွန်လူမျိုးဘာသာ စာပေ ယဉ်ကျေးမှု

မွန်တို့သည် ရှေးပဝေသဏီအခါက တရုတ်ပြည်မကြီး ယန် စီ ကျန်း မြစ် (Yangtze Kian River) ရှိ ရှည်လျားသော လျှိုမြောင် တောင်ကြားဒေသတွင် အခြေစိုက် နေထိုင်ခဲ့ကြသည်။ ၎င်းတို့သည် မွန်၊ခမာဘာသာ စကားပြောသော မိသားစုနှင့် ဆက်နွယ်နေသော လူမျိုးဖြစ်သည်ဟု စကားသုတေသီပညာရှင်တို့က ဆိုပါသည်။

သုတေသီပညာရှင် (Pulley-blank 1966)က မွန်ခမာတို့ အငှါးသုံးစွဲသော စကားလုံး (Loan Word) ဖြစ်သည့် ဂရိန် (Kran)မှာ တရုတ်ရှေးခေတ်သုံး စကား ဖြစ်ပါသည်။ ယနေ့ခေတ်သုံး တရုတ်ဘာသာစကား ဖြစ်သော 'ကန်း' (Kian)နှင့် အနက်တူလေသည်။

ယင်း သုတေသီ ပညာရှင်များက ဆက်လက်ဖော်ပြသည်မှာ ၎င်း ယန်စီး ဒေသရှိလူများသည် တရုတ်ဘာသာစကား ပြောဆိုသုံးစွဲခြင်း မရှိကြောင်းနှင့် ဘီစီ ပထမအနှစ်တစ်ထောင်ကတရုတ်ရှေးခတ် ယဉ်ကျေးမှုကို မွန်ခမာတို့က လက်ခံ ကျင့်သုံးခဲ့ကြောင်း ဖေ ရှိရပေသည်။

အခြားသုတေသီ ရှင် နှစ်ဦးဖြစ်သူ(Terry Norman) ် (Tsu-Lin Mei 1970) တို့ကလည်း ပထမ



ဘောဓောပိုင်း နှစ်၅၀၀၀ခန့်တွင် အရှေ့တောင်ကမ်းရိုးတန်းဒေသနှင့်တရုတ်ပြည် ယန်စီးနယ် အလယ်ပိုင်း ကမ်းခြေဒေသတွင် ဩစထရီအေးရှားတစ် (Austro-asiatics) လူမျိုး နေထိုင်ခဲ့ကြသည်ဟု ဆိုပါသည်။

မွန်ခမာတို့သုံးစွဲနေကြသော မိသားစုဘာသာစကားမှာအထက်ဖော်ပြပါဩစထရီအေးရှားတစ် ဘာသာစကားလည်း အပါအဝင် ဖြစ်ပေသည်။

သမိုင်း အထောက်အထားများ အရ ရှေးမွန်လူမျိုးတို့သည် တရုတ်ပြည်ကြီးရှိ ယန်စီးမြစ် လျှိုမြောင်တောင်ကြားဒေသများတွင် မွန်လူမျိုးတို့၏ မူလပင်ရင်းဌာနီဒေသအဖြစ်ဖြင့် အခြေစိုက် နေထိုင်ခဲ့သည်ကို တွေ့ရှိရပေသည်။ ယင်းသည့်နောက် မွန်ခမာလူမျိုးတို့သည် တရုတ်ပြည် မြောက်ပိုင်းရှိ တရုတ်လူမျိုးတို့၏ ဖိနှိပ်မှုကြောင့် အာရှတိုက်တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်ဟု ဆိုပါသည်။

မွန်လူမျိုးတို့သည် ကမ်းရိုးတန်းကမ်းခြေဒေသများ၌ လာရောက်နေထိုင်စဉ်က (Negritos)လူမျိုးနှင့် ဆုံဆည်းခဲ့ကြပြီး၊ ယင်း (Negritos) လူမျိုးတို့သည် မွန်ခမာစကားလုံးများကို ငှားယူသုံးစွဲခဲ့ကြသည်။ သုတေသီပညာရှင်တို့ကမူငှင်းတို့အားမွန်ခမာ(Mon-Khmer) မိသားစုလူမျိုးထဲ၌ ထည့်သွင်းထားပေသည်။ ယင်းတို့ကိုဩစထရီအေးရှားတစ် (Austroasiatic) လူမျိုးဟု ခေါ်တွင်ပေသည်။ (Austroasiatic) ဟူသော အနက်အဓိပ္ပါယ်ကား(Yun-nan)မြောက်ဘက်၊ (Nicobar Islands)ကျွန်းများ၏ တောင်ဘက်၊ အိန္ဒိယပြည် အလယ်ပိုင်း၊ ဗီယက်နမ် အရှေ့ဘက်ကမ်းခြေ၊ တောင်အာရှ၏တောင်ဘက် ပြည်မကြီး အစရှိသောဒေသများတွင် အခြေစိုက် နေထိုင်သူများဟူ၍ အနက်ရပါသည်။

စင်စစ်အားဖြင့် မူလကနဦး ကာလတွင် မွန်နှင့်ခမာလူမျိုးတို့မှာ တစ်မျိုးတစ်နွယ်တည်းဖြစ်သော လူမျိုးဖြစ်ခဲ့ပေသည်။ နောက်ပိုင်းကာလတွင်မူ မွန်နှင့်ခမာ လူမျိုးတို့သည် ခွဲထွက်သွားကြပြီး အဆက်အသွယ် မပြုလုပ်နိုင်ကြကြောင်း တွေ့ရှိရပေသည်။

ထိုနည်းတူစွာ(The Nyah Kur) ညက်ကာလူမျိုးတို့သည်လည်း ယခုအခါ လူဦးရေသည် နှစ်ထောင်ခန့်သာ ရှိပြီး (၁၁) ရာ စု နှစ် က တည်း က (Korat Plateau) ကိုရတ်ကုန်းပြင်မြင့်ဒေသတွင် နေထိုင်ကျန်ရစ်လျက်ပင်ရှိနေသေးသည်ဟု ဆိုပါသည်။ ယင်းတို့သည် ယခုအခါ ခေတ်သစ်မွန်လူမျိုး (The Modern Mon People) တို့နှင့် အဆက်အသွယ်မပြုလုပ်ကြတော့ချေ။ ငှင်းတို့သည် ဒွါရဝတီမွန်နိုင်ငံသား အကြွင်းအကျန်များ ဖြစ်ကြပေသည်။ ဓာနီတို့ ပြောဆိုသုံးနှုန်းသော ဘာသာစကားများမှာ ရှေးမွန်လူမျိုး ပြောဆိုသုံးနှုန်းသော စကားလုံးနှင့် ထပ်တူထပ်မျှ ဖြစ်နေ

ကြောင်း (၁၁)ရာစုနှစ် မွန်ကျောက်စာများ၌တွေ့ရှိရပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ညက်ကာလူမျိုးသည် ခေတ်သစ်မွန်လူမျိုးမှ ခွဲထွက်သောလူမျိုးဖြစ်သည်။ ၎င်းတို့သည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလုံးတွင် မှီတင်းနေထိုင်လျက်ရှိပေသည်။

(၆)ရာစုနှစ် ခမာကျောက်စာများတွင် မွန်လူမျိုးအား ရာမန်(Raman)နှင့် ရမန် (Rmman)ဟူ၍ ရေးထိုး ဖော်ပြထားပေသည်။ (၁၁)ရာစု နှစ်ဦးပိုင်းတွင်မူ ဂျားဗား (Java)ကျွန်းတွင် (Rmen)ဟူသော အရေးအသား အခေါ်အဝေါ်မျိုး တွေ့ရှိရပေသည်။

ယင်းနောက် (၁၁)ရာစုနှစ်၊မွန်လူမျိုးနှင့်ပတ်သက်၍ ပုဂံပြည်ရှိ မွန်သမိုင်းမှတ်တမ်းတစ်ခု၌ မြန်မာဘုရင် ကျန်စစ်သားမင်းက မွန်လူမျိုးအား (Rmen)ဟူ၍ ရေးထိုးမှတ်တမ်း တင်ထားခဲ့သည်ကို တွေ့ရပေသည်။ ထို့ပြင် (၁၅)ရာစုနှစ်တွင် မွန်ဘုရင်ဓမ္မစေတီမင်းက ပဲခူး၌ (Rman) ဟူ၍ မွန်ကျောက်စာများတွင် ရေးထိုးထားပြန်သည်။ သို့ရာတွင် ယနေ့ကာလဟွင်မူကား မွန်လူမျိုးကို မန်း (Man)ဟူ၍ပင်ရေးသားကြပြီးမန်(Man) ကို မွန်(Mon)ဟု အသံထွက်ရပေသည်၊ (Pronounced-Mon) ဖြစ်သည်။

ထို့ကြောင့် အချုပ်အားဖြင့် မွန်လူမျိုးသည် မွန်ခမာမိသားစုဝင် ဖြစ်ပြီး ဩစထရီအေးရှားတစ် နွယ်စု (Austro-asiatic Group)အုပ်စုဝင်ဖြစ်သည်။၎င်းတို့သည် ရှေးယိုးဒယားပြည်နှင့် ရှေးမြန်မာပြည် နှစ်နိုင်ငံစလုံး၌ မှီတင်း နေထိုင်လာခဲ့ကြသည်မှာ ကာလအတော်ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

(G.H. Luce (1965) )ကမူ မွန်ခမာလူမျိုးသည် ဆန်စပါး စိုက်ပျိုးမှုအတတ်ပညာရပ်ကို အိန္ဒိယသို့ ပြန့်ပွားအောင် လုပ်ဆောင်ခဲ့ပြီး အိန္ဒိယလူမျိုးထံမှဟိန္ဒူဘာသာအယူဝါဒနှင့်ဗုဒ္ဓဘာသာအယူဝါဒသာသနာတော်ကို ရရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ မွန်လူမျိုးတို့သည်ရှေးပဝေသဏီကပင်လျှင်အထက် ဖော်ပြပါ စိုက်ပျိုးမှု အတတ်ပညာအပြင် ပင်လယ်ရေကြောင်း ခရီးသွားလာရေး အတတ်ပညာများကိုလည်းတတ်ကျွမ်းပြီးသားဖြစ်ပြီး အိန္ဒိယပြည်သို့ယင်းအတတ်ပညာရပ်များကို ပြန့်ပွားအောင်ယူဆောင်ပေးခဲ့သည့်လူမျိုးပင် ဖြစ်ပေသည်။

ထို့ပြင် မွန်လူမျိုးတို့သည် ရှေးအခါကပင် ကြေးနီနှင့်ခဲမဖြူ ရောစပ်သွန်းလုပ်သည့် နည်းပညာရပ်ကို တတ်ကျွမ်းခဲ့ကြောင်း ၁၉၇၆–ခုနှစ် ဂေါလ်လူမျိုး (Gorman)နှင့် (Pisit)လူမျိုးတို့ကြီးမှူးကွပ်ကဲ၍ ဗန်ချိန်းရှေးဟောင်းပစ္စည်းတူးဖော်မှု(The Bang Chiang excavation) တွေ့ရှိချက်အရသိရှိရပေသည်။

ရှေးမြန်မာမင်း လက်ထက်မှ မွန်ကျောက်စာများကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် တွေ့ရှိကြောင်း သမိုင်းသုတေသနပြုချက်အရ သိရှိခဲ့ပေသည်။ မြန်မာပြည်ပုဂံခေတ်၊ ကျန်စစ်သားမင်း လက်ထက် သက္ကရာဇ်(၁၁)ရာစုနှစ်၌ ရေးထိုးမှတ်တမ်းတင်ခဲ့သော မွန်ကျောက်စာများဖြစ်သည်ကို အများဆုံး ရှာဖွေတွေ့ရှိခဲ့ပေသည်။

ထိုခေတ် ကာလ၌ မြန်မာဘာသာစကားများမှာ နုနယ်သေးသဖြင့် ထီးသုံး၊ နန်းသုံး၊ရုံးသုံး(လွှတ်တော်ရုံးသုံး)ဘာသာစကားများကိုမူ အဆင့်မြင့်သော မွန်ဘာသာစကား အရေးအသားဖြင့်ပင် နန်းတော် ညီလာခံများတွင် အသုံးပြုခဲ့ကြလေ၏။

ကျောက်တုံးများတွင် မွန်ဘာသာဖြင့် ရေးထိုးမှတ်သားခဲ့ကြသည့်အပြင် ဘုရားစေတီအုတ်နံရံများတွင် မင်နက်ဖြင့် ရေးသား မှတ်တမ်းတင်ခဲ့ကြသည်။ နံရံကန်ဆောင်းများတွင်လည်း ပြဇာတ်၊ဝတ္ထု၊ ဇာတ်လမ်း၊ ပုံပြင်များကို ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ရေးဆွဲမွမ်းမံ ခြယ်မှုန်းခဲ့ကြလေသည်။ ထိုပုံပြင်ဇာတ်လမ်းများမှာလည်းအများအားဖြင့်ဗုဒ္ဓ၏ဘဝဖြစ်စဉ်များကို ဖော်ပြထားသော ဇာတ်နိပါတ်တော်(၅၄၇–ခု) အာနန္ဒာဘုရား စဉ့်ခွက်ရုပ်ပင် ဖြစ်လေသည်။

မြန်မာ့သမိုင်းတွင်ပုဂံမည်ကျော်ကြား ခဲ့သောကျန်စစ်သားမင်းကြီး၏သားတော် ဖြစ်သည့် ရာဇကုမာရ်မင်းသားက မွန်ဘာသာဖြင့်ပင်ကျောက်စာများကို ရေးထိုးမှတ်တမ်းတင်ခဲ့ပေသည်။ ယင်းကျောက်စာများတွင် သဘော်ဆေးမင် (The Panen of ink) ဖြင့် ရေးထိုးထားပြီး မဟာဗြဟ္မာငါးပါး (Five - Maha-brahmas)တို့သည် လူ့ပြည် (ကမ္ဘာမြေကြီး)ပေါ်သို့ ရောက်ရှိခဲ့သည့်အကြောင်းကိုငှင်း၊ စကြဝဠာတစ်ခွင်လုံးမှာ သက်ဝင်လှုပ်ရှားလျက်ရှိပြီးဖြစ်ကြောင်း တစ်နည်းလူ့ဘဝ၊ သက်ရှိဘဝ စတင်ခဲ့ပြီး ဖြစ်ကြောင်းကိုငှင်း ရေးထိုး မှတ်တမ်းတင်ခဲ့ပေသည်။

မွန်ကျောက်စာများသည် ပေရွက်များတွင် ရေးသားထားပြီး အုတ်ဖြင့်ဆောက်လုပ်ထားသော အထူး စာကြည့်တိုက်ထဲတွင် သိမ်းဆည်းထားသည်ဖြစ်၍ ယခုအထိ အခြေအနေ ကောင်းမွန်လျက်ရှိကြောင်းကို တွေ့ရှိရပေသည်။

ထိုင်းနိုင်ငံတွင် မွန် ကျောက် စာ အမြောက်အမြား ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ ယင်း ကျောက် စာ များ ကို (G-Coedes)နှင့် (Robert Halliday) တို့ကပြင်သစ်ဘာသာပြန်ဆို၍ ၁၉၂၉–၃၀ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

မွန်လူမျိုးနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာများကို ထိုင်းနိုင်ငံ(Loburi) မြို့ရှိ ဗန်ကောက်အမျိုးသား စာကြည့်တိုက် အေဒီ(၈)ရာစုဖြင့်ဖော်ပြထိန်းသိမ်းထားကြောင်း တွေ့ရှိရပေသည်။

မွန်ရှေးအကျဆုံးကျောက်စာကိုအေဒီ (၆)ရာစုဟု ဖော်ပြထားပြီး ထိုင်းနိုင်ငံအလယ်ပိုင်းဒေသ (Loburi)မြို့ အနီးရှိ (Saraburi)နယ်၊ (Narai) လိုဏ်ဂူကြီးကျောက်နံရံပေါ်၌ ရေးသား မှတ်သားထားသည်ကို တွေ့ရှိရပေသည်။

(၆) ရာစုနှစ် မွန်ကျောက်စာတွင် မုတ္တမကွေ့နှင့် (၄၀)ကီလိုမီတာ အကွာအဝေးရှိ ကော့ဝွန်းဂူကြီး၌ မွန်ဘုရင်မ (Muh-Tah)အကြောင်းကို မွန်ဘာသာဖြင့် ရေးထိုးမှတ်သားထားသည်ကို တွေ့

ရှိရပေသည်။ ထိုဘုရင်မမှာ (Duwop) မြို့တော်ကို အုပ်ချုပ်ခဲ့ပေသည်။

*(မှတ်ချက်။ ။သမိုင်းသုတေသီက (Duwop)မြို့ကို ယခုရှာမတွေ့နိုင်သေးဟု ဆိုပါသည်။ "ဒွံဝန်း"ကို ရည်ညွှန်းသည်ဟု စာရေးသူက ဆိုလိုချင်ပါသည်)*

ထို့ပြင် မွန် ကျောက် စာ များတွင် ဟံသာဝတီ (ပဲခူး)သည် မွန်လူမျိုးတို့၏ နောက်ဆုံး နေပြည်တော်ဖြစ်ကြောင်းနှင့် မွန်ဘုရင်မကြီး ရှင်စောပုနှင့် သားမက်တော်ဓမ္မစေတီမင်းအကြောင်းတို့ကိုလည်း မွန်ဘာသာဖြင့် ရေးထိုး မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

ရှေးပဝေသဏီကာလ၌ မြန်မာလူမျိုးသည် စာပေ မရေးတတ်သေးပေ။ မွန်စာတတ်ပေတတ်ရဟန်းပညာရှိရှင်အရဟံအား မင်းဆရာတော် ခန့်အပ်ပြီး မွန်အက္ခရာ၊ သရ၊ ဗျည်းများကို မွေးထုတ်ပြီး မြန်မာ စာပေ၊ မြန်မာ ဝေါဟာရများကို တီထွင်ပေးခဲ့သည်ဟု သမိုင်းကဆိုထားပါသည်။

သက္ကရာဇ် ၁၄၇၆–ခုနှစ်တွင် ဟံသာဝတီမွန်ဘုရင်တစ်ပါးသည် ဓမ္မစေတီအား ရာဇဓိပတိဘွဲ့ထူးကို ချီးမြှင့် အပ်နှင်း၍ နေပြည်တော်၌ ကြီးမားသော ကလျာဏီသိမ်တော်ကြီး (A Huge Ordination Hall) တစ်ဆောင် တည်ဆောက်ခဲ့ပြီး အလွန် ကြီးမားသော ကျောက်တုံးကြီးတစ်လုံးပေါ်၌ မွန်ဘာသာနှင့်ပါဠိဘာသာတို့ဖြင့် ကျောက်စာများ ရေးထိုးခဲ့လေသည်။

မြန်မာပြည်အောက်ပိုင်းရှိ ပုသိမ်မြို့နယ်မှ ဘုန်းတော်ကြီးတစ်ပါးက ဓမ္မဝိလာသ (Dhamma Vilasa) ဟု ခေါ်သော ကိုဓဥပဒေ (ပြဋ္ဌာန်းဥပဒေ)ကို ကောက်နုတ် ဘာသာပြန်ဆိုခဲ့လေသည်။ ထိုအရှင်မြတ်မှာ စရိပုတ္တ (Sariputta) ဖြစ်ပြီး အိန္ဒိယပြည် အရှေ့တောင်ပိုင်းရှိ ကန်စီပူရ(Kancipura) ဒေသဖွားဇာတိ အာနန္ဒာသီရဘုန်းတော်ကြီး၏တပည့်ရင်း ဖြစ်လေသည်။

၎င်းကောက်နုတ် ဘာသာပြန်ဆိုချက်ဖြစ်သောကိုဓဥပဒေ(ဝါ)မနုပြဋ္ဌာန်းဥပဒေ (ဝါ)မနုဓမ္မသတ်ကို မြန်မာဘုရင်က နှစ်ခြိုက်တော်မူပါသဖြင့်ဓမ္မဝိလာသဟူသောဘွဲ့တော်ကို ချီးမြှင့်ခဲ့ရာမှ ဓမ္မဝိလာသကိုဓဥပဒေဟူ၍ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။

အဆိုပါ စရိပုတ္တ ဘုန်းတော်ကြီး၏ ကြိုးပမ်းဆောင်ရွက်ပြုစုတော်မူသော ဓမ္မဝိလာသ မနုဓမ္မသတ်သည်လည်း ယနေ့အထိတိုင်အောင်ပင် လူသိများပြီး တွင်ကျယ် ပျံ့နှံ့စွာ လိုက်နာကျင့်သုံးလျက်ရှိလေသည်။

မွန်ကျောက်စာ၊ မွန်သမိုင်းသုတေသီပညာရှင်ဆရာကြီး ဒေါက်တာ နိုင်ပန်းလှ (ယခုအခါ ဧည့်ပါမောက္ခ၊ နိုင်ငံခြားဘာသာရပ်သင်ကြားမှုတက္ကသိုလ်၊ တိုကျို၊ ဂျပန်)က ၁၉၅၈/၅၉–ခုနှစ်တွင် ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်၌ အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်စဉ်ဆရာကြီး၏ ကြိုးပမ်းချက်ကြောင့်ပင်လျှင် မွန်ဘာသာစကားနှင့် စာပေကို မွန်ကျေးရွာများရှိကျောင်းတိုင်း၌ မွန်ဘာသာပြဆရာများ ခန့်ထားသင်ကြားခွင့်ရရှိသည့်အပြင် မော်လမြိုင် ကောလိပ်ကျောင်းတွင်လည်း မွန်ဘာသာစာပေပညာရပ်ကို စိတ်ကြိုက်ရွေးချယ်သင်ကြားခွင့်ရရှိခဲ့ပါသည်။ (ထိုစဉ်က မော်လမြိုင်တက္ကသိုလ် မရှိသေးဘဲ ကောလိပ်အဆင့်သာရှိပါသည်။)

ရန်ကုန်တက္ကသိုလ်တွင်လည်းမြန်မာစာ အဓိကဘာသာရပ် သင်ကြားသောတက္ကသိုလ်ကျောင်းသားများနှင့်**ဂုဏ်ထူးတန်း**ကျောင်းသားများ အပါအဝင် ရှေးမြန်မာဘုရင် ရှေးမွန်(Old Mon)ကျန်စစ်သားမင်းအကြောင်းသမိုင်းဘာသာရပ်ကိုမသင်မနေရ ပြဋ္ဌာန်းခဲ့ပါသည်။

သို့ရာတွင် ၁၉၆၂–ခုနှစ်မှ စ၍ မွန်ဘာသာစာပေကို မြန်မာနိုင်ငံ စာသင်ကျောင်းများတွင် သင်ကြားခွင့် မရရှိသည့်အချိန်မှစ၍ မွန်ဘာသာ စာပေစကားမှာ တစ်နေ့တခြား လျော့နည်းမှေးမှိန်ခဲ့ရပေသည်။ ယခု မွန်လူမျိုးတို့၏ သန်းခေါင်စာရင်းအရဖြင့်မူ မွန်စာတတ်သူဦးရေမှာ တစ်သန်းမျှပင်မရှိတော့ချေ။ ထို့ကြောင့် ရာစုနှစ်အနည်းငယ်အတွင်းတွင်မွန်စာပေသည် ပျူစာပေနှင့်စကားကဲ့သို့ပင် မကြာမီ ပျောက်ကွယ်သွားမည်ကို အထူးစိုးရိမ်ပူပန်မိကြောင်း ဆရာကြီးက သူ၏သုတေသီစာတမ်းတွင် ထည့်သွင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ဆရာကြီး၏ စိုးရိမ်ပူပန်ချက်ကို ကျွန်တော်တို့ အထူးနှလုံးသွင်းပြီး မွန်ဘာသာ၊ စကား၊ စာပေပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

*ကေတီ–အောင်သိန်း*

(ရန်ကုန်တက္ကသိုလ်)



ရွှေတွင်းခင်မောင်ရင်

# ကြိုးပေါ်က ခေထားရှိ



F16B

မွန်ပြည်နယ်၊ရေးမြို့မှ မော်လမြိုင်သို့ နံနက် ထွက်ခွာလာသော လူစီးမီးရထားကြီးသည် တောင်ကြိုတောင်ကြားလမ်းခရီးကို ပြေးလွှားလျက်ရှိသည်။ ကျွန်တော်သည် မွန်ပြည်နယ်၊ ရေးမြို့တပ်ရင်းရှိ ကျွန်တော်၏တူ–တူမများထံ ပထမဦးဆုံး အလည်ခရီးသွားလာခြင်း ဖြစ်ပါသည်။ မွန်ပြည်နယ်၏ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင် သာယာလှပသလိုတွေ့ရသောလူများကလည်း မွန်ရည်လှပ ယဉ်ကျေးသည်ကို တွေ့ရှိခဲ့ရ၏။ အချိန်ကာလမှာ ၁၉၈၁–ခုနှစ် မိုးဦးကျစမုတ်သုန်လေနှင့်အတူ ကောင်းကင်၌ မိုးတိမ်များ အလှတန်ဆာဆင်နေချိန်လည်း ဖြစ်ပေသည်။ ရေးမြို့မှ ကျွန်တော် နေထိုင်ရာ အညာဒေသသို့ အပြန်ခရီးလည်း ဖြစ်ပါသည်။

မော်လမြိုင်တောင် ရေးမီးရထားလမ်းသည် တကယ်ဆိုတော့ သဘာဝ ပတ်ဝန်းကျင် ရေမြေတောတောင် လွန်စွာသာယာလှပသောခရီးလမ်းဖြစ်ပြီး အစားအသောက်သစ်သီးဝလံများလည်း ပေါများကြွယ်ဝလှသည်ကို တွေ့ရ၏။

"မထားရွှေရေ·· ခုတစ်ခေါက်တော့ ပင်လယ်လှိုင်းတွေထန်လို့ စက်လှေတွေမဝင်လို့ ဘာဝယ်သွားမှာလဲ၊ မုတ္တမနဲ့ပေါင်ဘူတာကြားမှာ ပစ္စည်းတွေရှာဖွေနေသတဲ့"

အသားညိုညို ထောင်ထောင်မောင်းမောင်းနဲ့ အညာသားဟန် ပေါက်သောယောကျ်ားပျိုတစ်ယောက်က ရထားတွဲထောင့်မှနေ၍ အသားဖြူဖြူခပ်ချောချောအသက်နှစ်ဆယ်အရွယ် မိန်းမပျိုလေးအား လှမ်း၍ပြောလိုက်၏။ ထိုမိန်းမပျိုလေးမှာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရထားထိုင်ခုံပေါ်တွင် ထိုင်လျက်ရှိသည်။ "အစ်ကိုကလည်း ရတဲ့ကုန်ပေါ့၊ သံဖြူဇရပ်မှာဖြစ်ဖြစ်၊လမိုင်းမှာဖြစ်ဖြစ်၊ ကရပ္ပိမှာဖြစ်ဖြစ် ခေါက်ထီးတော့ ရမှာပါ။ အခုလို မိုးဦးကျမှာ မောင်းပြန်ခေါက်ထီးရောင်စုံဆိုရင် ရန်ကုန်ဈေးကွက်ကောင်းပါတယ်။ ပူမနေစမ်းပါနဲ့··"

အသားဖြူဖြူရုပ်ချောချော မထားရွှေဆိုသော မိန်းကလေးက အသားညိုညိုလူငယ်အား ပြန်ဖြေလိုက်၏။

မထားရွှေသည် မော်လမြိုင်ဒေသကတခြားသူများတွေလိုဖြူဖြူဖွေးဖွေးနှင့် ရုပ်ရည်ကလည်းသန့်ပြန့်လှပေ၏။ မောင်နိုလောကတွင် ရုပ်ရည်လှပမှုရှိသူများ နေရာယူထားတတ်ကြသည်မှာ မဆန်းပေ။ ဤတွင် ရုပ် ခန္ဓာ ဆိုသကဲ့သို့ မိန်းမတို့၏ ရူပါအလှသည် ပစ္စည်းတစ်မျိုး ဖြစ်ပေ၏။

ပုထုဇဉ်ရှာဖွေရေးတချို့ကလည်း လှသော၊ပသော မိန်းကလေးဆိုရင် ကြည့်ရ၊ ရှာရ၊ ဖွေရ၊ ထိရပါက ကျေနပ်ကြ၏။ အခွင့်အရေး ပေးတတ်ကြလေ၏။ ဒါကြောင့် မော်လမြိုင်လို လမ်းခရီး၌ မိန်းကလေးလှလှပပလေးများတွေ့ရတတ်သည်။ မီးရထားကြီး သုံးဘူတာခရီးကျော်ခဲ့ပြီ။

"ဦးလေး··· ရှေ့ဘူတာကျော်ရင် ကျွန်မပြန်လာခဲ့မယ်။ ဒါလေးတွေခဏကြည့်ထားစမ်းပါ··"

မထားရွှေ ဆို သော မိန်းကလေးက ကျွန်တော်ထိုင်သော မီးရထား ထိုင်ခုံအောက်သို့ခေါက်ထီးတစ်စည်းလာချသွား၏။

ကျွန်တော်သည် ဤဒေသသို့ ပထမဦးဆုံးအကြိမ် ခရီးသွားလာခြင်းဖြစ်၏။ ကျွန်တော်နေသော တောင်တွင်းကြီးမြို့ မီးကြီးလောင်စဉ်ကမြို့လုံးကျွတ်အိမ်များမီးလောင်သွားရာတွင် မီးဘေးဒုက္ခသည်ကျွန်တော့်အား ပြုစုကူညီရန် ရေးမြို့နေကျွန်တော့်တူမောင်က လာရောက် ခေါ်ခဲ့သောကြောင့် ရောက်ရှိရသော အချိန်အခါလည်း ဖြစ်ပေသည်။ မိုးဦးကျပြီးဖြစ်၍ အညာဒေသတောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပါသည်။ မထားရွှေတို့လို လုံမပျိုများ ဘူတာတစ်ခုရောက်လျှင် ရော်ဘာခြံများထဲတွင် ကက်ဆက်၊ခေါက်ထီးစသည်များ ရောင်းဝယ်နေကြသည်ကို ရထားပေါ်မှ လှမ်းမြင်နေရသည်။

မီးရထားကြီးခုတ်မောင်းနေစဉ်မထားရွှေနှင့် အသားညိုညိုလူရွယ်တို့သည် ရှေ့တွဲမှ ကျွန်တော်ရှိရာတွဲသို့ ကူးပြီးရောက်လာကြ၏။



"ဦးလေးရေ ‥ကျွန်မခေါက်ထီးတွေ ယူသွားတော့မယ်။ ရှေ့ဘူတာမှာ ရှာဖွေရေးတွေရော‥‥ အထူးလက်မှတ်စစ်တွေ ပါလာပုံရလို့ တွဲပြောင်း ဝှက်ထားရအုံးမှာဘဲ‥"

မထားရွှေသည် ကျွန်တော့် ထိုင်ခုံအောက်မှ သူမ၏ပစ္စည်းများကို ယူရင်း ကျွန်တော့်အားပြောပြသည်။

ခေါက်ထီးတစ်စည်းကလည်းအလက်နှစ်ဆယ်လောက် ရှိမည်ထင်သည်။ တော်တော်လေးပုံရ၏။ ဒီလိုဖြင့် မထားရွှေရော၊ ထိုလူငယ်ပါ ကျွန်တော်တို့ မီးရထားတွဲမှ တစ်ဖက်တွဲသို့ ကူးရန်ပြင်ဆင်နေကြပါသည်။

"ဟဲ့‥ကလေးတို့ရယ်‥ လက်မှတ်ဝယ်စီးကြပေါ့၊ မင်းတို့ အသက်ထက်လက်မှတ်ခက တန်ဖိုးမရှိနိုင်ပါဘူး။ဝယ်စီးကြပေါ့။ မင်းတို့အသက်လေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေမှာကြောက်ကြစမ်းပါ။ မသေတောင် ကျိုး ကြ ပဲ့ ကြ မှာကြောက်ကြစမ်းပါကွယ်"

ကျွန်တော်က ခရီးသွားဖော် မထားရွှေတို့ နှစ်ယောက်အား မိမိသားသမီးများပမာ သတိပေးစကား ပြောကြားလိုက်၏။

"ဦးလေး ပြောတာတော့ ဟုတ်ပါတယ်။ လက်မှတ်ဝယ်စီးရင် ကျွန်မတို့ မမြတ်ဘဲ အရင်းထဲကပါ ပါသွားတယ်။ ငွေတစ်ထောင်ကို နှစ်ရာတိုးနဲ့ မှောင်ခိုကုန်ကူးနေကြရတာ ဦးလေးရဲ့‥၊ သွားလိုက်ပါအုံးမယ်‥"

မထားရွှေသည် ခေါက် ထီး များ ကို တစ်ပွေ့တစ်ပိုက်ဖြင့် သူမ၏အဖော်သွားရာ နောက်သို့လိုက်သွားလေသည်။

မီးရထားပြတင်းမှကြည့်သော် လယ်ကွင်းများတွင် လွတ် လွတ် လပ် လပ် ကောက်စိုက်နေကြသော မိန်းကလေးများ၊ ဒီမီးရထားပေါ်တွင်ကား စိုးရိမ်ကြောင့်ကြနေရသော မိန်းမပျိုများစသည့် အမြင်အသွင်မတူသော မြင်ကွင်းနှစ်မျိုးကို မြင်ရပေတော့သည်။ တစ်မျိုးက နိုင်ငံကို ဘဏ္ဍာတိုးစေမည်။ တစ်မျိုးက ကြမ္မာဆိုးစေမည်ဟု ကျွန်တော်၏ဦးနှောက်ချိန်ခွင်၌ ထင်မြင်မိပါ၏။

မီးရထားကြီးကတော့ တဂျုန်းဂျုန်း တဂျက်ဂျက်ဖြင့် မှန်မှန်ကြီး ခရီးနှင်နေသည်။ မီးရထားလမ်း၏ အရှေ့ဘက်တွင် တနင်္သာရီရိုးမတောင်တန်းကြီးများ၊ အနောက်ဘက်၌ လယ်ကွင်းပြင်နှင့် နေလှန်းဆားထုတ်လုပ်သည့် ကွင်းပြင်များဖြင့် သာယာလှပလှပေသည်။

မကြာမီ မီးရထားကြီး ရုတ်တရက် ဘူတာ မဟုတ်ဘဲ ရပ်တန့်သောကြောင့် ကျွန်တော်တို့ခေါင်းနပန်းကြီးသွားကြ၏။

"ဟ‥‥မီးရထားက ဘူတာမဟုတ်ဘဲ ဘာလို့ ရပ်သွားရသလဲ၊ ဘာဖြစ်တာလဲ‥‥"

မီးရထားခရီးသည်များ ဆူဆူညံညံ ပြောဆိုကြ၏။ "ရထားပေါ်က လူကျလို့တဲ့‥ ရထားနင်းမိသေးသလားကြည့်ကြပါအုံး‥‥"

ဆက်လက်၍ ကြားရပြန်၏။

ကျွန်တော်သည် ရှေးဦးသူနာပြုကြက်ခြေနီ တပ်ဖွဲ့ဝင်တစ်ဦးပီပီ အရေးပေါ်ကူညီရန် အိတ်ဆောင်ဆေး၊ ပတ်တီး၊ ဂွမ်းလိပ်စသည်များကို အမြဲဆောင်ထားတတ်ပေသည်။

မီးရထားရပ်၍ လူအများဝိုင်းအုံကြည့်နေကြသော ကျွန်တော်တို့ တွဲနောက်မှ တစ်တွဲကျော်ကို သွားရောက်ခဲ့သည်။

"ဟာ‥‥မသေသေးဘူး၊မိန်းကလေးဟ‥‥ခေါင်းမနင်းမိလို့တော်သေးရဲ့‥‥ လက်မောင်းတစ်ဖက် နင်းမိသွားတယ်"

ကျွန်တော်သည် ရထားတွဲအောက်မှ သွေးအလိမ်းလိမ်းပန်းထွက်နေသော မိန်းကလေး၏ လက်မောင်းရင်းကို သွေးတိတ် ပတ်တီးဖြင့် ဦးစွာ စည်းပေးလိုက်သည်။ ရှေးဦးသူနာပြုစုခြင်း လုပ်ငန်းများကို ဆက်တိုက်လုပ်ပေးပါသည်။ မီးရထားဌာနအမှုထမ်းများလည်း ကျွန်တော်နှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးကြပါ၏။

လူနာမိန်းကလေးကို ဤရထားဖြင့်ပင် မော်လမြိုင်၊ပြည်သူ့ဆေးရုံကြီးသို့ ယူဆောင်ရန်စီစဉ်ကြသည်။

မီးရထားဘီးများအောက်တွင် ခေါက်ထီးများ ကျိုးပဲ့ကြေမွ ပြန့်ကျဲနေကြသည်ကို မြင်လိုက်ရတော့မှ ရထားနင်းမိသော



ကလေးမမျက်နှာကို ကျွန်တော် သေသေချာချာ ကြည့်မိပါတော့၏။

မထားရွှေ・・ မထားရွှေမှ အစစ်ပါပဲ၊ စောစောက "ကျွန်မ ခေါက်ထီးတွေယူသွားတော့မယ်"လို့ နှုတ်ဆက်သွားခဲ့သူ ကလေးမဖြစ်နေသည်ကို တွေ့ရ၏။ သူနှင့်အတူ ပါလာသူ အသားညိုညိုလူငယ်သည်လည်း ကျွန်တော်၏အနီးသို့ကပ်လာပြီး・・

"ဦးလေးရဲ့ကျေးဇူးကြောင့် မထားတစ်ယောက် သွေးလွန်ပြီး မသေတာပဲ・・ ကျွန်တော့်နာမည်က မြတ်ကျော်ပါတဲ့・・ ကျွန်တော် ဟိုဘက်ရထားတွဲအကူး နေပါအုံးလို့ ပြောတဲ့အချိန်မှာ မထားက နှုတ်အတင်းတွဲကူးလိုက်တာကြောင့် ခြေချော်ပြီး တွဲကြားထဲ ကျသွားတာပါ။ သူသေပြီတောင်ထင်လိုက်မိတာ・・ ဦးလေးဆေးအိတ်ဆွဲပြီး မထားကို သွေးတိတ်ပတ်တီးတွေစည်းပေးတော့မှ မထား အသက်ငွေ့ငွေ့ရှူနေတာမြင်ရတော့တယ်။ ဦးလေးနဲ့ကျွန်တော်တို့ ဒီမီးရထားပေါ်မှာ တွေ့ဆုံရတာ သိပ်ကံကောင်းပါတယ်။မော်လမြိုင်ရောက်ရင် ကျွန်တော်လည်း ဆေးရုံကြီးအရောက်လိုက်ပို့ပါ့မယ်"

နာရီဝက်ခန့် ကြာသွားသော် ရေးမော်လမြိုင်မီးရထားကြီးက တွီ・・တွီဟူ၍ ခရီးဆက်ရန် အချက်ပေးလိုက်ရာ ကျွန်တော်တို့သည် **လူနာမထားရွှေကို** တင်ထားသော ဂါတ်တွဲမှာပင် ဖေးမပြုစုရင်း စီးနင်းပါလာကြသည်။

ရေးနှင့် မော်လမြိုင် မီးရထားလမ်းတစ်လျှောက်၌ ရှုခင်းများ လှပသာယာသလောက် မထားရွှေတို့လို စီးပွားရေးသားကောင်မလေးများ ရေတိမ်နစ်နေကြသည်ကို စိတ်မကောင်းဖြစ်မိ၏။ ငွေရှင်ကြေးရှင်ကြီးများကတော့ကြီးပွားချမ်းသာနေကြလေသည်။ ထိုနေ့ ညနေ ၅နာရီခန့်တွင် မုပွန်ဘူတာရုံသို့ ကျွန်တော်တို့မီးရထားကြီး ဆိုက်ရောက်လာတော့၏။

မုပွန်ဘူတာရုံအနီးတွင် မော်လမြိုင်သို့သွားရန် မြင်းလှည်းနှင့်မော်တော်ကားများ အစီအရီစောင့်နေကြသည်။ မြန်မာ့မီးရထားဌာန၏ ကြိုတင် စီစဉ်ပေးမှုကြောင့် လူနာတင်ကြက်ခြေနီမော်တော်ယာဉ်သည်လည်းမထားရွှေကို တင်ဆောင်လျက် မော်လမြိုင်ဆေးရုံကြီးသို့ သယ်ဆောင်ပေးလေသည်။

"မထားတစ်ယောက်ဘယ်ဘက်လက်မောင်းတစ်ဖက်ဖြတ်ပစ်ရမှာတဲ့ဦးလေး・・・ မထားအတွက်သွေးလဲလိုနေလို့ကျွန်တော့်သွေးနဲ့လည်းတူနေလို့ ကျွန်တော်သွေးလှူရမယ်တဲ့။ ခုတော့ မထား သတိမရသေးဘူး"

မောင်မြတ်ကျော်က ကျွန်တော့်အားဆေးရုံရှေ့တွင် ပြောပြလိုက်လေသည်။

"အေး・・မောင်မြတ်ကျော်・・ဦးလေးလည်း ရှေ့ခရီးဆက်ရအုံးမယ် ဆိုတော့ ・・ မထားသတိရရင် မင်းကပဲ ပြောပြလိုက်ပေတော့ကွယ်・・"

"ပြောပြမှာပေါ့ဦးလေး・・ ဦးလေးရဲ့ရှေးဦးသူနာပြုစု သွေးတိတ်ပတ်တီးစနစ်တကျ စည်းပေးလိုက်လို့ သွေးမလွန်ဘဲဆက်လက်ကုသပေးနိုင်တာလို့ ဆရာဝန်ကြီးက ပြောပြပါတယ်၊ မထားရဲ့အသက်ကို ပထမဦးဆုံး ကယ်တင်ပေးလိုက်တာဦးလေးပါ။ ဦးလေးရဲ့ နာမည်နဲ့ လိပ်စာပေးထားခဲ့ပါ။ အနာပျောက်ရင် မထားနှင့်ကျွန်တော် ဦးလေးထံ လာကန်တော့ချင်ပါတယ်"

ကျွန်တော်သည်မောင်မြတ်ကျော်အားနာမည်နှင့် နေရပ်လိပ်စာကိုပေးပြီး နှုတ်ဆက်၍ မော်လမြိုင်မှ မုတ္တမဘက်သို့ကူးခဲ့လေသည်။ သံ လွင် မြစ် ရေ သည်တသွင်သွင်စီးလျက်မော်လမြိုင်မြို့ကြီးဆီမှလျှပ်စစ်မီးရောင်တို့သည် တဖျတ်ဖျတ်လတ်လျက် ရှိနေကြသည်။

ကျွန်တော်၏ မွန်ပြည်နယ် ရေးနှင့်မော်လမြိုင်လမ်းခရီးတွင် တွေ့ကြုံခဲ့ရသည့် မထားရွှေနှင့်မောင်မြတ်ကျော်တို့၏တစ်နေ့တာအဖြစ်အပျက် ဇာတ်လမ်းလေးသည် ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်များထက်ပင် ကျွန်တော်၏ စိတ်နှလုံးဝယ်တစ်သက်တာ ယူငင်ဖမ်းစား အမှတ်ရနေမိပါတော့သည်။

*ရွှေတွင်းခင်မောင်ရင်*

*(တောင်တွင်းကြီး)*



# မျိုးဆက်သစ်တို့အမွေ

ရာမည

## မင်းသစ္စာ

မိကျောင်း(ကျာ်)ကိုတီးလျက် ကိုယ်တိုင် ရေးစပ်ထားသော "မျိုးဆက်သစ်တို့အမွေ" မွန်သီချင်းကို ဆရာကြီးရှေ့မှောက်မှာ မင်းသစ္စာဆိုပြသည်။

သီချင်းဆုံးသော် ဆရာကြီး နှစ်သက်ကြောင်း ခေါင်းညိတ်ပြရင်း..

"ကောင်းတယ်... ကောင်းတယ်၊ တပည့်ကို ဆရာမျက်နှာလွှဲလို့ ရပြီကွယ်"

ဆရာကြီးနိုင်မွန်ချမ်းစကားတွေ ရပ်မသွား..

" သမီးတစ်ကောင် နွားတစ်ထောင် ထိန်းကျောင်းရတာထက် ခတ်ပါတယ်ကွယ်၊ ကိုယ့်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်အလာ ဂီတ အနုပညာအမွေကို အထင်သေးတယ်။ မထိန်းသိမ်းချင်ဘူး၊ နားဝင်အောင် ဆုံးမလို့ကို မရဘူး.. ခက်ပါတယ်တပည့်ရယ်"

"တစ်နေ့တော့ မိသီမွန် နားလည်လာမှာပါ ဆရာကြီးရယ်.."

"ပြည်ထောင်စုနေ့မှာ မြန်မာ့ တိုင်းရင်းသားတို့ ကိုယ့်ရိုးရာယဉ်ကျေးမှုတို့ ကိုယ့်ဂီတပညာတို့ကို မပျက်စီးသွားဖို့ အစဉ်အလာထိန်းသိမ်းလာပုံတွေကို သမီးမြင်စေချင်တယ်တပည့်ရယ်.."

ဆရာကြီးဆန္ဒကို တပည့် မင်းသစ္စာ သိသည်။

သမီးရင်းဖြစ်သူက နားမလည်။

တက္ကသိုလ် ကျောင်းသူတစ်ယောက်ဖြစ်နှင့် နေသော်လည်း အနောက်တိုင်းယဉ်ကျေးမှုကို နုံမင်ချင်ချင်။

အထင်ကြီးချင်ချင်။

မိဘမွန်ယဉ်ကျေးမှု ဂီတ အနုပညာတွေ အထင်သေးချင်ချင်။

ပြည်ထောင်စုနေ့ရောက်ရက်တွေ လိုပါသေးသည်။

သို့သော်ပွဲမဝင်မီ အပြင်က ကျင်းပဆိုသလို မင်းသစ္စာ ကြိုဇာတ်တိုက်သည်။

ကမာဝက်ရွာ၊ ရောင်းဒေါင်းရွာ၊ ကွမ်လှာရွာ၊ နီးပဒေါရွာမှ မွန်ဂီတပညာရှင်များနှင့် ကမာဝက်ရွာမှာပင် စုပေါင်းဇာတ်တိုက်ထားကြလျက်။

မွန်မင်းသားနှင့် မွန်မင်းသမီးတို့လည်း သူ့ကျရာသူ့ကဏ္ဍမှာ ပီပီပြင်ပြင်ဆိုကြ၊ကကြလျက်နှင့်...

ဆရာကြီး နိုင်မွန်ချမ်းအိမ်မှာ မွန်ဂီတအမွေအနှစ် တူရိယာသံတွေက ကမာဝက်ရွာကို သာယာကြည်နူးစေ၏။

တက္ကသိုလ်ကျောင်းပိတ်ရက်နှင့် ကြုံနေသူ မိသီမွန်မှာ မနှစ်မြို့ချင်ချင်။

လျစ်လျူရှုကာ မိဘအမွေမွန်ဂီတကို မသင်ကြား။

သင်ကြားတတ်ခဲ့ဖူးသော မွန်တပင်တိုင် အကတွေ၊ နှစ်ပါးသွားအကတွေ၊ လူပျိုလှည့်ယိမ်းအကတွေ၊ ရွှေဟင်္သာမင်းယိမ်းအကတွေကို မေ့လျော့ချင်ချင် ဖြစ်သွားပြီ။

သမီးဖြစ်အင်ကိုကြည့်ပြီး ဖခင် ဝမ်းနည်းနေရ၏။

"သမီး.. ဒေါင်းယောင်ဆောင်တဲ့ ကျီးမိုက်ဟာ တစ်ချိန်ကျတော့ ကျီးမိုက်ဟာ ကျီးပြန်ဖြစ်ရတယ်။ သမီးဟာ ကျီးယောင်ဆောင်တဲ့ ဒေါင်းမလေးဖြစ်နေပြီ၊ မိဘတွေက ကိုယ့်ရိုးရာယဉ်ကျေးမှု မွန်ဂီတပညာရှင်တွေဖြစ်ပြီး သမီးကျတော့ မွန်ဂီတ အမွေအနှစ်တွေကို ဆက်မထိန်းချင်ဘူးလား။မထိန်းတတ်ဘူးလားလို့ မေးရင် ပတ်ဝန်းကျင်ကို ဘယ်လို မျက်နှာထားပြီး ဖြေရမလဲသမီး.."

"ဖေဖေရယ်.. သမီးတို့ မွန်ဂီတ အနုပညာတွေက ကမ္ဘာကိုလွှမ်းမယ့် ဂီတမှ မဟုတ်နိုင်ဘဲ၊ နိုင်ငံခြားဂီတတွေပဲ ကမ္ဘာကို လွှမ်းနေတယ်။ အများကြိုက်လည်းဖြစ်နေတယ်။ သမီးတို့တက္ကသိုလ်မှာ ဖေဖေတို့ရဲ့ မွန်ဂီတ အနုပညာကိုတောင် သိကြသူတွေခပ်ရှားရှားပဲ ဖေဖေရယ်.."

"ဟင်း..အသိခေါက်ခက်အဝင်နက်လှချည်လား သမီးရယ်.."

ဖခင်မှာ သက်ပြင်းတစ်ချက် ချပြီး မွန်တူရိယာခန်းသို့ ပြန်ဝင်သွားသည်။

ဘေး မှာ ရပ် နေ သူ မင်းသစ္စာ တစ်ယောက် မိသီမွန်ကိုကြည့်ပြီး မပြောမပြီး မတီးမမြည်ဆိုသလို နှုတ်ခွန်းဆက်လိုက်ရသည်။

"မိသီမွန်"

"ဘာပြောချင်လဲကိုမင်းသစ္စာ။ဖေဖေ့စကားကို ဆက်ပြောပေးမလို့လား..."

မင်းသစ္စာခေါင်းခါရမ်းရင်းနှင့်...



"ကိုယ်လည်း တက္ကသိုလ် ကျောင်းသား တစ်ယောက်ပါ။ မိသီမွန်က မော်လမြိုင်တက္ကသိုလ်၊ ကိုယ်က ရန်ကုန်တက္ကသိုလ်ပဲကွာခြားတယ်။ တက္ကသိုလ်မှာ တိုင်းရင်းသားရိုးရာစလေ့ယဉ်ကျေးမှုဂီတအနုပညာ အသင်းအဖွဲ့တွေ ရှိပါတယ်။ မိသီမွန်စိတ်မဝင်စားလို့လျှစ်လျူရှုခဲ့တာပါ။ ကိုယ်တို့ရန်ကုန်မှာ တစ်နှစ်တစ်ကြိမ် မွန်ဂီတအနုပညာကို လက်စွမ်းပြရလေ့ရှိတယ်၊ မိသီမွန်ကဂီတအနုပညာရှင်ကြီးရဲ့ သမီးတစ်ယောက်ပါ။ မွန်ဂီတအနုပညာကို ပိုပြီး ဆက်လက်ထိန်းသိမ်းသင့်ပါတယ်ကွယ်"

မိသီမွန် ပြက်ရယ်ပြုရာ··



"အပိုအလုပ်တစ်ခုပါ ကိုမင်းသစ္စာရယ်・・"

သည်မျှသာပြောပြီးအိမ်ပေါ်မှမိသီမွန်ဆင်းသွား၏။

ခေါင်းရမ်းရင်းနှင့် မင်းသစ္စာကျန်ရစ်ခဲ့၏။

ပြည်ထောင်စုနေ့၊ မွန်အမျိုးသားနေ့အတွက် မွန်ဂီတပညာရှင်တို့ စုဝေးစုံညီနေကြချိန်။

သွေးအား နည်းသွားသော မွန်ဂီတပညာရှင်နိုင်မွန်ချမ်းမူးဝေလဲကျသွား၏။

နီးစပ်ရာ ကမာဝက်တိုက်နယ်ဆေးရုံသို့ ဝိုင်းဝန်းပို့ဆောင်ကြသည်။

ညနေ ၅ နာရီအချိန်မှ ဆရာကြီးကောင်းကောင်းသတိရလာပြီး・・။

ဘေးမှာတပည့်မင်းသစ္စာ ထိုင်စောင့်နေလျက်နှင့်・・

သမီးကိုမတွေ့။

ဇနီးကိုလည်း မတွေ့မိ။

"တပည့်・・၊ ဆရာ့ဂီတအမွေတွေကိုဆက်လက်ထိန်းသိမ်းသွားနော်・・"

"စိတ်ချပါဆရာ・・မွန်ဂီတအနုပညာအမွေတွေကို ထိန်းသိမ်းသွားပါ့မယ်လို့ကတိပေးပါတယ်ဆရာကြီး・・"

"မွန်အမျိုးသားနေ့မှာ မွန်စာပေ၊မွန်ဂီတ၊ မွန်အနုပညာ ရိုးရာဓလေ့တွေကိုမွန်တိုင်းရင်းသားထုကသာ ထိန်းသိမ်းထားမှုစွမ်းပကားတွေ ပြသနိုင်စွမ်းရှိကြမယ်။ တခြားတိုင်းရင်းသားတွေကလည်းသူတို့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကိုသာ သူတို့ ထိန်းသိမ်းသွားကြမှာပါ။ တပည့် သဘောပေါက်တယ်နော်・・"

"ဟုတ်ကဲ့ ဆရာကြီး・・"

"ဆရာ့ဂီတအနုပညာတွေကို မျက်နှာလွှဲဆိုလို့တပည့်တစ်ယောက်ကိုပဲအားကိုးပါတယ်ကွယ်။ သမီးကိုတော့ စိတ်မချတော့ဘူး တပည့်ရယ်・・"

"ဆရာကြီး・・မောနေမယ်၊ စကားသိပ်မပြောနဲ့တော့"

ဆရာတပည့်တို့ စကားဆုံးသည်နှင့် ဇနီး၊ သမီးတို့ရောက်လာကြသည်။

လက်ထဲမှာ စားစရာ သောက်စရာတွေ ယူလာကြ၏။

သမီးကိုကြည့်ပြီး ဆရာနိုင်မွန်ချမ်းစိတ်မကောင်းမိ။

နိုင်မွန်ချမ်းဆေးရုံမှဆင်းပြီး အိမ်မှာအနားယူချိန်။

အိမ်မှာ တပည့်မင်းသစ္စာ ဦးဆောင်ပြီး မွန်ဂီတလက်စွမ်းပြကာ တီးခတ်သီဆိုကြလျက်・・။

မိကျောင်း (ကျာံ)၊ ဝါးပတ္တလား (ဇာတ်ဒုန်)၊ ထောင်ဇာံရော (ဂြဝ်)၊ ဗုံ (ဖံ) ပလွေ (ကမ္ဗောတ်) လခြမ်း (ဇာတ်ကိုင်)တို့ကိုစည်းဝါးကျကျတီးခတ်ကြ၏။

မွန်တပင်တိုင်အကမိဝေမွန်ကသည်။

မွန်နှစ်ပါးသွားအကကို မင်းသစ္စာနှင့် မိဝေမွန်တို့ တွဲကကြလျက်・・၊

ရွှေဟသာ်မင်းယိမ်းအက၊လယ်သမားယိမ်းအက၊လူပျိုလှည့်ယိမ်းအက၊ အောင်စစ်သည် ယိမ်းအက၊ ရေးမွန်စစ်သူကြီးအားမာန်ပါပါအက၊ သာသနာ့ရောင်ခြည်ယိမ်းအကတွေ ကကြသည်။

ဆရာနိုင်မွန်ချမ်း ကြည့်ပြီး ပီတိဖြာမိ၏။

ပြည်ထောင်စုနေ့ရောက်ဖို့ ရက် နှစ်ဆယ် အလို・・။

မိသီမွန်တစ်ယောက်အိမ်သို့မျက်ရည်သုတ်ကာ ပြန်လာခဲ့သည်။

"သမီး・・・အရှုံးရပါပြီ ဖေဖေရယ်၊ ဟင့်・・ ဟင့်"

"ဘာဖြစ်လို့လဲ သမီးရယ်・・"

"ပြည်ထောင်စုနေ့အတွက် မွန်ပြည်နယ်မှာ မွန်ဂီတအနုပညာကပွဲ၊ သီဆိုပွဲရှိတယ်။အစမ်းလူရွေးပွဲလုပ်မယ်၊သမီး・・သမီးဝင်ရွေးခံဖို့ သူငယ်ချင်းတွေ တိုက်တွန်းတယ်။ ဒါပေမယ့် သမီးကိုယ်ကိုသမီး သဘောပေါက်သွားပါပြီ၊ မဆိုပြနိုင်၊ မကပြနိုင်ရင် သမီးကိုယ်ကျိုးနည်းရမှာသေချာတယ်"

"အတောင်ရှိလျက် အပျံခက်တဲ့သမီးပဲကိုး・・ဘယ်နေ့လူရွေးပွဲ လုပ်မလဲ・・"

"နောက်ရက်နှစ်ဆယ်လောက် ကျန်သေးတယ် ဖေဖေ"



"တပည့် မင်းသစ္စာကို ချက်ချင်း ခေါ်လာခဲ့သမီး··"

"သမီး မခေါ်ရဲဘူး·· ရှက်တယ်"

"ဖေဖေခေါ်တယ်လို့ သွားပြော"

"ဟုတ်··ဟုတ်ကဲ့"

မဝံ့မရဲနှင့် မင်းသစ္စာကို မိသီမွန် သွားခေါ်လာခဲ့၏။

ဖြစ်ကြောင်းစုံတွေကို ဆရာနိုင်မွန် ချမ်း ပြန်ပြောသည်။

"မိသီမွန်မှာ ဂီတဗီဇအရင်းခံရှိနေ သူပါဆရာကြီး၊စိတ်မပူပါနဲ့··ကျွန်တော် သင်ပေးပါ့မယ်··"

တချိန်ကလျစ်လျူရှုခဲ့သည့် မွန်ဂီတ ပညာကို မင်းသစ္စာပြန်သင်ပေးသည်။

သုံးရက်မြောက်မှာ မိသီမွန်ကျက်ပြီး သား ပြန်ဖြစ်သွား၏။

မင်းသစ္စာကိုယ်တိုင်ရေးစပ်ထားသော "မျိုးဆက်သစ်တို့အမွေ" သီချင်းကို သီဆိုပြသည်။

သီဆိုပြရင်း မွန်တပင်တိုင်အကကို လည်း ကိုယ်တိုင်ကပြသင်ပေးသည်။

ဆက်ပြီး နှစ်ပါးသွားအကကို သင် ပေးပြန်သည်။

ဗီဇအရင်းခံရှိထားသူမို့ မိသီမွန် အတတ် မခက်ခဲခဲ့။

"ကိုမင်းသစ္စာ"

"ဘာများပြောချင်လဲ မိသီမွန်"

"ကိုမင်းသစ္စာအပေါ်မှာ မိသီမွန်ပြော များ ဆိုမှားရှိခဲ့တာတွေ ခွင့်လွှတ်နိုင် မလား··"

"ဆရာကြီးသမီးပဲ·· ထာဝရ ခွင့် လွှတ်ပါတယ် မိသီမွန်"

"ဝမ်းသာလို့မဆုံးဘူး ကိုမင်းသစ္စာ ရယ်"

မိသီမွန်၏အပြုံးတွေက မင်းသစ္စာ ၏နှလုံးသားတွေကို တုန်ခါသွားစေခဲ့ပြီ။

ပြည်ထောင်စုနေ့အကြို အဆိုအက လူရွေးပွဲဝင်ပြိုင်သည်။

မိသီမွန် ဆုချိတ်ခဲ့သည်။

မင်းသစ္စာ ဝမ်းသာရသည်။

"ပြည်ထောင်စုနေ့မှာ မိသီမွန် မပါ ဝင်သွားရတာ ဝမ်းနည်းမိတယ် ကိုမင်း သစ္စာ"

"ဝမ်းမနည်းပါနဲ့ မိသီမွန်ရယ်၊ မွန် အမျိုးသားနေ့မှာ မိသီမွန်နဲ့ ကိုယ်နဲ့ နှစ်ပါးသွားအကအတွက် ကိုယ်တိုင် ရေး စပ်ထားတဲ့ သီချင်းရှိတယ်"

"တကယ်ပဲဘော ကိုမင်းသစ္စာရယ်"

"တကယ်ပေါ့··"

"သီချင်းနာမည်က··"

"မျိုးဆက်သစ်ဟသ်ာမောင်နှံတဲ့၊ဂီတ ဝိုင်းကို ဆရာကြီးကိုယ်တိုင် ဦးဆောင် တီးခတ်ပေးမယ်"

"တကယ်ပဲလား ကိုမင်းသစ္စာရယ်"

"တကယ် နှစ်ကယ်ပါကွယ်··"

သူတို့နှစ်ဦးသား၏ မျက်လုံးတွေက အဓိပ္ပါယ်ရှိသွားကြပါပြီ။

ဆရာကြီးနိုင်မွန်ချမ်းမှာ သူတို့ ဖြစ် အင်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် နှင့်··။

ပြည်ထောင်စုနေ့ မသွားခင် ကိုယ် ရေးစပ်ထားတဲ့ မျိုးဆက်သစ် ဟသ်ာ မောင်နှံနှစ်ပါးသွားအက ဇာတ်တိုက်ထား ကြမယ်။ မွန်အမျိုးသားနေ့ ရောက်ရင် ရန်ကုန်မှာတက်ပြိုင်ကြရအောင် မိသီမွန် ···"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်··"

မျိုးဆက်သစ်ဟသ်ာမောင်နှံ နှစ်ပါး သွားအကကို မင်းသစ္စာနှင့် မိသီမွန်တို့ ဇာတ်တိုက်ကြသည်။

မွန်ဂီတပညာရှင် နိုင်မွန်ချမ်းမှာ တပည့်မင်းသစ္စာနှင့် သမီးမိသီမွန်တို့၏ နှစ်ပါးသွားအကကိုကိုယ်တိုင်တီးခတ်ပေး ၏။

သူတို့နှစ်ဦးကို ကြည့်ပြီး ပီတိဖြာ နေသည်။

မျိုးဆက်သစ်ဟသ်ာမောင်နှံ အက မှသည် သူတို့နှစ်ဦးမှာ မွန်ဂီတအနုပညာ ရှိးရာဓလေ့ ထုံးတမ်း အစဉ်အလာကို ထိန်းသိမ်းသွားကြမည်ဟု နိုင်မွန်ချမ်း ယုံ ကြည်သည်။

သူတို့နှစ်ဦးလည်း မျိုးဆက်သစ် ဟသ်ာမောင်နှံ ဖြစ်သွားကြမည်မှာ မုချ မသွေဟုလည်း နိုင်မွန်ချမ်း သဘော ပေါက်ပါသည်။

ရာမည-မင်းသစ္စာ



F. 17A



# မိုးပန်းမွန် ရာမည
# ကြိုဆိုပါစေ...ဆိုဟာသ်ာ

မြူနှင်းတို့ တဖွဲဖွဲကျနေသည်။

လင်းလက်လှပသော ရောင်စုံ မီးသွယ် မီးတန်းတို့လည်း ညဏ်အလှကို ... ဆင်ထားသည်။ တိုင်းရင်းသား ... ညီညွတ်ရေးတေးသံများလည်း လွင့်ပျံ့နေ၏။ ရန်ကုန်မြို့၊ အမျိုးသား ကဇာတ်ရုံကြီးတွင် ပြည်ထောင်စုတိုင်းရင်းသားတို့၏ အမှတ်အသားအလံလေးများ တလူလူလွင့်နေသည်။ ပြည်ထောင်စုနေ့အတွက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ တင်ဆက်ဖျော်ဖြေနေပြီ။

အေးမြသောည.. လှပသောည၊ ပြီးတော့ တက်ကြွပျော်ရွှင်စရာ ညပါပဲ။ တိုင်းရင်းသား ယဉ်ကျေးမှုပဒေသာကပွဲတွင် ကိုယ့်ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ခွင့်ရသဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျော်ရွှင်နေကြသည်။ "မြသက်မွန်" က တော့ မကြည်မြေ့သော နှလုံးသားကို အပြုံးဖြင့် ဖုံးကွယ်ထားသည်။

ရွှေဟသ်ာမင်းယိမ်းတွင် ပါဝင် ကပြရန်အတွက် မြသက်မွန် ပြင်ဆင်ပြီးပြီ။ ဟသ်ာခေါင်းဆောင်း၊ ရွှေဟသ်ာသဏ္ဌာန်နှင့် ရွှေချည်ထိုးအင်္ကျီ၊ လုံချည်တို့ဖြင့် ပေါ်လွင်လှပနေ၏။ သည်အလှမျိုးကို ငေးမောကြည့်တတ်သည့် မောင့်ကို မြသက်မွန် လွမ်းတမိသည်။ မောင်နှင့် ဆက်နွယ်ပတ်သက်ခဲ့ဖူးသော သည်ညမျိုးကို သတိမရဘဲ ရှိပါ့မလား..။ မြသက်မွန် အဖို့ အသစ်တစ်ဖန် ခံစားနေရ သလိုပါပဲ..။

□ □ □

"ပြည်ထောင်စုချစ်သူ"ဟု လွင်လွင်တို့က စကြသည်။

ပြည်ထောင်စုနေ့တွင် တင်ဆက်ဖျော်ဖြေရန် မွန်ပြည်နယ်မှ ရောက်နေသော မွန်တိုင်းရင်းသူနှင့် ရန်ကုန်မြို့မှလေ့လာရေးအဖွဲ့ ကြီးကြပ်သူ ကိုမောင်မောင်တို့ ဆုံဆည်းခဲ့ကြခြင်း ဖြစ်သည်။

မွန်တိုင်းရင်းသားတို့၏ ရွှေဟသ်ာမင်းယိမ်းကို သရုပ်ဖော်ကပြီးပြီ။ စားသောက်ဖွယ်ရာများဖြင့် ကြိုဆို ဧည့်ခံသောမိတ်ဆုံစားပွဲတွင် မောင်နှင့် ဆုံကြခြင်းဖြစ်သည်။ မြသက်မွန်တို့နှင့် မောင်က စားပွဲဝိုင်းတစ်ခုထဲတွင် ထိုင်ကြရခြင်းပါ။ ရွှန်းလဲ့သောမောင့်မျက်ဝန်းညို ကြောင့် မြသက်မွန် ရှက်ရွံ့နေမိသည်။

"ခုနတုန်းက ရွှေဟသ်ာမင်းယိမ်းမှာ ဟသ်ာဖိုနဲ့ တွဲကတဲ့ ဟသ်ာမလေး ဟုတ်လား"

"ရှင်.. ဟုတ်ပါတယ်၊ အစ်ကိုက မှတ်မိသားပဲနော်"

"မှတ်မိပါတယ်..ကိုယ်က သေသေချာချာ ကြည့်နေခဲ့တာပဲ"

"ကျေးဇူးတင်ပါတယ်နော်"

မြသက်မွန်က တိုးညင်စွာ တုန့်ပြန်ပြီး လက်ကိုင်ပဝါဖြင့် ချွေးတို့နေလိုက်၏။ စကားစပြတ်သွားပြီး မှုန့်စားကြသည်။ ဘေးမှလွင်လွင်နှင့် ရီဌေးတို့က မောင့်ကို ...စပ်စုစုမေးနေသည်။ မြသက်မွန် ဒီ... သာ အကြောင်းအရာလေးများဖြစ်နေ၍ ...နှင့်ဒိသေးသည်။

"ဒီကအကြောင်းတွေမေးပြီး အစ်ကို့ အကြောင်းလည်း ပြောပြလေ‥"

"ကိုယ့်အကြောင်းက ဘာမှ မဆန်း ပါဘူး။ ကိုယ်ကမွန်လူမျိုးပဲ၊ မော်ဘီတပ်ထဲမှာနေတယ်၊ ဒီနေ့ ပြည်ထောင်စုနေ့မို့ ဒီမှာ တာဝန်ကျတယ်။ ကိုယ့်နာမည် မောင်မောင်ပါ‥"

"အစ်ကိုက မွန်ဆိုပြီး ကျွန်မတို့ကို မွန်လိုလည်း နှုတ်မဆက်ဘူးနော်"

"အင်း‥ အမှန်တော့ ကိုယ် မွန်စကားမတတ်ပါဘူး ညီမရယ်‥"

"ဟင်‥"

ပွင့်လင်းသော မောင့်အပြောကြောင့် မြသက်မွန်တို့အားလုံး အားတုံ့အားနာဖြစ်ရသည်။ ရီဌေးက မွန်စကားသင်အုံးပေါ့ဟု ပြောနေပြန်သည်။ မောင်နှင့် လွှင်လွှင်တို့ အဖွဲ့ကျသွားသည်။ မောင်က အိတ်ထဲမှ လက်ကိုင်ပဝါလေးကို မြသက်မွန်ထံ လှမ်းပေးသည်။ မိတ်ဖြစ်ဆွေဖြစ် အမှတ်တရပေါ့ဟု ပြုံး၍ ပြောသေးသည်။

မြသက်မွန်က ကျေးဇူးတင်ပါတယ် ဆိုသော စကားလုံးကို မွန်ဘာသာဖြင့် ပြောတော့မောင်ပြုံးနေသည်။ နှုတ်ဆက်လမ်းခွဲစဉ် မောင့်အကြည့်စူးစူးကြောင့် မြသက်မွန် နှလုံးသားတို့ နွေးထွေးရှိန်းမြနေ၏။

မောင့်မျက်ဝန်းမှတစ်ဆင့် မောင့်နှလုံးသားကို ဘာသာပြန်၍ရခဲ့ပြီ မဟုတ်ပါလား‥။

ꩠꩠꩠ

မောင်လမြိုင်မြို့တွင်နေသောမြသက်မွန်ထံသို့ မောင့်စာလေးတွေ ရောက်လာသည်။ ခင်မင်ရင်းနှီးမှုတို့ ပိုမိုခိုင်မြဲလာတော့ အမှတ်တရ လက်ဆောင်လေးတွေ ပေးပို့ဖြစ်သည်။

မောင့်ထံမှ ရန်ကုန်မြို့ရှိ အထင်ကရ နေရာလေးများကို ရိုက်ကူး ထုတ်ဝေသော ပို့စကဒ်လေးများ ရောက်လာတတ်သည်။ သိင်္ဂုတ္တရဉယျာဉ်၊မြို့တော်ခန်းမ၊ ပြည်သူ့ဉယျာဉ်၊ ရွှေတိဂုံဘုရားပုံတော်၊ မဟာဝိဇယစေတီတော်ပုံစသည်များကို မြသက်



မွန် မြတ်မြတ်နိုးနိုး သိမ်းဆည်းထားသည်။ မောင့်ထံသို့လည်း မွန်ပြည်နယ်နေ့အတွက်ထုတ်ဝေသောဟသ်ာဖိုဟသ်ာမကဟန်ပို့စကဒ်၊ မွန်ပြက္ခဒိန်၊ မွန်ရိုးရာအမျိုးသားလုံချည် (အနီရောင်ပေါ်တွင် အဖြူစင်းလေးများဖြင့် လယ်ကွက်သဏ္ဍာန်အကွက်ဖော်ထားပြီး အလယ်တွင် အဖြူရောင်ပတ်လည်စင်းပါသည်။) မောင်ကမြသက်မွန်၏ လက်ဆောင်များကိုနှစ်သက်မြတ်နိုးသည်ဟုစာရေးသည်။

မော်လမြိုင်မြို့သို့ မောင်တာဝန်ဖြင့်ပြောင်းလာတော့ မြသက်မွန် ပျော်ခဲ့ရသည်။ မြသက်မွန်ကျောင်းတက်နေသော မော်လမြိုင်ကောလိပ်သို့ မောင် လာတွေ့သည်။ အိမ်သို့ အလည်အပတ်ခေါ်ရန် ဖိတ်တော့လည်း မောင်ရောက်လာသည်၊ မောင်နှင့်အတူတူ လည်ပတ်စဉ် မောင်က အေးချမ်းစွာ ချစ်ခွင့်ပန်ခဲ့သည်။ တည်ငြိမ်သော စိတ်ဓာတ် ကြံ့ခိုင်သော မောင့်ကို မြသက်မွန် လေးစားယုံကြည်ပြီးသားပင်။ မောင့်အချစ်ကို မြတ်နိုးစွာနှစ်သက်လက်ခံခဲ့ပါသည်။

မောင်နှင့်တွေ့တိုင်း မြသက်မွန်က စည်းရုံးရေးသမား ဖြစ်ရစမြဲ။

"အသားလတ်လတ်၊ အရပ် မြင့်မြင့်နဲ့မောင်က ခုလို အင်္ကျီအဖြူ၊ မွန်ပုဆိုးအနီကွက်နဲ့ဆိုတော့ ခန့်ချောချောတာပေါ့"

"ဟုတ်တာပေါ့၊ ဒီပုဆိုးလက်ဆောင်ပေးတဲ့လူကိုလည်း သိပ်ကျေးဇူးတင်နေရတယ်လေ၊ ခုမှပဲ မွန်နဲ့ပိုတူတော့တယ်"

• မောင်၏ပြုံးရွှင်ကျေနပ်စွာ ပြောနေဟန်ကို ကြည့်ပြီး မြသက်မွန် အတွေးတစ်ခုရသွားသည်။ မောင့်ကို မွန်စကားသင်ဖို့ လိုသေးသည်လေ။

"မွန်အမျိုးသားဝတ်စုံကိုဝတ်ပြီး မွန်စကား ပြောတတ်ဖို့ လိုသေးတယ်မောင်၊ မွန်စကား မပြောတတ်ရင် မွန်လူမျိုးမပီသဘူးပေါ့။ ကိုယ့်လူမျိုးရဲ့ ဘာသာစကားကို တတ် ထား သင့် တာ ပေါ့၊ တိုင်းရင်းသားလူမျိုးတွေအားလုံး ကိုယ့်ဘာသာစကားကို ကိုယ် အလေးအမြတ်ထားရမယ် မဟုတ်လား၊ မောင်လည်း သင်ရမယ်နော်"

"မောင့်မိဘတွေကသင်ပေးခဲ့ကြသေးတယ်သက်ရဲ့၊ မောင်က ပြောရမှာ နှုတ်မရဲတာနဲ့ မတတ်တော့တာ၊ အဓိပ္ပါယ်တချို့တလေတော့ နားလည်ပါတယ်"

"မိဘကမိဘတာဝန်ကျေရက်နဲ့ သားသမီးကလည်း မျိုးဆက်အမွေအနှစ်ကျန်ရစ်စေဖို့ တာဝန်ကျေသင့်တာပေါ့ မောင်ရယ်၊ မွန်စကားပြောရမှာ မရှက်ပါနဲ့ မောင်၊ မွန်လူမျိုးတို့ရဲ့ ဂုဏ်ရည်ဟာ သေးသိမ်တာမှ မဟုတ်ဘဲ၊ မြန်မာနိုင်ငံမှာ မွန်စာပေနဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကားတွေက ရှေးအကျဆုံး ပြန့်ပွား တိုးတက်ခဲ့တာပဲ၊ ခုလည်း တခြားတိုင်းရင်းသားတွေရဲ့ စာပေလိုပဲ တသီးတခြားနဲ့ပျံ့ပွားတိုးတက်နေတာပဲ မဟုတ်လား၊ မောင့်ကိုလည်း သက်က သင်ပေးမယ်လေ၊ အခုပြောကြည့်နော်"

စကားသံဝဲဝဲလေးနှင့် ပြောနေဟန်ကို ပိုချစ်တာဟု မောင်ပြောသည်။ မွန်သံအေးအေးဝဲဝဲလေးနှင့် စည်းရုံးရေးကောင်းသူဟု မောင်ကျီစယ်နေသည်။

"ကောင်းပါပြီတဲ့ မွန်မင်းသမီးလေးရယ်··သင်ပြပေးပါအုံးခင်ဗျာ··"မောင်က ရယ်သံလေးဖြင့်ပြောပြီး လက်ပိုက်ထားသည်။

"မောင်နော်··မနောက်နဲ့၊ (မငေးရအွား)လို့အသံထွက်ပြောကြည့်၊ အဓိပ္ပါယ်က မင်္ဂလာပါတဲ့"

"ဟာ··သိပ်ကောင်းတဲ့ စကားလုံးပဲ၊ မငေးရအွား၊ မင်္ဂလာပါခင်ဗျာ"

ခေါင်းလေးငြိမ့်၍ ပြောသော မောင့်ဟန်ကိုကြည့်ရင်း မြသက်မွန် ပြုံးမိသည်။ ရင်ထဲမှာလည်းကျေနပ်သွားရ၏။

"မောင်က တတ်လွယ်လိုက်တာနော်၊ နောက်တစ်ခွန်း ထပ်သင်ပေးမယ်နော်၊(ကြောင်းနွန်း)လို့ပြောကြည့်ပါအုံး"

"သိပ်မချီးမွမ်းနဲ့လေ·· နေရခက်လာပြီ၊ (ကြောင်းနွန်း) ဆိုတာ ဘာတဲ့လဲ"

"ပြန်မယ်တဲ့"

"ဟာ·· ဒါတော့ မတတ်ချင်သေးပါဘူး သက်ရာ၊ လူလည်မကျနဲ့"

မောင်က ခေါင်းခါ၍ စတော့ မြသက်မွန် ရယ်မောပျော်ရွှင်မိသည်။ သည်လိုနှင့်ပင် မောင်လည်း မွန်စကားကို ပိုမိုတတ်ကျွမ်းလာတော့သည်။

မွန်စကား တတ်ပြီဆိုတော့ မောင်လည်း မွန်လူမျိုးစစ်စစ်အဖြစ် တာဝန်ကျေပြီပေါ့။ မြသက်မွန် ဝမ်းသာကြည်နူးခဲ့ရသည်။

ꩤꩤꩤ

ချစ်ခရီးလမ်းသာယာဖြောင့်ဖြူးသော မောင်နှင့် မြသက်မွန်ကို လွင်လွင်တို့က အားကျသည်ဟု ပြောသည်။ နောက်ဆုံးနှစ် ကျောင်းသူဖြစ်၍ ကျောင်းပြီးလျှင် မောင်နှင့် လက်ထပ်ကြရန် ရည်ရွယ်ကြောင်း ပြောပြရသည်။

"မိသက်တို့လက်ထပ်ပြီးရင်မိသက်ရဲ့မောင် က ကခွင့်ပေးပါအုံးမလား"

"မောင်က နားလည်ပြီးသားပါ လွင်လွင်၊ကခွင့်ပေးမှာပါ၊ သက်ကအကနည်းပြဆရာမ၊ အဖွဲ့ဝင်တွေကိုလည်း အုပ်ချုပ်ရသူဆိုတော့ ရန်ကုန်ကိုလည်း သွားရအုံးမှာပါပဲ၊ ဒါဟာ အမျိုးသားရေးတာဝန်၊ နိုင်ငံ့တာဝန်ပဲ မဟုတ်လား၊ တို့ပြည်ထောင်စုသားအားလုံးဟာ တစ်ဦးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက သိထားဖို့၊ လေးစားဖို့လိုတယ်။ ဒီလိုယဉ်ကျေးမှုအသိချင်းဖလှယ်တဲ့ ပဒေသာကပွဲကို နိုင်ငံတော်က စီစဉ်ပေးနေတာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဦးတည် ရည်ရွယ်တာပါပဲ လွင်လွင်၊ တိုင်းရင်းသားတိုင်းဟာ ကိုယ့်အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းဖို့အပြင်ဖြန့်ဝေဖို့၊ မြှင့်တင်ဖို့ဆိုတဲ့ တာဝန်တွေလည်း ရှိသေးတယ်လေ"

"ဝမ်းသာပါသတဲ့ရှင်၊တို့တွေကတွေးပြီးပူနေတာ၊ နည်းပြကောင်းတစ်ယောက်၊ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်တဲ့ မိသက်ဟာ အိမ်ထောင်ရေးနဲ့ ကိုယ်ရေးကိုယ်တာကို ဦးစားပေးရင်းနဲ့ တိုင်းပြည်တာဝန်တွေ ယုတ် လျော့တော့မှာပဲလို့"

"မပူပါနဲ့လွ ှင်၊ ကိုယ်ရေးကိုယ်တာတွေထက် တို ပြည်နဲ့ လူမျိုးအရေးကို တာဝန်ကျေနေအုံးမှ ပါ၊ မောင်ကလည်း နားလည်ခွင့်ပြုနေအုံး ာပါ"

အလေးအနက်ပြောသော မြသက်မွန်ကိုကြည့်၍ လွင်လွင်တို့ ကျေကျေနပ်နပ်ပြုံးကြသည်။

"တို့ကယုံပါတယ်။ ခုလည်း မိသက်စည်းရုံးရေးကောင်းလို့ မောင် က မွန်စကားပြောတတ်နေပြီ၊ မိသက်တို့လည်း မင်းကိုသာရဲ့ သီချင်းထဲကလို ချစ်ကြောင်းကို မွန်လိုပြောကြပြီဟုတ်"

လွင်လွင့်စကားကြောင့် ဝိုင်းရယ်ကြတော့သည်။ သူငယ်ချင်းတွေစုမိလျှင် မောင်နှင့်မြသက်မွန်အကြောင်း ပြောဖြစ်သည်ချည်းပင်။ မောင့်ကို အူတို့လည်း ခင်မင်လေးစားနေကြသည်။ မြသက်မွန် ချစ်ကံကောင်းသည်ဟု ဝိုင်းပြောကြတော့ မြသက်မွန်ရှက်ဝဲဝဲနှင့် ကြည်နူးရင်ခုန်ခဲ့ရစမြဲ••။

ꩳꩳꩳ

ပဲခူးမြို့သို့ မောင်နှင့်မြသက်မွန် ဘုရားဖူးရောက်ခဲ့ပြီ။

မောင်၏နားရက်လေးကို မြသက်မွန်တို့ အဓိပ္ပါယ်ရှိရှိ အသုံးချကြခြင်းပင်။ ပဲခူးမှရွှေမော်ဓောဘုရား၊ ရွှေသာလျောင်း၊ မဟာစေတီ၊ ကိုးသိန်းကိုးသောင်းစသော ဘုရားများကိုဖူးမြော်ကြသည်။ ရွှေဟင်္သာကုန်းဘုရားသို့လည်း ရောက်အောင်သွားကြသည်။

"သက်ကရွှေဟင်္သာမင်းယိမ်းက အမြဲကလာတာဆိုတော့ ဟံသာဝတီနိုင်ငံတော်ကြီးရဲ့ရာဇဝင်ကို သိထားသင့်တယ်နော်၊ သက်တို့သီချင်းမှာပါတာက အကျဉ်းချုပ်ပဲ၊ ဝိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိထားဖို့လိုသေးတယ်••"

မောင်က မြသက်မွန်ကို သတိပေးစကားပြောသည်။ မြသက်မွန် မောင့်စေတနာကို နားလည်စွာ ခေါင်းငြိမ့်ပြဖြစ်သည်။

" သက် သိထားပါတယ်မောင်ရဲ့၊ အနည်းအကျဉ်းပေါ့၊ ထပ်ပြီး လေ့လာရအုံးမှာပါ၊ သတိပေးတဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ်နော်"

"သက် သိထားသလောက် ပြောပါအုံး၊ မောင်နားထောင်ချင်လို့"

"ဟော•• မောင်ကတော့ သက်ကို ပညာစမ်းပြန်ပြီ၊ မပြောချင်ပါဘူး၊ မောင်လည်း သိထားရဲ့နဲ့"

"ပြောပါသက်ရာ၊ သက်ရဲ့ အသံဝဲဝဲလေးကိုမောင်စွဲမက်ခဲ့ရတာပါ။ အတူတူရှိနေတဲ့အချိန်လေးမှာ သက်ရဲ့ စကားသံလေးကို ကြားချင်လို့ပါ၊ ပြောနော်••"

မောင်က မြသက်မွန်၏ လက်ဖဝါးလေးကို ဆွဲကိုင်၍ ပြောသည်။

"ဒီလိုလေမောင်ရဲ့•••မြတ်စွာဘုရားသခင် ပွင့်တော်မူပြီးစ အချိန်တုံးကပေါ့၊



ဟသ်ာဖိုနဲ့ ဟသ်ာမ ငှက်မောင်နှံတို့ဟာ တောင်ပံဖြန့်ပြီးပျံဝဲလာကြတယ်တဲ့၊ အဲဒီတုန်းက ဒီနေရာတွေဟာ ရေပြင်ကျယ်ကြီးပေါ့မောင်ရယ်‥ ကမ်းမမြင် လမ်းမမြင် ဒီနေရာရောက်တော့ အတောင်ညောင်းတာနဲ့ နားစရာနေရာရှာကြတယ်။ ဒီနေရာမှာ လက်ဝါးတစ်အုပ်စာလောက်သာရှိတဲ့ သဲနုံကို တွေ့ကြတယ်တဲ့၊ နှစ်ကောင် မနားလောက်လို့ ဟသ်ာဖိုရဲ့ ကျောပေါ်မှာ ဟသ်ာမက နားရသတဲ့ မောင်‥၊ဘယ်လောက်များ ချစ်ကြင်နာလိုက်ကြသလဲလို့နော်‥"

"ဟုတ်တယ် သက်ရဲ့‥ ဒါကြောင့်မို့ မွန်အမျိုးသားတွေဟာ သူတို့ရဲ့ချစ်သူတွေ၊ အိမ်ရှင်မတွေကို အချစ်ပိုကြတယ်ဆိုတာ ပြောစမှတ်ရှိတယ်လေ"

မောင်ကပြုံး၍ စသည်။ လိပ်မျိုးဟုမောင့်ကိုပြော၍ ရယ်မိကြသည်။

"အဲဒါနဲ့မပြီးသေးဘူးလေ၊ ဇာတ်ကမဆုံးသေးဘူး မောင်ရဲ့၊ မွန်လူမျိုးရယ်၊ မြန်မာလူမျိုးရယ်၊ ကုလားလူမျိုးရယ်က သူတို့ သဘော်တွေနဲ့ ငြိစဉ်တုန်းမှာ သံကောက်ကိုးစင်း၊ ပဲနောက်ကိုးတင်းနဲ့ လင်ဗန်းကိုးချပ်ချပြီး အမှတ်အသားလုပ်ထားတယ်တဲ့။နောင်အခါမြေနေရာလုကြတော့ သိကြားမင်းက ပုဏ္ဏားဟန်ဆောင်ပြီး၊ မြေကိုတူးဖော်စေခဲ့တယ်လေ၊ ဗုဒ္ဓဘုရားရဲ့သာသနာတော်ဟာ မွန်လူမျိုးတွေကြောင့် ထွန်းကားပြီး ပြန့်ပွားတိုးတက်မယ်ဆိုတာသိလို့ သိကြားမင်းက မွန်တို့မြှုပ်နှံထားခဲ့ဘူးတဲ့ သံကောက်ကိုးစင်းကို နောက်ဆုံးမှ တူးဖော်ရရှိဖို့ ဖန်တီးလိုက်တယ်တဲ့၊ဒီမြေကိုလည်းမွန်လူမျိုးတို့ကို ပိုင်ဆိုင်စေခဲ့တယ် မောင်ရဲ့‥၊ ဒါဟာဟံသာဝတီမွန်နိုင်ငံတော်ရဲ့ ရာဇဝင်တစ်ပိုင်းတစ်စပဲပေါ့‥"



စိတ်ပါလက်ပါနှင့် အေးအေးညင်သာပြောနေဟန်ကိုမောင်က မြတ်နိုးစွာကြည့်နေသည်။ မွန်မလေးတစ်ယောက် အနေနှင့် သည်လောက်သိထားတာကို ချီးမွမ်းပါသည်ဟု မောင်ပြောသည်။

"ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲမှာဆိုရင် သက်တို့ မွန်ပြည်နယ်က ရွှေဟသ်ာမင်းယိမ်းနဲ့ မွန်တို့အားမာန်ဆိုတာကို ကပြတင်ဆက်လေ့ရှိတယ်။ မွန်ပြည်နယ်ရဲ့ အမှတ်အသားဟာ ဟသ်ာတံဆိပ်ပဲမောင်။ မွန်အမျိုးသားနေ့ကျင်းပတဲ့အခါဆိုရင်လည်း နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့ မွန်သူ့ရဲကောင်းသမိန်ဗရမ်းကဇာတ်၊ သီလပညာသစ္စာနဲ့ ပြည့်စုံတဲ့သီလဒေဝီ မိတလယော်ကဇာတ်တွေကို သရုပ်ဖော် ကပြလေ့ရှိကြတယ်။ တိုင်းရင်းသားအချင်းချင်းရဲ့ ရိုးရာဓလေ့တွေကို သိနားလည်နိုင်ဖို့ပေါ့‥"

"မောင် လေးစားပါတယ် သက်ရယ်၊ ပြည်နယ်ကပေးတဲ့တာဝန်ကို ကျေပွန်တာဟာနိုင်ငံနဲ့လူမျိုးရဲ့တာဝန်ကို ကျေပွန်တာပါဘဲကွယ်၊တစ်ဦးရဲ့ယဉ်ကျေးမှုကိုတစ်ဦးက သိနားလည်တော့ တိုင်းရင်းသားအချင်းချင်းသွေးစည်းကြမယ်၊ပြည်ထောင်စုကြီးလည်း မပြိုကွဲဘဲနိုင်မာတည်တံ့နေမယ်လေ၊ ဒါဟာ ကောင်းမွန်မြင့်မြတ်တဲ့ တာဝန်ကို ထမ်းဆောင်တာပါဘဲ သက်ရယ်"

"မောင်ကသက်ကို ကခွင့်ပေးပါအုံးမလားလို့ လွင်လွင်တို့က စိတ်ပူကြသတဲ့လေ‥"

မြသက်မွန်စကားကြောင့် မောင်မျက်လုံးဝိုင်းသွားသည်။ အထင်သေးတာတော့မဟုတ်ပါဘူး၊အိမ်ရှင်မတစ်ယောက်အတွက် တွေးပူကြတာပါဟု ဖြေသိမ့်စကားပြောရသည်။

"မောင်နားလည်ပါတယ် သက်ရဲ့၊ မောင်တို့လို သေနတ်ကိုင်ပြီး တိုင်းပြည်ရန်ကို ကာကွယ်နေတဲ့လူရော အမျိုးဘာသာ သာသနာကို ထိန်းသိမ်းဖြန့်ဝေမြှင့်တင်နေတဲ့ သက်လို အနုပညာသမားတွေရော တိုင်းပြည်နဲ့လူမျိုးကို ချစ်တယ်ဆိုတဲ့ ရည်ရွယ်ချက်ခြင်းတူကြပါတယ်။ မောင့်အတွက် သက်က ဂုဏ်ယူနိုင်သလို၊ ကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးကို မကြည့်ဘဲ အပင်ပန်းခံတဲ့ သက်အတွက်လည်း မောင်က လေးစားဂုဏ်ယူပါတယ်။ အမြဲတမ်း နားလည်ခွင့်ပြုနေမှာပါပဲ သက်ရယ်"

မောင်၏ တည်ငြိမ် လေးနက်သောစကားကြောင့် မြသက်မွန် နှစ်ခြိုက်စွာပြုံးလိုက်သည်။ မောင်နှင့်မြသက်မွန်တို့က ကောင်းမွန်မြင့်မြတ်သော အတွေးအခေါ်

# ဟသ်ာဖိုမ မောင်နှံ တောင်ပံယှက်၍ ပျော်မြူးကြွဟန်က ပီပြင်လှပနေသည် မြသက်မွန်ကတော့ . . .

အယူအဆချင်းအစဉ်သဖြင့်တူညီကြသည် မဟုတ်ပါလား・・။

ꩰꩰꩰ

မောင်နှင့်ခွဲခွာနေရတာ ကြာပါပြီ။

ရှေ့တန်းစစ်မြေသို့မသွားမီကပင် မြသက်မွန်ကို မှာခဲ့သည်။ မောင်လက်ထပ်ခွင့် တင်ထားပြီးပြီ၊ ရှေ့တန်းမှ ပြန်ရောက်လျှင် မင်္ဂလာဆည်ခံပွဲ ကျင်းပမည်။ ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲအတွက် တာဝန်ကျေပြီး မြသက်မွန့် ပြန်ရောက်လာမည့်ရက်ဖြစ်ရမည်・・・・ စသည်ဖြင့် အစီအစဉ်များကို နှစ်ဦးသား စိတ်ကူးရေးဆွဲခဲ့ကြသည်။ မြသက်မွန်လည်း အမျိုးသားကဇာတ်ရုံကြီးပေါ်တွင် ရောက်နေရပြီ။ ပြည်ထောင်စုနေ့ညဖြစ်၍ မီးသီးရောင်စုံတို့ လင်းလက်နေသည်။ အခြားသော တိုင်းရင်းသားတို့၏ရိုးရာအကများလည်း အလှည့်ကျဖျော်ဖြေနေ၏။ မွန်ပြည်နယ်ကိုယ်စားပြုမွန်လူမျိုးတို့၏ရွှေဟသ်ာမင်းယိမ်းအစီအစဉ်သို့ရောက်ပြီ။ ဖီးထိမ်းပြင်ဆင်ပြီးနေသော မြသက်မွန်လည်း ရောင်စုံ မျက်နှာလေးကို မှန်တွင်ငုံ့ကြည့်ပြီး ဇာတ်ခုံအလယ်တွင် နေရာယူလိုက်သည်။ ဟသ်ာဖိုနှင့်ဟသ်ာမ ယှဉ်တွဲလျက် ထိုင်နေပြီ။

ပြည်ဖုံးကားကြီး တရွေ့ရွေ့တက်လာသည်နှင့်အတူ ပရိသတ်၏ အားပေးလက်ခုပ်သံကို ကြားရသည်။ တေးဆိုသူ၏ငြိမ့်ငြောင်းသိမ်မွေ့သည့် မွန်တေးသံတို့ လွင့်ပျံ့လာသည်။ ဟသ်ာဖိုနှင့် ဟသ်ာမ တောင်ပံဖြန့်၍ ပျံသန်းဟန်၊ ယှဉ်တွဲမြူးပျော်ဟန်၊ တောင်ပံတဖျပ်ဖျပ်ခတ်၍စုံတွဲကပဟန်၊ ကြင်နာစွာ အစာခွံ့ဟန်・・ စသည်ဖြင့် ညင်သာငြိမ့်ညောင်းစွာ ကပြရသည်။

မောင်နှင့်လည်း ရွှေလက်တွဲ၍ ချစ်ပွဲဝင်ရတော့မည်မို့ မြသက်မွန်အက ကပို၍ ဟန်ပါမြူးကြွနေသည်။ ဟသ်ာဖိုဟသ်ာမယှဉ်တွဲထိုင်၍လှပပြုံးရွှင်စွာအကကို အဆုံးသတ်သည်။ လက်ခုပ်သံတို့ စီစီညံသွားသည်။ ပြည်ဖုံးကားကြီး ချလိုက်ပါတော့သည်။

အခြားသော တိုင်းရင်းသူလေးများကလည်း မြသက်မွန်ကို ချီးမွမ်းကြ၏။ ယနေ့ညကတော ပို၍ သက်ဝင်မြူးကြွနေသည်ဟုပြောကြသည်။မြသက်မွန်တကယ်ပင် ကြည်နူးပျော်ရွှင်နေ၏။ မောင်သာအနားမှာရှိလျှင် ဂုဏ်ပြုစကား ဆိုအုံးမှာ အမှန်ပင်။

အတွေးတွင် မောင့်ကို မြင်ယောင်၍ ပြုံးမိသေးသည်။

သို့သော်・・မြသက်မွန်၏ချစ်ရလွန်းသူ မောင်သည် တိုင်းပြည် တာဝန်ထမ်းဆောင်ရင်း ဆုံးသွားခဲ့ပြီ။ ထိုသတင်းကို ပြည်ထောင်စုနေ့ကျင်းပနေစဉ် မြသက်မွန် မသိခဲ့ရပါ・・။

ꩰꩰꩰ

ရာသီစက်ဝန်းတစ်ပတ်လည်ပြန်ပြီ။

မြူနှင်းတို့ သိပ်သိပ်သည်းသည်းကျနေသော ဆောင်းကာလသို့ ရောက်လေပြီ။မြသက်မွန်၏နှလုံးသားတွင် မောင့်ကိုလွမ်းတစိတ်တို့ ခိုင်တည်နေဆဲ။ သည်ဆောင်းက ကြည်နူးခဲ့သော ဆောင်း・・ရည်စူးခဲ့သော ဆောင်းပါ။

ဒါပေမယ့်・・・ ခွဲခွာရသောဆောင်း၊ အသည်းနာရသောဆောင်းလည်းဖြစ်ခဲ့ပြီ။

မြသက်မွန်၏ နှလုံးသားတို့ ထိရှနာကျင်နေသော်လည်း ပြောခဲ့ဘူးသော မောင့်စကားတစ်ခွန်းကြောင့် ယဉ်ကျေးမှုကဇာတ်ခုံပေါ်သို့ မြသက်မွန် ရောက်ခဲ့ပြန်သည်လေ။

"ကိုယ်ရေးကိုယ်တာကိစ္စထက် နိုင်ငံရေး၊ အမျိုးသားရေးကို ဦးစားပေးပါ။ မောင်ထာဝရဂုဏ်ယူနေပါရစေ・・"တဲ့။

မောင့်စကားလေးများကို မြသက်မွန် အစဉ်သတိရနေဆဲပါ။ ရောင်စုံမီးများက ဟသ်ာဖို–မ မောင်နှံပေါ်သို့ လင်းလက်ဖြာကျနေပြီ။ ဖိုမမောင်နှံ တောင်ပံယှက်၍ ပျော်မြူးကြွဟန်က ပီပြင်လှပနေသည်။ မြသက်မွန်ကတော့ အမှတ်တရဒဏ်ရာလေးဖြင့် နာကျင်နေသော နှလုံးသားကိုဖုံးကွယ်ထားရ၏။ နှုတ်ခမ်းလေးက ပြုံးဟန်ပြနေသော်လည်း မျက်ဝန်းထဲဟွင် ကြေကွဲမျက်ရည်တို့ ပူနွေးစွတ်စိုနေသည်။

ပြည်ထောင်စု အလံတော်ကို ဝန်းရံထားသောတိုင်းရင်းသားအလံများကို မျှော်ကြည့်မိသည်။ ရွှေဟသ်ာပုံပါသည့် မွန်ပြည်နယ်အလံကို ကြည့်၍ မြသက်မွန် သစ္စာဆိုလိုက်သည်။

"နှလုံးသွေးမရပ်မချင်း ပြည်ထောင်စုအရေးနှင့် လူမျိုးရေးအတွက် အနုပညာဖြင့် တာဝန်ကျေနေပါဦးမည်" ဟု ・・

မြသက်မွန်၏နှလုံးသားသစ္စာစကားကို ရွှေဟသ်ာမှ တစ်ဆင့် မောင်လည်း ကြားသိနိုင်ပါစေ・・・・။

*မိုးပန်းမွှန်(ရာမည)*



## ဂုဏ်ယူဝင့်ကြွားလျက်ပါ

*အလင်းရောင်(ဟံသာမြေ)*

☆ နက္ခတ်စုံလင်၊ ရပ်ရှစ်ခွင်ဖြင့်
နမိတ်အဖုံဖုံ၊ တွေ့ကြုံပြီးသော်
မုတ္တမဒေသ၊ နတ်ကြမ်းဘ၀မှ
ဟံသာဝတီ၊ မွန်ဌာနီသို့
ဆင်းသက်လာသော အရှင်ရာဇာဓိရာဇ် • •

☆ ရပ်ရည်ကြမ်းတမ်း၊ ခက်ထန်လှ၍
မွေးသဖခင် ရှင်ဗညားဦးရဲ့
စိတ်ထားကွက်ကွင်း ငြိုငြင်မှုကြောင့်
လူလားမမြောက်၊ ငယ်ရည်မပျောက်မီ
မျက်နှာတော်မကြည်ခဲ့ရသည်
ဤသို့အဖန်ဖန်၊ တွေ့ပြန်ငြားလည်း
စိတ်ထားဖြူစင် ရည်မွန်စွာဖြင့်
မတော်စိတ်ထား ပယ်ကာထားပြီး
ဖခမည်းတော်အပေါ်
ဝတ္တရားကျေပွန်ခဲ့သော အရှင်ရာဇာဓိရာဇ် • •

☆ နတ်ရွာစံသွား၊ ဖခမည်းတော်အား
ဆက်ခံရန်အသွား၊ ပုန်ကန်ခြားနား
ယောက်ဖတော်၊ သမိန်ဖရူးအား
အပြီးသတ်အောင်မြင်တဲ့သူ့အရှင်
လက်ရုံးရည် နှလုံးရည်အစုံဖြင့်
လက်ယာဗြစ္ဆ၊ လက်ဝဲအမတ်ဒိန်
လဂွန်းအိမ်တို့နှင့်အတူ
ရာမညတိုင်း မွန်တိုင်းသုံးရပ်စည်းရုံးနိုင်ခဲ့သောအရှင် • •

☆ ပြည်တွင်းအားမာန်၊ ပြည့်အားမာန်ဖြင့်
လိုရာသို့ချီ၊ ဘာမထီတဲ့လား
ရန်ကိုဖယ်ရှား၊ စိတ်မြန်ထွားလည်း
ရွှယ်တော်ရင့်ရော် မင်းနှစ်ဖော်၏
သာသနာတော်ပျော်မွေ့မှုကြောင့်
ငြိမ်းချမ်းရေးနှင့်ပြည်တော်ပြန်ခဲ့သောအရှင် • •

☆ သင့်ရဲ့ကောင်းမှု
ခွဲသတ္တိအားကိုဖြင့်
မွန်တစ်မျိုးသားလုံးက
"ဂုဏ်ယူဝင့်ကြွားလျက်ပါအရှင်" • •



၄၈–ကြိမ်မြောက် မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ (ရန်ကုန်)

•••••••••••••••••••••••

ဥက္ကဋ္ဌ–နိုင်ငွေရ၊ ဒု–ဥက္ကဋ္ဌ (၁)–နိုင်လှကျော်၊ ဒု–ဥက္ကဋ္ဌ (၂)–နိုင်တင်ထွန်း၊
အတွင်းရေးမှူး–မင်းဗညားစန်း၊ တွဲဖက်အတွင်းရေးမှူး–မင်းအောင်ကျော်ဦး၊ ဘဏ္ဍာရေးမှူး–နိုင်အောင်မြင့်၊
တွဲဖက်ဘဏ္ဍာရေးမှူး–နိုင်ငွေစိုး၊ ပြန်ကြားရေးမှူး–နိုင်စိုးကြည်၊ တွဲဖက်ပြန်ကြားရေးမှူး–မိပြုံးပြုံးအေး၊
စာရင်းစစ်–နိုင်မောင်ညွန့်၊ အဖွဲ့ဝင်–နိုင်ညွန့်ဖေ၊ အဖွဲ့ဝင်–မင်းထိန်ဝင်း၊ အဖွဲ့ဝင်–နိုင်စိန်တီ၊
အဖွဲ့ဝင်–မင်းဝင်းလှိုင်၊ အဖွဲ့ဝင်–နိုင်မွန်ကြိုင်။

---

■ အဒ်ကာ့ . တဲ့ကောန်ဂကူမန် <၄၈.ဝိ> ချင်လှူင် . ပ္ဍဲ၊ ကျောန်မန္တြအာပ္ဍဲရုဲင်ဂျဳတ် `ပဍုမ္ဂာ' ဂွေဝ်။
■ ဒ္ဂက်ဂွံကလေင်စ်စိုပ် ချူင်မိတိမ ဒုဒိုင် ဒ္ဂိုင်ဗိုပ်ထဝ် လဟိုင်ဗ္ၜေဒယေဝ်ဟာဂွေင်။

မဂ္ဂဇြေန်

# လှိုင်ဟုံသာ

■ လိပ်ပတ်မန်ပို သ္ဂက်ဂွံဖေါအ်ဗြေပ်တိုန်ကိ . . .

■ ဂွံဒုင်စၠောံသာ 'ရသ' 'သုတ' ----- တံကိ . . . .

ရန်တုံ့တဲ . . .

တမ်လိဝ် ဂမ္ဘိုင် ချူပလုံင် ဗ္ဂိုပ်နင်အိုတ်ညိဂှ် .

ပွမရှ်ေသ္ဂါရဂ်ံ အာတ်ပိုင်ဂကာရအ် ။

■ မဂ္ဂဇြေန် လှိုဟ်ုံသာ

၁၈၅-ဂိုင်ကျာ်လ္ဂုင်၊ ဍုင်လ္ဂုင် ။

## စာမူဖိတ်ခေါ်ခြင်း

လှိုင်ဟုံသာမဂ္ဂဇင်း၊ အဆက်မပြတ် ထုတ်ဝေနိုင်ရန်အတွက် ဝတ္ထု၊ဆောင်းပါး၊ ကဗျာ၊ စာညွှန့်၊ ပုံပြင် စာမူများကို မွန်ဘာသာဖြင့်သော်လည်းကောင်း၊ မြန်မာဘာသာဖြင့်သော်လည်းကောင်း အချိန်အခါမရွေး ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လှိုင်ဟုံသာ မဂ္ဂဇင်း
မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)
၁၈၅၊ မွန်ပိဋကတ်တိုက်၊ ရွှေတိဂုံဘုရားလမ်း၊
ရန်ကုန်မြို့။

■ စာမူရှင်၏ နေရပ်လိပ်စာအပြည့်အစုံ ရေးသားပေးပါရန် ။

# တွဲကောန်ဂကူမန်-၄၈-ဝါ

၁၃၅၆ သ္ကာ့၊ ဂိတုမာ် မွဲစွေက်



## ၄၈ ကြိမ်မြောက်၊ မွန်အမျိုးသားနေ့

၁၃၅၆ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၁) ရက်

15.2.95

48th ANNIVERSARY MON NATIONAL DAY

• ၄၈.ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ ဆိုမှာကြားချက်အရ ဒေါ်ခင်မျိုးသန်း(ထုတ်ဝေ-ချုပ်)၊ (မြဲ-၃၅၆၃)၊ ဗဟန်း၊ ၃ လမ်း မှ
• ခွင့်ပြုချက်အမှတ် <၄၀၈> ဖြင့် ထုတ်ဝေသည် ။ ပုံနှိပ်သူ - အောင်ပုံနှိပ်တိုက် ၊ ၃၅ လမ်း၊ ရန်ကုန်မြို့ ။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ။




ဒုၚ်တ္ၚ်ကာ
" ဒ္ဂၚ်ဂတဝ်ထဝ် "



■ ညးကိုဲ . .

ကာမ္ၚဂၠိုင်ပိက်ပတ်မေၚ်ဖျာင်မန်

< ချဲဗ္ၜုင် >

ပတိုန်ဗၠေၚ်ဂကူဟ်ဂၠဲ ကောန် ။





**ဆေး** စွမ်းသည်မှာ **အေး**

**မေတ္တာဖက်၍ ဆေးထက်သည်မှာ**

# အေးရိပ်သာ

## ယခင် အေးဆေးတိုက်

➡ အမှတ်–၃၄၀၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
✆ ၊ ၇၇၂၄၂

**အေး** စွမ်းသည်မှာ **ဆေး**

ယဲမှူး ဗိုသွာ "ဇ" ညီ

သင့် ကျန်းမာရေး
အတွက်
ဆေးခန်း ၂၄–နာရီ
ဖွင့်ထားသည်။

# နိုင်မောင်စိန်

## ရွှေနှင့် ရွှေပန်းထိမ်လုပ်ငန်း

* ကျွန်တော်–ကျွန်မတို့ဆိုင်မှ ဝယ်ယူသူများလိုအပ်သော
ရတနာအထည်များကို အရည်အသွေးပြည့်
စံချိန်မီ ရွှေရည်ဖြင့် ကောင်းမွန်သေသပ်လှပစွာ
စိတ်တိုင်းကျ ပြုလုပ်ရောင်းချပေးနေပါသည်။
အလေးချိန်နှင့် ရွှေရည်မှန်ကန်ကြောင်း
အာမခံပါသည်။

အမှတ်–၈၈၊ အောက်လမ်းမကြီး၊ ဈေးကြီးရှေ့၊ မော်လမြိုင်မြို့။
✆ –၂၁၈၄၃

## ကန္တာရ ပင်လယ် လမင်းဒေါ်သံ

### လေးဖြူ

LIVE SHOW သီချင်းများ

**ရတနာမြိုင် တေးသံသွင်း**

အမှတ် (၁၈၄) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုံး – ၈၇၃၄၅

**ရတနာမြိုင် တေးသံသွင်း**

အမှတ်(၃၂၉) အောက်လမ်းမကြီး စစ်ကဲကုန်းရပ် မော်လမြိုင် ဖုံး၂၁၄၃၇
တေးချစ်သူများအတွက် နောက်ဆုံးပေါ် HIGH SPEED ခေတ်မီအသံ ကူးစက်
များဖြင့် စီးရီးခွေများကို ဖြန့်ချိပေးနေပြီ။

(ကဝးဒွက်မန်ဂမ္ဘိုင်ဇွဲမာန်ရ) မွန်သီချင်း စီးရီးခွေများလည်း ရနိုင်ပါသည်။

## ကောန်ဂကူမန်တံညးဂမှိုင်

ဆောင်စပ်ကို ကိစ္စတက်လိက်မန် / ဗ္ဂာမ္ဂးအဟိုင်ဆန္ဒပိုက်စိုတ်ဂှ်နူကို......

# လျးသိုင်ဂိတု

ၜာအ်ကေတ်ဒုံင်တာလျိုင်ဍိုက်က်ပေင်င်ရ။

ဌါန်ဒုံင် ☞ လျးသိုင်ဂိတု (လရောင်ခြည်)

မွန် / မြန်မာစာပုံနှိပ်တိုက်

၈ –ဗဟိုလမ်းကြား၊ သဘော်ဝလဲရပ်၊ မော်လမြိုင်။

* ယဝ်နွံပိုက်သ္ပံရာန် ကပေါတ်ကယိုင်ထဝ်ရတ်မ္ဂး နူကိုဆောင်ပိုဏံင္ဂုဟ်ဍာံ။
ဗ္ဂတ်ဍာဂ်ဗွဲတေင် ကေတ်တာလျိုင်တဲ သ္ပံ– ရာန်ကိုရောင်၊ မိတ်သဟာဲ
တအ်အတိုင်ပိုက်ဆန္ဒဗွဲ မဍိုက်ပေင်ဂှ် သ္ပံ– ရာန်မာန်အိုတ်ရအ်။

ဦးမောင်မောင်ဟန် + ဒေါ်မိမိစိန်

# ရွှေဝတ်မှုံရတနာဆိုင်

* ကျွန်တော်–ကျွန်မတို့၏ဆိုင်မှ ရွှေ၊ ငွေ၊ ရတနာ . . . . အထည်များကို
အထူးစံချိန်မှန်၊ ဈေးနှုန်းမှန်ဖြင့် အာမခံ၍ ဝယ်ယူရောင်းချပေးနေပါသည်။
မိတ်ဆွေများ စိတ်ချစွာ ဝယ်ယူရောင်းချနိုင်ကြပါသည်။


MONTEREY
MONTERY နှင့် နိုင်ငံခြားစီးကရက်မျိုးစုံ
လက်လီ–လက်ကား
ဈေးနှုန်း အမှန်ဖြင့်
ဖွင့်လှစ်ရောင်းချနေပါပြီ။
萬利
MONTEREY
ZWE MON
ဆိုင်အမှတ် ၂၇၊ သိမ်ကြီးဈေး–(ဗီ)ရုံ
မြန်မာကုန်တိုက်–အဆောင်(၄)
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်။